

ပဲခူးမြို့
ဟံသာဝတီကမ္မဋ္ဌာန်းတိုက်
အရှင်ဥဇ္ဈယမှ စီစဉ်သော

# ဓနွာပူရပြဿာဒ်

၉၄၃၈

ပဲခူးမြို့

ဟံသာဝတီကမ္ဗဋ္ဌာန်းတိုက်

အရှင်ဥေယျဓမ္မစီစဉ်သော

# ခဏ္ဍာပုရပြဇာတ်

THE THUDHAMAWADI PRESS

သုဓမ္မဝတီစာပုံနှိပ်တိုက်
တိုက်နံပါတ် ၅၃၊ စစ်ကဲမောင်ခိုင်လမ်း၊ ရန်ကုန်မြို့။
၁၃၃၀-ခု၊

ဦးတင်ထူးက ပုံနှိပ်ထုတ်ဝေသည်။

ပုံနှိပ်တိုက်မှတ်ပုံတင် ၀၀၁၅၊ ထုတ်ဝေသူ ၀၂၂၀။

ဘာသာရေးဆိုင်ရာ စာပေ ခွင့်ပြုချက် အမှတ် (၂၁၄၉)

၁၉၆၉–ခု။ မတ်လ။ [redacted] အုပ်ရေ–၂၀၀၀။

## ဤခန္ဓာပုရ ပြဇာတ်တွင် ပါဝင်အသုံးတော်ခံမည့် ဇာတ်ကောင်များ

၁ ကာယမန မင်းကြီး

၂ ကာမဂုဏ် ဒေဝီမိဖုယား

၃ သားတော် အိမ်ရှေ့စံ ရာဂ

၄ ပညာဗလ အမတ်

၅ သမ္ပဇည အမတ်

၆ သုစရိုက် အမတ်

၇ ဒုစရိုက် အမတ်

၈ ကြမ္မာ ပုဏ္ဏား

၉ မရဏာသန္န မင်းကြီး

၁၀ ဗျာဓိ အမတ်

၁၁ ဇရာ အမတ်

၁၂ ဆနဝုတိ ဗိုလ်

၁၃ ကံ ကြမ္မာ ဗိုလ်

၁၄ ဩသဓ ဗိုလ်

၁၅ ဗေဒတ္တယ ဗိုလ်

၁၆ သုဂတိ ရှာစား

၁၇ ဒုဂ္ဂတိ ရှာစား

၁၈ ကမ္မရာဇာ တရားသူကြီး။

# ခန္တာပူရပြဇာတ် နိဒါန်း

ရှေးက ရေးသားထားသော ခန္တာပူရဝတ္ထု စာအုပ်ငယ်ကလေးကို ကြည့်ရှုရာ ရေးပုံ ရေးနည်း စကားအသုံးအနှုန်းများသည် ရှေးအတော်ကျသော စာပေဟောင်းတခု အနေဖြင့် တွေ့ရပေသည်၊ ရေးသူကား မည်သူမည်ဝါဟု မပါတော့ချေ၊ နှစ်ပရိစ္ဆေဒ ကြာညောင်း၍ ပျောက်ကွယ်သွားဟန်တူသည်၊ ဝတ္ထုဖြစ်သည့်အားလျော်စွာ စကားပြေရိုးရိုးနှင့် ဇာတ်ကွက်ဆင်ပုံ ဇာတ်အိမ်ဖွဲ့ပုံ ဇာတ်ကောင်သွင်းပုံများသည် အကွက်စေ့လှပေ၏၊ မမွှံဝေဂလည်း ရစရာကောင်းလှ၏။

ထိုခန္တာပူရဝတ္ထုကလေးကို တန်ဆာဆင်၍ ကသာခရိုင် ကောလင်းမြို့နယ် ဖက်ခါးကုန်းရွာလျှင် ဖွားရာဇာတိရှိသော စာဆိုတော်ကြီး ဦးဖူးခေါင်က ခန္တာပူရကွက်စိပ်ဟု အမည်တပ်ကာရေးသားလေသည်၊ ဤခန္တာပူရ ကွက်စိပ်ကို ကြည့်ရှုလျှင် ကဗျာ့စာပေအရသာ လေးနက်သည့်အပြင် ရှင်းကနဲ လင်းကနဲ ကွင်းကနဲ ကွက်ကနဲနှင့် ကဗျာ့ဂုဏ်ကို ဆောင်လျက် နေပေ၏၊ ဤခန္တာပူရကွက်စိပ်ကို ဖတ်ရင်းဖတ်ရင်းက စာရေးသူသည် ငယ်ဟောင်းကို ပြန်ပြောင်း၍ သတိရမိလေသည်။

စာရေးသူ ပုဆိုးမမြဲ နှပ်တွဲလဲအခါက တောလက်ကျေးရွာအလျောက် အသုဘရှိလျှင် ကွက်စိပ်ဆရာကို ငှါးရလေ

သည်၊ ခုခေတ် တောလက်ကျေးရွာ များမှာ သာကိစ္စ နာကိစ္စ ရှိလျှင် အသံချဲ့စက်ပါသလို ရှေးကလည်း ကွက်စိပ်ပါရလေ သည်၊ (ကွက်စိပ်မပါ မသာမဖြစ်) ဟု ဆိုရိုးပင်ရှိခဲ့လေ၏၊ ထို ခေတ်က ကွက်စိပ်ဟော အတော်ပင် ခေတ်စားခဲ့လေသည်၊ ယနေ့ည ဘယ် အသုဘ အိမ်မှာ ကွက်စိပ် ဟောလိမ့်မည်ဟု အဒေါ်တို့ အရီးတို့ ပါးစပ်မောင်းကြောင့် အိမ်ခြေ နှစ်ရာ ကျော်လောက်ရှိတဲ့ ကျေးရွာကလေးမှာ ကြော်ငြာမကမ်းရ ဘဲ တမုဟုတ်ချင်း ပြန့်နှံ့၍သွားလေ၏။

ထိုသတင်းကို ကြားလိုက်တာနှင့်တပြိုင်နက် ထမင်းပင် ဝအောင် မစားနိုင်ဘဲ ပုဆိုးကွင်းသိုင်းနှင့် အပြေးအလွှားသွား ၍ နားထောင်ခဲ့ရဘူးလေသည်၊ ကွက်စိပ်ဆရာကြီး ပြန်သွား ပြီးနောက် အဒေါ်တို့ အရီးတို့ ဝါဖတ် ဗိုင်းငင်ရာ၌ရင်း,ဘကြီး တို့ လက်ဖက်ရေကြမ်းဝိုင်း၌ရင်း စုရုံးကာ ကွက်စိပ်စကားဖြင့် တဝါးဝါး တဟားဟား စားမြုံ့ပြန်လျက် နေကြလေသည်၊ ကျောင်းကန်ဘုရားဥပုသ်စရပ်၌လည်း ကွက်စိပ်စကားဖြင့်သာ သောနေကြလေသည်။

နောက်ဆုံးဘကြီးကွယ်တို့ ဘကြီးချမ်းတို့ အဘိဓမ္မာဝိုင်း ကိုပင် ကွက်စိပ်က နေရာယူခဲ့လေသည်၊ ထိုခေတ်ထိုအခါက ကွက်စိပ်ခေတ်ဖြစ်၍ စာဆိုတော်ကြီး ဦးဖူးခေါင်ကလည်းကွက်စိပ်ကို အသားပေး၍ ရေးသားဟန်တူသည်၊ ခေတ်သည် တခေတ်မှ တခေတ်သို့ပြောင်း၍ ဝါ-အဟောင်းချုပ်ငြိမ်း၍ အသစ်သို့ တိုး

တက်နေတာကို သင်သတိချပ်မိပေလိမ့်မည်၊ ဝတ္ထုခေတ်မှ ကွက်စိပ်ခေတ်သို့၊ ကွက်စိပ်ခေတ်မှ ပြဇာတ် ကဇာတ်ခေတ်သို့ တရွေ့ရွေ့ ပြောင်းလဲလာလေသည်၊ အဟောင်းချုပ်ငြိမ်းတာကို ပြန်လှန်ပြီး ကြည့်ရှုနေဘို့မလို၊ အသစ်တိုးတက်လာတာကို ဦးစားပေး၍ သုံးသပ် ကိုင်တွယ်ရပေလိမ့်မည်၊ ဤခန္ဓာပူရ ကွက်စိပ်ကို ကြည့်ရင်း ကြည့်ရင်းနှင့် ခေတ်နှင့်လျော်ညီစွာ ခန္ဓာပူရ ပြဇာတ်ကို ရေးသားရန် စဉ်းစားမိပေ၏။

ထိုသို့ စဉ်းစားနေစဉ်ပင် ၁၃၂၇-ခု ပြာသိုလဆန်း ၈-ရက်နေ့ နံနက်၅-နာရီအချိန်တွင် ဒုတိယကမ္မဋ္ဌာနာစရိယ တိုက်အုပ်ဘုန်းကြီး အရှင်ဝိဇယသည် မမြှော်လင့်ဘဲ ပျံလွန်တော်မူသွားရာ ဇာတိပိုင်နက်ကို လွန်ကြူးကြတဲ့ သတ္တဝါမှန်သမျှ သေမင်းခေါ်ရာသို့ တကောက်ကောက် လိုက်နေရပါတကားလို့ ဓမ္မသံဝေဂ ဖြစ်မိလေသည်၊ ထိုဓမ္မသံဝေဂကြောင့် ဤခန္ဓာပူရ ပြဇာတ်ရေးသားရန် ပို၍ပင် စေတနာက လှုံ့ဆော်တိုက်တွန်း "ကွမ်းသီးကြိုက် တောင်ငူပို့" ဆိုတာလို ခန္ဓာပူရပြဇာတ်ကို ရေးသားရန် အလွယ်တကူနှင့်ပင် ဆုံးဖြတ်လိုက်လေသည်။

ဝါသနာ ဘာဂီ ဆက်တိုင်းမှီဆိုတာလို လူသည် အနည်းနှင့် အများ ဝါသနာ ရှိကြလေသည်၊ ကောင်းသည် ဖြစ်စေ မကောင်းဖြစ်စေ မိမိရှိရင်းစွဲ ဝါသနာတော့ ပယ်ဖျောက်ဘို့ လွန်စွာ ခဲယဉ်းပေလိမ့်မည်၊ သုံးလောကထွတ်ထား သဗ္ဗညု မြတ်စွာဘုရားသာလျှင် ကိလေသာနှင့်တကွ ဝါသနာကို ပယ်

တော်မူလေသည်၊ အာသဝေါ ကုန်ခန်းတဲ့ ရဟန္တာအရှင်မြတ်များတောင် ကိလေသာကိုသာ ပယ်တော်မူသည်၊ ဝါသနာကိုတော့ မပယ်နိုင်ပေ၊ ပုထုဇဉ်တို့အားကား ဆိုဘွယ်ရာမရှိပေ။

ဤစာရေးသူသည် စာပေဝါသနာရှင် တဦးဖြစ်သည့်အားလျော်စွာ စာပေကို လေ့လာ၍သော်၎င်း၊ စာပေကိုရေးသား၍သော်၎င်း စာပေနှင့်သာ ဒွန်တွဲလျက်နေလို၏၊ တချို့က ပြောလေ့ပြောထ ရှိကြလေသည်၊ ဒီလူ့နှယ် ဝါသနာက ဆိုးလိုက်တာနော် ဒီဝါသနာ မစွန့်သမျှ ဘယ်တော့မှ မကြီးပွားဘူးဟု ပြောကြလေသည်၊ အသက်ပင်သေပေစေ ရှိရင်းစွဲ ဝါသနာတော့ မစွန့်နိုင်၊ မိမိရဲ့ ရှိရင်းစွဲဝါသနာကို မိမိပြန်မေးသင့်၏၊ ငါ ဝါသနာစွန့် နိုင်ရဲ့လားလို့မေးလျှင် သူ့အလိုလို အဖြေထွက်လာ ပေလိမ့်မည်။ တခါတလေ ကျန်းမာရေးထိခိုက်တဲ့အတွက် ငါ စာမရေးတော့ပါဘူးလို့ ဆုံးဖြတ်ပြီးလျှင် ကလောင်ကို ချောင်ထိုးခဲ့လေပြီ၊ ကျန်းမာရေး ကောင်းလာတဲ့ အခါ ကလောင်ကိုချောင်ထဲကဆွဲထုတ်ပေါင်း များခဲ့လေပြီ၊ စာမရေးရလျှင် အိပ်လို့ပင်မပျော်ခဲ့ လက်နှင့် ကလောင်,ကလောင်နှင့်လက် ရာသက်ပန်မခွဲတမ်း စာချုပ်ထားသလားမသိ၊ ငါတော့ဖြင့် သေခါမှကလောင်နှင့် ခွဲရတော့မှာပါတကားဟု မိမိကိုယ်ကို စဉ်းစားတွေးတောရင်း အောက်ပါ ကဗျာလင်္ကာကလေးလေးပုဒ်ကိုရေးစပ်မိလေ၏။

၁ ကဗျာဝါသနာ ငါဆရာကား၊
လင်္ကာတပုဒ် ကလောင်ဆုတ်၍၊
စာအုပ်ဘေးနား ချခါထားလျက်၊
အိပ်စက်ခါတွေး တမှေးမှေးဖြင့်၊
တရေးအိပ်လို့ ပျော်ခဲ့ပြီ။

၂ တရေးနိုးလာ ညဥ့်အခါဝယ်၊
လင်္ကာတပုဒ် စာတအုပ်တွက်၊
အလုပ်မအား အိပ်ရာနားတွင်၊
ကလောင်တင်၍ အလျှင်တွေးလို့ရေးခဲ့ပြီ။

၃ လူသူကင်းဆိတ် ငှက်သံတိတ်၍၊
ညဥ့်ရိပ်သည့်ခါ ကဗျာစာ၏၊
ဝါသနာအလျောက် ကိုယ်တယောက်တည်း၊
ကိုယ်ချည်းသက်သက် မှေးစက်မအေး၊
ကဗျာတွေးလို့ ရေးခဲ့ပြီ။

၄ ကဗျာလင်္ကာ ဝါသနာကား၊
ဘယ်ခါဘယ်ရွှေ ဘယ်နေ့ဘယ်မှာ၊
ခွဲခွာရမည် စိတ်ကြံစည်သော်၊
သေမင်းအမော် အတင်းခေါ်မှ၊
ကလောင်ချလို့ ရပ်တော့မည်။

ဤခန္ဓာပူရပြဇာတ်သည် ရှေးစာဆိုတော်ကြီးများ ဖြစ်ကြသော ဦးပုည ဦးကြင်ဥတို့ရေးသားထားသော ပြဇာတ်များနှင့်

အနည်းငယ် ကွဲလွဲနေတာကို တွေ့ရပေလိမ့်မည်၊ ယခုရေးသား ထားသောပြဇာတ်သည် ပြဇာတ်ပင်ဖြစ်လင့်ကစား စာကြည့် ပရိသတ်တို့ ဖတ်လို့ကောင်းရန် ရည်ညွှန်း၍ ကဇာတ်ဆန်ဆန် ဝတ္ထုဆန်ဆန် ကြားညှပ်၍ ရေးသားထားပါကြောင်း။

ခန္ဓာပူရဝတ္ထု ခန္ဓာပူရကွက်စိပ် ခန္ဓာပူရပြဇာတ် ရေးသား ပုံများသည် တခုနှင့်တခု ဇာတ်အိမ်ဖွဲ့ပုံ ဇာတ်ကောင်သွင်းပုံ ဇာတ်သွား ဇာတ်လာ ဇာတ်ဟန်များ အနည်းငယ် မူကွဲနေ တာကို တွေ့ရပေလိမ့်မည်၊ ဥပမာ ခန္ဓာပူရဝတ္ထုက ဒေ့ပညာသ စေတသိကကို သားတော်အိမ်ရှေ့စံဟု ရေးသားထားလေသည်၊ ခန္ဓာပူရကွက်စိပ်က သံယောဇဉ်ကို သားတော် အိမ်ရှေ့စံဟု ရေးသားထားလေသည်၊ ဤခန္ဓာပူရပြဇာတ်က ရာဂကို သား တော် အိမ်ရှေ့စံဟု ရေးသားထားလေသည်၊ မိမိတို့ဉာဏ်ရှိသလို ရေးသားထား၍ စာကြည့်ပရိသတ်တို့က အားလုံး အမှန်ချည်း သာ ယူဆကြပါလေ၊ ယခုရေးသားလိုက်သော ခန္ဓာပူရ ပြဇာတ်သည် ရှေးက ရေးသားထားသော ခန္ဓာပူရဝတ္ထုနှင့် ခန္ဓာပူရကွက်စိပ်ကို လိုတိုးပိုလျှော့ ရေးသားထားပါကြောင်း။

ဤခန္ဓာပူရပြဇာတ်ကို စကားပြေရိုးရိုး မရေးသားဘဲနှင့် ခေတ်ဆန်ဆန် ဇာတ်ကွက် ဇာတ်ဟန် ကဗျာလင်္ကာဖြင့် ရေးသားထားခြင်းသည် သင့်လျော်ပါမည်လား အပ်စပ်ပါ မည်လားဟု စာကြည့်ပရိသတ်တို့က စောဒက ဝင်ချင်ဝင်ပေ လိမ့်မည်၊ ရှင်းပါရစေဦး အဖွဲ့အနွဲ့တို့မည်သည် မယ်ဖွဲ့ မောင်ဖွဲ့

ဘုန်းတော်ဖွဲ့ ဂုဏ်ရည်ဖွဲ့ တောဖွဲ့ တောင်ဖွဲ့ အလွမ်းဘွဲ့ဖွဲ့ မြစ်ဖွဲ့ တရားနှင့် စပ်ယှဉ်တဲ့ ဓမ္မသံဝေဂဖွဲ့ စသော အဖွဲ့အနွဲ့ အမျိုးမျိုးရှိရာ ဓမ္မသံဝေဂဖွဲ့ကား ရေးသား ဖွဲ့နွဲ့ကောင်းသော အဖွဲ့အနွဲ့မျိုး ဖြစ်လေသည်၊ ရှေးပညာရှိ အကျော်အမော် ဆရာတော်ကြီးများသည် တရားနှင့် စပ်ယှဉ်တဲ့ ဓမ္မသံဝေဂဖွဲ့ကို ကဗျာ လင်္ကာ ရတု ရကန် အဲ အန်တို့ဖြင့် ပြောင်မြောက်စွာ ရေးသား၍ ထားတော်မူခဲ့လေသည်။

ရှေးပညာရှိ အကျော်အမော် ဆရာတော်ကြီးများသာ မဟုတ်၊ သဗ္ဗေ သနိရာသည် ပါဠိသီချင်း ဖြစ်ကြောင်း ထင်ရှားသည်၊ ဘုရားရှင်လက်ထက်က "ရမ္မံ ဝေဠုဝနံ" ဟူသော ပါဠိ သီချင်း ဂီတကို ရာဇဂြိုဟ်မြို့သား စာရေးဆရာကြီး တဦးက ရေးသား၍ အဆိုတော်များ သီဆိုရာ ဗိမ္ဗိသာရမင်းကြီး၏ မိဖုယားခေါင်ကြီး ခေမာဒေဝီ ရဟန္တာမ ဖြစ်သွားကြောင်း သီဟိုဠ်ကျွန်းက လယ်စောင့် အမျိုးသမီးကလေးတဦးက ဇရာ မရဏနှင့် စပ်သော ပါဠိသီချင်းကို သီဆိုရာ ခရီးသွား ရဟန်း တော်ခြောက်ကျိပ် ရဟန္တာအဖြစ်သို့ ရောက်သွားလေသည်။

ပဒုမ္မာကြာအိုင်၌ ပန်းခူးနေသော အမျိုးသမီးကလေးတဦး သည် ဇရာမရဏနှင့်စပ်သော သီချင်းကို သီဆိုရာ ထိုသီချင်းသံ ကို ကြားရသဖြင့် ရဟန်းတော်တပါး ရဟန္တာ ဖြစ်သွားလေ သည်၊ ဆန်ဖွပ် မောင်းထောင်းနေသော အမျိုးသမီးတယောက် သည် တရားနှင့်စပ်သော သီချင်းကို သီဆိုရာ ထိုသီချင်းသံကို

ကြားရသဖြင့် တောမှ သားခုနစ်ယောက်နှင့် လာသော ယောကျ်ားသည် သားခုနစ်ယောက်နှင့်တကွ ပစ္စေကဗုဒ္ဓါ ဖြစ်သွားကြလေသည်၊ ကိံသု အဓိပတိ ရာဇာ ဟူသော ပါဠိ သီချင်းကို ဧရကပတ္တ နဂါးမင်းကြီးကရေးသား၍ သမီး မယ်နာဂါ သီဆိုမေးမြန်းလေသည်၊ဆဒ္ဒါရာဓိပတိရာဇာဟူသော ပါဠိသီချင်း အဖြေကို ဘုရားရှင်ကိုယ်တော်မြတ်က ဥတ္တရ လုလင်အား သင်ပေးတော်မူလေသည်၊ ဘုရားရှင်ကိုယ်တော် မြတ်သည် တာဝတိံသာနတ်ပြည်မှ သင်္ကာသနဂိုပြည်သို့ ဆင်း တော်မူတဲ့အခါ နတ်ပြဟ္မာအပေါင်းတို့ သောင်းသောင်းဖြဖြ သီဆိုတဲ့အသံကို ခံယူတော်မူလေသည်။

ဤသို့ များပြားလှသော သက်သေသာဓကတို့ကို ထောက် ဆ၍ ဓမ္မသံဝေဂဖွဲ့နှင့်စပ်သော သီချင်းဂီတများ ရေးသား ဖွဲ့နွဲ့သင့်ကြောင်း စာကြည့်ပရိသတ် အပေါင်းတို့ မိစ္ဆာဉာဏ် ကင်း၍ ယုံမှားသံသယလင်းပြီး ဝိစိကိစ္ဆာရှင်းစေရန် ဤခန္ဓာ ပူရပြဇာတ်ကို အပျင်းလဲပြေ ဓမ္မသံဝေလဲ ရကြပါစေဟု မေတ္တာရှေ့ရှု ကရုဏာပြုလျက် သတိပေးစကား နိဒါန်းသွား ဖြင့် ရေးသားလိုက်ပါကြောင်း။

**အရှင်ဥေယျာဓမ္မ**
ဟံသာဝတီ ကမ္မဋ္ဌာန်းတိုက်၊
ဝဲခူးမြို့။
၁၃၂၉-ခု၊ ဝါခေါင်လ။

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| ၁ | ပဏာမ | .... | .... | ၁ |
| | **အခဏ်း ( ၁ )** | | | |
| ၂ | ညီလာခံ ဖွင့်စေ | .... | .... | ၃ |
| ၃ | ကာဃမနမင်းကြီး ထွက်စေ | .... | .... | ၃ |
| | **အခဏ်း ( ၂ )** | | | |
| ၄ | ညီလာခံ ပြန်ဝင်စေ | .... | .... | ၉ |
| ၅ | ကာမဂုဏ်ဒေဝီ ထွက်စေ | .... | .... | ၂၂ |
| | **အခဏ်း ( ၃ )** | | | |
| ၆ | အမတ်ကြီးများ ညီလာခံပြန်ဝင်စေ | | .... | ၃၃ |
| ၇ | မရဏာသန္တမင်းကြီး ထွက်စေ | | .... | ၅၁ |
| ၈ | ကြမ္မာပုဏ္ဏားထွက်စေ | .... | .... | ၅၂ |
| | **အခဏ်း ( ၄ )** | | | |
| ၉ | ဗျာဓိအမတ် ထွက်စေ | .... | .... | ၅၆ |
| ၁၀ | ကာဃမနမင်း ထွက်စေ | .... | .... | ၇၆ |

## အခဏ်း ( ၅ )

၁၁ မရဏာသန္တမင်းကြီး ထွက်စေ
၁၂ ဇရာအမတ် ပြန်ရောက်စေ ....
၁၃ ကာယမနမင်း ထွက်စေ ....
၁၄ မရဏာသန္တမင်းကြီး ထွက်စေ

## အခဏ်း ( ၆ )

၁၅ ကမ္မရာဇာ တရားသူကြီး ရှုံးထိုင်စေ
၁၆ ကျမ်းပြီးနိဂုံး ....

မာတိကာ ပြီး၏။



# ခန္ဓာပုရပြဇာတ်

**နမော တဿ ဘဂဝတော အရဟတော**

**သမ္မာသမ္ဗုဒ္ဓဿ။**

ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ၊
ဓမ္မော မေ သရဏံ အညံ နတ္ထိ၊
သံဃော မေ သရဏံ အညံ နတ္ထိ၊

အတိဥက္ကဋ္ဌ ဒွိပဒုတ္တမ သုံးလောကမှန်ကူ သယမ္ဘူထွတ်ထား စောဘုရား၏ သဘောသွား ဒေသနာကို ဖွေရှာခါ ဗျူပွတ်လင်းပါရော့ လုပ်ဇာတ်ခင်းတယ်လို့ စိတ်ထင် မမှားကြပါနှင့် မိတ်သင်အများ ဓမ္မာရစေဘို့ **တဏှာလယ** သူမပြတ်လျှင်ဖြင့် လူအရပ်ရပ် နတ်အခါခါ ဗြဟ္မာအမျိုးမျိုး လေးရွာသောအပါယ်ဆိုးတို့ကို အမျိုးမျိုးဘုံဆီသွားကြရ၍ ဆုံလည်နွားရဟပ်ပမာသို့ မပြတ်ခါခါ **သောက** ရောက်ပြီး **ဩဃ** ချောက်

ဒုက္ခပွေလိုမို့ ဗုဒ္ဓမဟော ဇိနဘုရားက အဘိဓမ္မာတရား မိန့်သံ ချွေ၍ နိဗ္ဗာန်ပြေ မြန်မကြာကပ်စေဘို့ သံသရာ ရန်ဘယာ ပြတ်ရအောင်....ကဲ **ခန္ဓာဇာတ်** ခင်းတော်မူစမ်း။

၁။ ရုပ်နာမ်နှစ်ချက် ဖြစ်ပျက်ခန္ဓာ မသိရှာ၍ ဒါရိုက်တာ **အဝိဇ္ဇာ**နှင့် အင်ဂျင်နီယာ **ကံ**ဆရာတို့က ခန္ဓာတိုင်းပြည် ပြန်လည် တည်ဆောက်စေဟု.... စေခိုင်းချက်အရဖြင့် မဆိုင်း မနေ ထွက်ခဲ့ရတဲ့ ကျွန်ုပ်ကတော့ **တဏှာ**ယောကျ်ား ဗိသုကာ လက်သမား ဖြစ်တော့သကိုး။

၂။ ကဲ-ပြောနေကြာရော့ **ဒ နုသယ** မျိုး အငုတ်ဗီဇနှင့် သိုး အပုပ်ထွီစရော့ ရုပ်မြေနယ်သို့ ကပ်မလေ တွယ်ကာ ငါ ယခုရောက်ပါရော့ **မာတု**ချောက် ရုံနေလို့ ပိုင်းရအောင် ဒီမလေ....**သန္ဓေ** ဆိုင်းနှင့် ပို့တော်မူစမ်း။

၃။ မာတုဂဗ္ဘ ရုပ်ဌာနဝယ် ကလလရေကြည် **သန္ဓေ**တည် ၍ သုံးမည်ဒသကာ ကဋတ္တာခပင်း နာမ်ခန္ဓာတသင်းတို့ အချင်းချင်းမှီတွယ်၍ ပြည်နယ်တည်လိုက်မယ် **ခန္ဓာ**ငယ် ဖြစ် စေသတည်း။

၄။ အလို....ပြည်နယ်တွေ အထပ်ထပ် အရပ်ရပ်ခရိုင် ဒိုင် နယ်ကျေးလက်တို့ ထွေးရှက်ပွေလီ သညီနာမ နေထိုင်ကြ တာက **ပုဋ္ဌဝက** အစားစား တိုင်းရင်းသား အမျှားအပြား တို့ပါလားကရို့။

၅။ ပုဏ္ဏဝက နာမခေါ်ရိုး ရှစ်ဆယ် သော အမျိုးတို့ အားကိုးနေရှာ အိမ်ဂေဟာတွေက ကုဋ္ဌေကုဋ္ဌာ မရေသာ အောင် ထွေလာစုပေါင်း သောင်းသောင်းငြိမ့်ငြိမ့် ခြိမ့်ခြိမ့် ညီညာ စည်ပင်သာ၍ ပြည်ခွင်ရောက ဝေဆာရည်ဆိုင်း ညို့မှိုင်း ဖြာတဲ့ တို့တိုင်းခန္ဓာ ဖြစ်တော့သကိုး။

---

## အခန်း (၁)

### ညီလာခံဖွင့်စေ

သံသရာ့ဇမ္ဗူ အတိတ်ဒြဗ်ထွန်းပါတဲ့ ခန္ဓာပူ ပရိသတ် တသင်းတို့ကြောင့် ရိက္ခာခပင်း ပြည်သာယာဘို့ အစဉ်အလာ အခြေမပျက်ရအောင် ဗွေကနက် သိဟာပျံက ညီလာခံဖွင့် တော်မူစမ်း။

### ကာယမနမင်းကြီးထွက်စေ

ခန္ဓာပူရ ပြည်ခေတ်အငူဝယ် ဧကရာဇ်တဆူ တပါးထွက် မှာမို့ သိကြားထက်ပြဟ္မာ တုန်လောက်အောင် ရတနာပုံနာရီ မှူးတို့က ဝါဂီကျူး လက်ညီဆောင်၍ ဟဲ့-ထွက်စည်တော်ရွှမ်း။

**ကာယမနမင်း** ပညာဗလ, သမ္ဗဇညနှင့် ဒု,သု အမည် လက်ရုံး ရည်နှင့် ဇာနည် ပြောင်မြောက် အောင်လံဆောက် သည့် လေးယောက်လူမွန် မတ်ကြီးဝန်တို့....

## (၄) ခန္ဓာပူရ ပြဇာတ်

**အမတ်ကြီးများ** ဘုန်းတော် အပါးက ခစားဝပ်လျှိုး ရှိခိုး လျက်ပါဘုရား....

**ကာယမနမင်း** ကျုပ် စံမြန်းတော်မူတာက **ခန္ဓာပူရ** နာမ အမော် တိုင်းတကာကျော်တဲ့ ရွှေပြည်တော်ကြီး ကိုးဗျ....

**အမတ်ကြီးများ** ခန္ဓာငါးခု ပေါင်းကာပြုတဲ့ ပြည်ထောင်စုကြီး ပါဘုရား....

**ကာယမန** သုံးဆယ့်နှစ်ခရိုင် **ကောဋ္ဌာသ** အဆိုင်ဆိုင်တို့နှင့် ဖြိုင်ဖြိုင်ညီးညီး စည်ထီးပိုင်သ အစိုးရတဲ့ **ကာယမန** ရာဇသခင်ဟု ပြည်ခွင်မှာ ကျော်ညာလို့ ရွှေဘွဲ့တော် သာသကိုး မင်းကြီးများရဲ့....

**အမတ်ကြီးများ** ဘုန်းတော် တောက်ပ နေလတဆူ ဇမ္ဗူ တလွှား ပါကဋ္ဌာထင်ရှားတဲ့ အရှင်တပါး ဖြစ်ကြောင်း ပါဘုရား....

**ကာယမန** ခန္ဓာပူရ နာမပြည်တွင် အရှင်အုပ်ချုပ် မင်းလုပ် စီးနင်း ရွှေသမ္ဘာ **တေဇော**လင်းပြီး ယမင်းသက်ထား မြှောက်စားတာက **ကာမဂုဏ်**ဒေဝီ မဟေသီမိဖုယား ခေါင်ကြီးကိုးဗျ....

**ပညာဗလအမတ်** အလှ,အနု မြှောက်မြှားစွာဟု **ထောင့်ငါး**ရာ ရံရွှေဘော်တို့နှင့် စံနေတော်မူတာက ကာမဂုဏ်ဒေဝီ မဟေသီ မိဖုယားခေါင်ကြီးပါဘုရား....

**ကာယမန** ကာယမနမင်းနှင့် ကာမဂုဏ်မိဖုယားတို့ စုလျား ရစ်ပတ် သဘောတူ လက်ထပ်ပြီးလို့ **သားတော်** သားမြတ် **ရာဂ**ခေါ်ပုတ္တ ဝိဇာတ ဖွားလို့ အိမ်ရှေ့ စံထားပြီး ရာထူးများ ပေးသနား ရသကိုး မင်းကြီး များရဲ့....

**သမ္မဇညအမတ်** **သား**တော်ပုတ္တ ရာဂမည်ခေါ် အိမ်ရှေ့မှာ ပျော်ကြောင်းပါဘုရား....

**ကာယမန** ရာဇဥသျှောင် အခေါင်ထိပ်တင် ဘုရင်အပါး မြဲခစားတာက **ပညာဗလ, သမ္မဇည**မဟော် အတွင်း ဝန် ကျော်တို့နှင့် ပြင်ဝန်အမော် **သု, ဒု** စရိုက်တို့က အမှုလိုက်၍ ပြုထိုက်တာ မှန်သမျှ ပြုရသကိုး မင်းကြီး များရဲ့....

**သမ္မဇည** မှန်လှပါ အမတ်ကြီး လေးအင်က ကြောင်းကျိုး ဆင်ခြင်၍ သံတော်ဦး တင်လျှက်ပါဘုရား....

**ကာယမန** နေမြင်လမြင် ဗေဒင်ယတြာ ပညာပဏ္ဍိတ် ပုရော ဟိတ်ကတော့ ကြမ္မာအခေါ် မင်းဆရာ ပုဏ္ဏားတော် ကြီးကိုးဗျ....

**ကြမ္မာပုဏ္ဏား** ဗေဒင်ပဏ္ဍိတ် အတိတ်နိမိတ် အရိပ်ကြည့်ပြီး စနည်းတဘောင် ဗေဒတ္တယ အစောင်စောင်နှင့် ပညာရောင် ဝင့်ကြွားတဲ့ ကြမ္မာတော် ပုဏ္ဏားပါ ဘုရား....

**ကာယမန** ရှစ်ဆယ်သောခပင်းတို့ အချင်းချင်း ဒွန်တွဲလျက် တပင်လဲ တပင်ထူ၍ သွင်မတူ အိုးအိမ် ပြုသည့်ပြင် ညှိုးမှိန်မှု မရဏာကျလျှင်ဖြင့် မသာချစရာ သုသာန် တစ သင်္ချိုင်းဝကော အရံသင့် ရှိရဲ့လားဗျ....

**ဒုစရိုက်အမတ်** မှန်လှပါ မသာချ မြှုပ်နှံစရာ မြေသုသာန် အရံသင့် ရှိကြောင်းပါဘုရား....

**ကာယမန** အင်း,အင်း ကောင်းပြီဗျား ကောင်းပြီဗျား ဘုံ အားဖြင့် **ဘဝဂ်** မမွှအားဖြင့် **ဂေါတြဘူ** တိုင်အောင် ဖြိုင်ဖြိုင်ဒီးဒီး တဟီးဟီး နှင့် စီးဆင်း **အာသဝ** လေးဌာန မြစ်ကြောင်းဝယ် သောင်းပြောင်း ဆွဲစုပ် ဝဲဇလုတ် **ဩဃ**နှင့် သဘောကျ စီးတော်ယာဉ်က **ယောဂ** ဆင်တော်ကြီးကိုးဗျ....

**ပညာဗလ** မှန်လှပါ ကာမာသဝ,ဘဝါသဝ, ဒိဋ္ဌာသဝ,အဝိဇ္ဇာ သဝတည်းဟူသော လှိုင်းဂရက်အဟုန် သွက်သွက် ခုန်အောင် သုန်သုန်ပြေးဆင်း လေးစင်းသော မြစ် ကြီးနှင့် ကာမောဃ, ဘဝေါဃ, ဒိဋ္ဌောဃ, အဝိ ဇ္ဇောဃတည်းဟူသော မရှုမဝံ့ ကြောက်ရွံ့ဘွယ်ရာ ပြင်းစွာဆွဲစုပ် ဝဲဇလုတ်အပြင် ကာမယောဂ, ဘဝ ယောဂ, ဒိဋ္ဌိယောဂ, အဝိဇ္ဇာယောဂ တည်းဟူသော ရွှေကြိုးငွေကြိုး ဖြိုးဖြိုးရောင်ဖြာ တန်ဆာဆင်ပြင်

အမုန်သင့်တဲ့ စီးတော်ဆင်သည် အရှင်မင်းကြီး စီးနင်းဘို့ရာ အရံသင့် ရှိကြောင်းပါဘုရား....

**ကာယမန** အင်း,အင်း....ခန္ဒာပူရ **သီသပဗ္ဗတ** တောမြိုင်ဝတွင် ဂနိုင်ရစ်ဆိုင်း **ကေသာ**တွေမှိုင်းလို့ တောရိုင်းဆိပ်ထန် တိရစ္ဆာန် **သန်း** အများတို့ ရမ်းရမ်းကားကား နေတာများ ဒုစရိုက်အမတ်ကြီး သိရဲ့လားဗျား....

**ဒုစရိုက်** မှန်လှပါ စိုးရိမ်တော်မမူပါနှင့်ဘုရား တိရစ္ဆာန်သန်း အယုတ်တွေကို လက်နှစ်ဘက်နှင့် ဖမ်းအုပ်ပြီး တဖြုတ်ဖြုတ် တဖျတ်ဖျတ် တဆတ်ဆတ်တုပ်လျက် ကျွန်တော်မျိုးကြီး ကိုယ်တိုင် သုတ်သင် လျက်ပါ၊ ဘုရား....

**ကာယမန** ကောင်းလိုက်လေ မင်းကြီးရယ်၊ ထီးပြာသာဒ် ဘုံဖျား တောင်နံပါး အထက်စုက **စက္ခု** ရေအိုင်နှင့် **နှာသီး**လိုဏ်ဂူဖေါက်လျက် **မုခ**ပေါက် အစားအစာ သွင်းဘို့ တံတားလျှာခင်း **ပြူတင်းအစုံ**ပြင် ကြားစရာ အဖုံ့ဖုံ့တို့ဖြင့် မြို့ကြီးအင်္ဂါတို့ စုံရှဲ့နေဉ်....

**သမ္ဗဇည** မှန်လှပါ မြို့အင်္ဂါ အဖုံဖုံတို့ ပြည့်စုံ ဖြိုးမောက် တန်ခိုးတောက်လျက်ပါဘုရား....

**ကာယမန** မုခ တံခါးအနီးက **သွား** တည်းဟူသော တပ်ငုတ် **စွယ်**လေးချောင်း ခလုတ်တို့ဖြင့် အုတ်အုတ် မြိုင်မြိုင် ဖြိုင်ဖြိုင်ဖြိုးဖြိုး မြို့ရိုးကာစိုက် သိုက်မြိုက်စေ့စပ်

**အကြောတည်း**ဟူသော သံဆူးကြိုးရစ်ပတ်၍ **စောင့်**ကြပ်ဘို့ရာ အမျှားတကာ မကြူးရအောင် တံခါးမဟာမှူး **နီဝရဏ** တို့ကော ရှိရဲ့လားဗျ....

**ဒုစရိုက်** မှန်လှပါ ကာမစ္ဆန္ဒနီဝရဏ, ဗျာပါဒနီဝရဏ, ထိနမိဒ္ဓနီဝရဏ, ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ, ဝိစိကိစ္ဆာနီဝရဏ, အဝိဇ္ဇာနီဝရဏ **တည်း**ဟူသော တံခါးမဟာမှူး ဤခြောက်ဦးတို့က **ကုသလဓမ္မ** မဝင်ရအောင် အစဉ်ထာဝရ စောင့်ရှောက်လျက်ပါဘုရား....

**ကာယမန** မြို့ကြီးအင်္ဂါ သွားစရာအရှိ **ငါးဖြာသောဂတိနှင့်နိဗ္ဗုတိ** မြန်းဘို့ **ဒုဂ္ဂတိ**လမ်း, **သုဂတိ**လမ်း, **မဂ္ဂင်**လမ်း ရယ်လို့ ဆန်းဆန်း ကြယ်ကြယ် ထယ်ထယ်ဝဝ ကြက်သရေ တက်နေလ, ကဲ့သို့ လှပတင့်တယ် ငါးခန္ဓာပြည်ကြီးဝယ် တကယ်ထင်ရှားပြီး ဝင့်ကြွားရဲ့လားဗျ. ..

**သုစရိုက်** မှန်လှပါ ဒုဂ္ဂတိလမ်း, သုဂတိလမ်း, မဂ္ဂင်လမ်းရယ်လို့ ခမ်းနားဆန်းကြယ် တကယ်ဝင့်ကြွား၍ ထင်ရှားကြောင်းပါဘုရား....

**ကာယမန** မတ်ကဝိန် ပညာရှိတို့က အစဉ်လာဘိ အရည်မညှိုးရအောင် ပြည်ကျိုးကို သည်ပိုးလို့ဆောင်ကြဗျား....

**ပညာဗလ** အသင့်ဉာဏ်ချိန် ကဝိန် ကဝိတို့က အချိန်ရှိသမျှ သည်ပိုးလို့ ပြည်ကျိုးဆောင်လျက်ပါ ဘုရား....

**ကာယမန** တိုင်းပြည် တကျောမှာ ပထဝီ,အာပေါ်, တေဇော, ဝါယောခေါ်တဲ့ **ဘုတ်လေးတိုင်တို့** ခိုင်မာတောင့်တင်းပြီး သန့်ရှင်းရဲ့လားဗျ....

**သမ္ဗဇည** မှန်လှပါ ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အလုပ်သမားလုလင် တစုတို့က အမြဲတမ်း ပြုပြင်လျက်ပါ ဘုရား ...

**ကာယမန** အင်း,အင်း ရွှေနာရီ လက်တံစောင်းလို့ အချိန်အတော်ငြောင်းလာပြီ နေရာပြောင်းမှတော်မယ်ဗျ....

**သုစရိုက်** မှန်လှပါ ညီလာခံရပ်စဲလို့ ရွှေနန်းထဲဝင်ဘို့ အချိန်တော်သင့်ကြောင်းပါ ဘုရား....

**ကာယမန** ညီလာခံရပ်စဲလို့ ရွှေနန်းထဲအဝင် ပျော်တော်ရှင်ရှာစားက **တဏှာ**သွားနှင့် ပို့တော်မူစမ်း....

**ဒုစရိုက်** မှန်လှပါ ကာမဂုဏ် လက်ကမ်းပြီး အထက်နန်းသို့ တက်လှမ်းတော်မူပါ့ အရှင်မင်းကြီး....

---

## အခန်း (၂)

## ညီလာခံပြန်ဝင်စေ

**ကာယမန** တိုင်းရေး ပြည်ရေး ထိုအရေးတို့ကို ဆွေးနွေးဘို့ရာ ညီလာသဘင် ပြန်ဝင်ကြ မင်းကြီးများ....

**အမတ်ကြီးများ၊** မှန်လှပါ အရှင့်ခြေအောက် လက်အုပ်မြှောက်၍ ဒူးထောက်ရှိသေ အရံသင့်နေကြောင်းပါဘုရား....

**ကာယမန** ပဋ္ဋူဝက နာမရှစ်ဆယ် တိုင်းရင်းသား အသွယ်သွယ် တို့ ဖြိုးကြွယ်မပြတ် စားရိက္ခာ မငတ်ရအောင် အထပ် ထပ် သွင်းထားကြ မင်းကြီးများ....

**ပညာဗလ** ဇိဝှါတံတား အဆင့်က မုခတံခါးဖွင့်ပြီး ထားသင့် တာ လုံလောက်လို့ ခန္ဓာထဲ အကုန်ရောက်ကြောင်းပါ ဘုရား....

**ကာယမန** ဇိဝှါတံတားခင်းပြီး စားရိက္ခာ အသစ်သွင်းလျှင် အဟောင်းအမြင်း ရိက္ခာပုပ်တို့ကို ခပ်မြန်မြန်ယက် ထုတ်ကြ မင်းကြီးများ....

**သမ္ဗဇည** မှန်လှပါ ရိက္ခာသစ် ထပ်လောင်း၍ ရိက္ခာဟောင်း အများအပြားကို **ဝစ္စမဂ်** ဌာတံခါးက တဖွားဖွား ယက်ထုတ်လျက်ပါ ဘုရား....

**ကာယမန** တိုင်းပြည် စောင့်ရှောက်ဘို့ ခြောက်ယောက်သော နိဝရဏာတို့က အစဉ်ထာဝရ တံခါးမှူးဖြင့် ကုသလ အများ မကြူးရအောင် အထူးစောင့်ရှောက် ရှိလား ဗျား....

**ဒုစရိုက်** နိဝရဏာ ခြောက်ဦးတို့က တံခါးမှူးတာဝန်ဖြင့် ထာဝ စဉ်အမြဲ ကုသလရပ်စဲအောင် အထူးဘဲ စောင့်ရှောက် လျက်ပါ ဘုရား....

**ကာယမန** ရင်သွေးအလှ ရာဂဥပရာ မဟာနွယ်ဇစ် အဘချစ်တဲ့ ထွန်းသစ်ဘုန်းရောင် အိမ်ရှေ့မောင်ဗျား....

**ရာဂသား** မြင်းမိုရ် တောင်ဦး မကြူးတဲ့ ကျေးဇူးအရှင် မွေးသဘခင်ဘုရား ဘခမည်းတော် အနားက ရာဂသား ခစားလျက်ပါ ဘုရား....

**ကာယမန** အိမ်ရှေ့သားနှင့် ဝန်လေးပါးတို့ တရားဓမ္မသတ် ရာဇသတ်ထုံး နှလုံးပြု၍ လွှတ်ရုံးက ဆုံးဖြတ်ပေတော့ ဗျား....

**ရာဂသား** မှန်လှပါ အဘကိုယ်စား အိမ်ရှေ့သားက လေးပါး မတ်ဝန် ပညာရှင်တို့နှင့် တိုင်ပင် ဆွေးနွေး၍ အမြဲ ထာဝရ အဆုံးအဖြတ် ပေးလျက်ပါဘုရား....

**ကာယမန** အင်း....ကောင်းပြီဗျား ကောင်းပြီဗျား ညီလာခံ ဝင်တဲ့ အခါ တင်စရာရှိတာ တင်စေဗျား မင်းကြီး များ....

**ပညာဗလ** မှန်လှပါ **ဒုဂ္ဂတိ**လမ်းဂိတ်ကို လုံခြုံစွာပိတ်ပြီး **သုဂတိ** လမ်းထိပ်က ဖွင့်ထားလျှင် တိုင်းပြည်ခွင် အတွက် သင့်လျော်တဲ့အချက် ဖြစ်ကြောင်းပါ ဘုရား....

**ကာယမန** ရုံခါ ဒုဂ္ဂတိလမ်းဂိတ်ကို ပိတ်ပြီး ရုံခါ သုဂတိ လမ်းထိပ်က အဖွင့်သွားဘဲ မင်းကြီးရဲ့....

**ပညာဗလ** ကာယမန ရာဇသခင် ရှေ့နား ဆင်တော်မူပါ ဘုရား၊ သုဂတိလမ်းက **ကုသလ**တို့ မဝင်ရအောင် အမှောင်ပိတ်ကာ၍ အလွန်ဘဲ ထိတ်စရာ ကောင်းလှ ပါသည် ဘုရား....

**ကာယမန** သုဂတိ လမ်းဂိတ်က အမြဲတမ်း ပိတ်သလား မင်းကြီးရဲ့ ...

**ပညာဗလ** မှန်လှပါ သုဂတိလမ်းဂိတ်က အမြဲတမ်းလိုလိုဘဲ ပိတ်နေပါသည် ဘုရား....

**သမ္မဇည** ကာယမန နာမသခင် ရွှေနား ဆင်တော်မူပါ ဘုရား....

**ကာယမန** တင်စရာရှိတာ တင်စေဗျား....

**သမ္မဇည** တံခါးမှူး နီဝရဏ တသိုက်တို့က ဒုစရိုက်အမတ်မိုက်နှင့် တွဲပြီး အလွဲလွဲ အချော်ချော် မတော်မတရား အကုသိုလ် အများအပြားတို့ကို ထင်ရှားစွာ ဝင်လာ၍ ဤခန္ဓာအတွင်းဝယ် အတင်းကျက်စားပြီး ပျော်ပါးစွာ နေကြောင်းပါ ဘုရား....

**ကာယမန** ဒုစရိုက်အမတ်မိုက် မပြုထိုက်မလျော် မတော်တာ လုပ်လျှင် မင်းကြီးတို့ကိုယ်တိုင် ဖေါ်ထုတ်ပေါ့လေ....

**သမ္မဇည** သဒ္ဓါ, သီလ, သုတ, စာဂ, ဟိရီ, ဩတ္တပ္ပ, ပညာ ခေါ်တဲ့ သူတော်ကောင်းဘဏ္ဍာ ခုနစ်ဖြာတို့ မလာရအောင် ပိတ်လှောင် တားဆီး ထားကြောင်းပါ ဘုရား....

**ကာယမန** အို....မင်းကြီးနှယ် ဘယ်လိုများ သံတော်ဦးတင် လိုက်ပါလိမ့် သူတော်ကောင်းဥစ္စာ ရတနာဘဏ္ဍာတို့ အမြဲတစေ့ ဘယ်လာလေ့ရှိမလဲ မင်းကြီးရဲ့....

**သုစရိုက်** သဒ္ဓါ, သီလ, သုတ, စာဂ, ဟီရိ, ဩတ္တပ္ပ,ပညာခေါ်တဲ့ ရတနာဘဏ္ဍာ ခုနစ်ဖြာသာမက ဒါန, သီလ, ဘာဝနာတွေလဲ အမြဲတစေ့ လာလေ့မရှိပါဘုရား....

**ပညာဗလ** ဆင်ခြင်သုံးသပ် သတိချပ်တော်မူပါဘုရား၊ ကျွန်တော်မျိုးကြီး ပညာဗလအမတ် လျှောက်လတ်လိုသည်မှာ ခန္ဓာတိုင်းရတနာပုံဝယ် ကာမဂုဏ်မိဖုယား နှင့် နီဝရဏခြောက်ဦးသား ဒုစရိုက်ငမိုက်သားတို့က ကုသလအများ အနားမလာရအောင် တိုက်လား ခိုက်လား လုပ်နေကြောင်း ဦးခေါင်းညွှတ်လျှိုး၍ ရှိခိုးသံတော်ဦး တင်ပါသည်ဘုရား....

**ကာယမန** အင်း,အင်း ကြင်သက်ထားဒေဝီ ပွေလီတဲ့စကား ငါကိုယ်တော်ကြားရ နားခါးလိုက်လေ မင်းကြီးရယ်....

**ပညာဗလ** နားခါးစရာ မလိုပါဘုရား ခြွေရံလင်မယား သွီးသားနှင့် စီးပွားအာရုံ ကာမဂုဏ်အကြိုက် ယခုလိုအရှင်မင်းကြီး လိုက်နေလျှင် တိုင်းပြည်ခွင်တဝိုက် ထိခိုက်နစ်နာပါလိမ့်မည်၊ ရွှေဉာဏ်တော် သုံးသပ်ပြီး ဆုံးဖြတ် ဆင်ခြင်တော်မူပါဘုရား....

**ကာယမန** ပညာဗလ, သမ္ဗဇည်နှင့် သုစရိုက်အမော် မှတ်သုံးဘော်တို့က ရွှေနားတော်သွင်းတာများ ကြားရဲ့လား ဒုစရိုက် အမတ်ကြီးရဲ့....

**ဒုစရိုက်** မှန်လှပါ မတ်သုံးဘော် မဟော်အများက မတော် မတရား လော်မာတဲ့ စကားဖြင့် ရွှေနားတော်တွင်း ဆက်သွင်းနေတာများ ကြားရကြောင်းပါ ဘုရား....

**ကာယမန** မဟော် အမတ်တို့က မလျော် မအပ်တဲ့ စကားကို တင်သွားကြပြီဗျား၊ ဒုစရိုက်အမတ်ကြီးက ဘယ်နည်း ဘယ်ပုံဆိုတာ သဘောစုံ လင်းပြီး ရှင်းရှင်း သံတော် ဦးတင်စမ်းပါအုံး မင်းကြီးရဲ့....

**ဒုစရိုက်** မှန်လှပါ ကာယမန ရာဇာသခင် ရွှေနားဆင်တော် မူပါဘုရား၊ သဒ္ဓါ, သီလ, သုတ, စာဂ, ဟိရီ,ဩတ္တပ္ပ, ပညာ ခေါ်တဲ့ သူတော် ဥစ္စာ ရတနာဘဏ္ဍာတွေကို နေ့စဉ်သာ ရှာနေရလျှင် ကာမဂုဏ်ကြင်သက်ထားနှင့် ပျော်ပါးဘို့ဝေးစွ တိုင်းရေး ပြည်ရေး မလှ အစစ နှံ့ချာ ဗလပွါကြဲ ဒုက္ခတွေ တသဲသဲနှင့် **အနတ္တ** ငါ မဟုတ်ဘဲရယ်လို့ ဝေကံ အမှန်ထုတ်ပြီး **နာမ်ရုပ်**ရဲ့ အခြေအနေကို ဝိပဿနာဉာဏ် မဟောဖြင့် ငါးခန္ဓ ဖြစ်ပျက် **ဥဒယဗ္ဗယ** ထိုအချက်ဖြင့် သွက်လက်ဉာဏ် တွေ့ ဘာဝနာမွေ့၍ ကာမဂုဏ်ကို မေ့ကြီးမေ့ပြီး တရွှေရွှေ ကွာပါလိမ့်မည်ဘုရား၊ သို့အတွက်ကြောင့် မတ်သုံးဘော်ရဲ့စကား ဘေးဖယ်ထားပြီး ကာမဂုဏ် ကြင်သက်ထားကို အရှင်မင်းကြီး သနားပါက

ရွှေမျက်နှာ အပါးက တဖဝါးမှ မခွါသင့်ကြောင်းပါ ဘုရား....

နောက်တခု ထောက်ရှုလို့ သံတော်ဦးတင်ရလျှင် သုဂတိလမ်း မဂ္ဂင်လမ်းက အမြဲတမ်း ဘဏ္ဍာကိုရှာကြံပြီး သွင်းနေလျှင် ကာယသခင် အရှင်တပါးနှင့် ကာမဂုဏ် ကြင်သက်ထား ပျော်ပါးဘို့ ဝေးပါလိမ့်မည်၊ သို့ အတွက်ကြောင့် လယ်ယာ ကိုင်းကျွန်း ဆင် မြင်း ရထား အစားစားသော လောကီဥစ္စာ ရတနာဘဏ္ဍာ တို့ကို အမြဲတမ်း ရှာကြံ၍ တရံမစဲ ပျော်ရွှင်ပွဲနှင့် ကာမဂုဏ် ရွှေလည်တွဲပြီး ဆင်နွဲတော် မူပါဘုရား၊ ပျော်ပျော်နေသေခဲ ဆိုတဲ့ ရှေးသူဟောင်း စကား အရေးကို ရွှေစိတ်တော် တွေး၍ တရေးရေး ဆင်ခြင်တော်မူပါဘုရား....

**သမ္မဇည** သူတော်ဥစ္စာ ရတနာဘဏ္ဍာတို့ ရှာကြံကာနေ့စဉ် သွင်းပြီး ကာမဂုဏ်ယမင်းအလှနှင့် ကင်းပနေတာဟာ အေး စရာ အစစ်ပါဘုရား....

**သုစရိုက်** မှန်လှပါ ကျွန်တော်မျိုးကြီး သုစရိုက် အမတ်က လျောက်ပတ် လျော်တာကို ထုတ်ဖေါ်ကာ သံတော် ဦးတင် ပါရစေဘုရား၊ ခန္ဓာပူရ ကာယသခင် အရှင် မြတ်သည် ကာမဂုဏ်ခွါ၍ **ဒါသီဘာ** ရှာဘို့အချိန်သို့ ကျရောက်ပါပြီ ရှေ့နောက်ကို တဖြေးဖြေးတွေး၍

စိတ်ပါပါနှင့် ရိပ်သာသို့ ပြေးသင့်ကြောင်းပါဘုရား၊ ဤခန္ဓာမှန်းပြီး အဆုံးသို့ သွားတော် မူသင့်ပါသည် ဘုရား....

**ပညာဗလ** မှန်လှပါ ဒုစရိုက်ရဲ့စကား လားလားမှ မလျော်ပါ ဘုရား၊ အကြောင်းဆိုသော် ဒုဂ္ဂတိလမ်းပေါက်က တသောသောရောက်လာတဲ့ **အကုသိုလ်** အမြောက် အမြားတွေဟာ ကြောက်စရာတရား လန့်စရာတရား ထိတ်စရာတရားတွေပါဘုရား၊ လန့်စရာ ထိတ်စရာမြင် လို့ အရှင်မင်းကြီး **ရိပ်သာ** ဝင်သင့်ပါသည်ဘုရား....

**ဒုစရိုက်** ရွှေနားတော်တွင်းသို့ သွင်းလျှောက်ပါရစေပါဘုရား၊ ခြွေရံ လင်မယား သမီး သားနှင့် စီးပွားအာရုံ ကာမ ဂုဏ် ကြင်သက်ထားနှင့် ကွဲသွားဘို့ကြံတာ မတ်သုံး ဖြာ ငမိုက်သားတို့ပါဘုရား မတ်သုံးဖြာ ငမိုက်သား တို့က တိုက်လားခိုက်လားလုပ်နေတာကိုရွှေနားတော် မဝင်သင့်ပါဘုရား၊ ကာမဂုဏ်မယား အလှနားက တဖဝါးမှ မခွါသင့်ပါဘုရား၊ ဘိုင်စကုတ် ရုပ်ရှင် ပွဲသဘင်ကို ပျော်ပျော်ကြီး နွှဲရှင်တော် မူပါဘုရား၊ လောင်းစား ဖဲရိုက် ကြက်တိုက် ကဇော်နှင့် ခပ်ပျော် ပျော်ကြီးသာ နေတော်မူပါဘုရား....

**ကာယမန** အင်း,အင်း ရွှေနားတော်ရှုပ်ပြီး ဘာလုပ်ရမယ်ဆို တာ အဟုတ်ဉာဏ်တင်၍ ငါကိုယ်တော်မြတ် ဆုံး

ဖြတ်လို့ မဖြစ်သေးဘူးဗျား၊ သူတမျိုး ငါတဖုံ သံတော်ဦးတင်တာက အစုံစုံဆိုတော့ ဘယ်သူ့စကား ယုံရမယ်ဆိုတာ မလွယ်ဘူးဗျား....

သက်ထားဒေဝီ ကာမဂုဏ် မဟေသီ တပါးနှင့် စကားကြောင်းကျိုး အကောင်းအဆိုးတို့ကို အမျိုးမျိုး တိုင်ပင်ရအုံးမယ်ဗျား....

သရေ့တော်လင်း ခြောက်ပြစ်ကင်း၍ ကောင်းခြင်း ငါးသွယ် စပယ် ကြက်ရုံး နုတ်ချိုပြုံးပါတဲ့ ဂမုန်းသက်ထား မြောက်စား မဟေသီ အိုဗျ....ကာမဂုဏ်ဒေဝီ မိဖုယားခေါင်ကြီး....

**ကာမဂုဏ်ဒေဝီ** ရှိန်တန်ခိုးအသရေ ထိန်ဖြိုးဝေတဲ့ ရွှေလိုပဝင်း စန္ဒာလို လင်းပါတဲ့ ယမင်းထိပ်ခေါင် ကာယမန် မောင်မောင်ဘုရား၊ မောင်ဘုရားအနားက နှမတော် ခစားလျက်ပါဘုရား....

**ကာယမန** ညှာတန့်နွဲ့ ပြာလဲ့လဲ့နှင့် ကြာကဲ့သို့ခွေ့ စန်းလငွေမျိုး ကြက်သရေတိုး၍ အမျိုးမျိုးမူရာ ထောင့်ငါးရာ **ကိလေသာ** ခေါ် ရံရွှေဘော်တို့နှင့် စံနေလို့ ပျော်ရဲ့လား နှမတော်ရဲ့....

**ကာမဂုဏ်ဒေဝီ** မှန်လှပါ ရူပါရုံကတမျိုး, သဒ္ဒါရုံကတဖြာ, ဂန္ဓာရုံကတဖုံ, ရသာရုံက တသောသော, ဖောဋ္ဌဗ္ဗာရုံ အတွေ့သဘောဖြင့် မေ့မြောအောင် မာယာကြွယ်၍

တောင်နန်းမယ် မဟေတပါးမှာ ရံရွေတော် အဖော်များနှင့် ပျော်ပျော်ပါးပါး ခံစားလို့ နေပါကြောင်း၊ ငွေလတပွင့် ရွှေမြဆင့်တဲ့ အရှင့် ချစ်ဖော် ကာယမန မောင်တော်ဘုရား....

**ကာယမန** ကြားရကြားရ နားဝမှာ အလွန်ချိုပြီး အစဉ်ကိုဘဲ ဝမ်းသာလိုက်လေ မိဖုယားခေါင်ကြီးရယ်၊မောင်တော်နှင့် နှမတော် တိုင်ပင်ဖေါ်အစစ် ဧကော် ဖြစ်တဲ့အတွက် တိုင်းရေး ပြည်ရေး အတွင်းရေး အပြင်ရေးတို့ကို ဆွေးနွေး တိုင်ပင်ကြစို့လား နှမတော်ရဲ့....

**ကာမဂုဏ်** ခစား ဝပ်လျိုး လက်စုံမိုး၍ ရှိခိုးနာခံ အကြံပေးဘို့ အသင့် ရှိကြောင်းပါ မောင်မောင် ဘုရား....

**ကာယမန** ပညာဗလ, သမ္ဗဇည အကျော် သုစရိုက်မဟော်တို့က တော်တော်ဘဲ သံတော်ဦး တင်သွားကြပြီဗျား....

**ကာမဂုဏ်** မှန်လှပါ ဘယ်အရာ ဘယ်အခင်းရယ်လို့ ရွှေနူတ်တော်က လင်းတော်မူပါ ဘုရား....

**ကာယမန** သုံးဖြာသော မတ်ကဝိတို့က **ဒုဂ္ဂတိ** လမ်းဂိတ်ကို လုံခြုံစွာ ပိတ်၍ **သုဂတိ** လမ်းထိပ်က ဖွင့်ပြီး ရသင့် ရထိုက်တဲ့ ဘဏ္ဍာတွေသွင်းလို့ နှမတော်နှင့် ရာသက် ပန်ကင်းပြီး ခပ်ရှင်းရှင်းနေဘို့ အတင်း သံတော်ဦး တင်နေကြတယ်ဗျ....

**ကာမရတ်** အလို....ကြွားရ ကြွားရ နားဝမှာ မခံသာ ရင်နှစ်ဖြာ ကောန်ကွဲပြီး သေပွဲနှင့် နီးပါလိမ့်မယ်ဘုရား....

ဘုရားနှမလေး သံတော်ဦးတင်ပါရစေ၊ သံသရာရိပ် ခန္ဒာဒိပ်ဝယ် အောင်ဘိသိက်ပျိုးပါတဲ့ သတိုးရှင်ဘုရား....

**ကာယမန** ရဝေနန်းမ ရွှေသန်းလို့ ခပါတဲ့စန်းလင္ငေသွင် လှမျိုးခင်....ဗျ၊ နှမတော်အလိုကျ ဝစနာသဍ် တစမကျန် ထိန်မချန်ဘဲ မှန်မှန်သာ သံတော်ဦးတင်စမ်းပါဗျ....

**ကာမရတ်** ဘုရားနှမတော် လျှောက်ထားတင်ပါမည် ရွှေနားဆင်တော်မူပါ၊ ထွန်းတက်ဘုန်းရောင် ကာယမန မောင်မောင်ဘုရား....

**ကာယမန** ဘယ်သူ့မျက်နှာကိုမှ မထောက်ဘဲ နှမတော်တယောက်ထဲ လျှောက်လဲ နိုင်ပါတယ်ဗျား....

**ကာမရတ်** မှန်လှပါ ရွှေနားတော်တွင်းသို့ သွင်းပါရစေ....

၁။ ပညာဗလ, သမ္ဗဇညနှင့် သုစရိုက်အကျော် မတ်သုံးဘော်တို့ကမလျော်အမှားဖြင့် တရားမဲ့မဲ့ စကားခွဲပြီး အားနွဲ့သူမဒီကညာကို ထွိစရာအလား ယခုလိုတင်တာများ မောင်ကြီးဘုရား ရွှေနားမဝင် ဆင်ခြင်သင့်ပါသည်ဘုရား....

၂။ တူရိယာအပေါင်း ငြိမ့်ငြောင်းသာယာ လှပစွာခင်းကျင်းပြီး ထောင့်ငါးရာဖေါ်တသင်းနှင့် ပျော်တော်ဆက်အမြဲသွင်းနေတာများ မောင်ဘုရား အသိပါဘုရား....

၃။ နှမတော် ချစ်သက်လျှာကို ပစ်လျက်ခွါ၊ **မင်္ဂခရီးက** တကိုယ်တည်းစံမယ်လို့ ရွှေစိတ်တော် မကြံပါနှင့်ဘုရား....

၄။ ပြည်နိဗ္ဗာန် ထက်နန်းသို့ တကိုယ်တည်း တက်လှမ်းမယ်ဆိုလျှင် **သံယောဇဉ်**တဘက်ပမ်းပြီး **ဥပါဒါန်**တိုက်ခန်းဝက နွှမ်းလျအသွယ်သွယ် မျက်ရည်စ တလယ်လယ်နှင့် ပူမီးကြွယ် ဗျာ လှိုင် ပြောခွေရိုင် အားနွဲ့သူကိုသနားငဲ့သင့်ပါသည်ဘုရား။

၅။ နန်းညွှန့်သက်လျှာ ဥပရာအစစ် ရှောင်ခွါလို့ပစ်လျှင် **သားချစ်ပုတ္တာ ရာဂ** မျက်ခြယ် လူမမယ်မှာ မျက်စိသူငယ် နားသူငယ်နှင့် ကီးကွယ်ရာမရတ,တ,တဖြင့် အဘရိပ်ရာလွန်စွာ ငယ်သေး၍ ဆက်ခံဘို့ ေ းပါသေးတယ်၊ ရွှေစိတ်တော်တွေး၍ တရေးရေး စဉ်းစားတော် မူပါဘုရား ...

ဘုရားနှမတော် လျှောက်ထားချက်ကို စဉ်းစားဉာဏ်ဘက်၍ အသက်တမျှ လွန်ချစ်လှတဲ့ နှမတော် ကာမဂုဏ်ကို အာ ရုံမပြုဘဲ ရွှေမျက်နှာလွှဲသွားလျှင် သေပွဲ ဝင်ရပါလိမ့်မယ် ဘုရား....

**ကာယမန** မျက်နှာမလှ သောကနွှမ်းနယ် ပူဆွေးကြွယ်တဲ့ အို...ဗျ မောင့်သက်လယ်၊ မတ်သုံးဘော် စကား တွေးပြီး ဒီအရေးကို ပူဆွေးပြီးနေသလား နှမတော်ရဲ့....

**ကာမဂုဏ်** မှန်လှပါ နေမထိ ထိုင်မသာနှင့် ဆွေကညာ တယောက် သေရွာသို့ ရောက်လောက်အောင် စိတ်

ချောက်ချား မရှင်နိုင်၍ သည်းကြွယိုင် အချစ်စွဲပြီး နှမကလေး မခွဲနိုင်ကြောင်းပ ါဘုရား....

**ကာယမန** အို...နှမတော်ကလဲ မောင်ကြီးဘုရား အကြောင်း သိတယ်မဟုတ်လား၊ မောင်ကြီးဘုရားဟာလေ ကာမ ဂုဏ် အကြိုက်ကို အမြဲတမ်း အလိုလိုက်ပြီး ဘယ်လိုဘဲ မိုက်ရ မိုက်ရ,ဘာကိုမှ ဂရုမစိုက်ပ ါဘူး၊ မောင်ဘုရား ဟာလေ မပြုထိုက်တာရော ပြုထိုက်တာရော နှမတော် သဘောကျချည်း ပြုခဲ့တယ်မဟုတ်လားဗျ၊ ဒီအတွက် တော့ နှမတော် စိတ်မပျက်ပ ါနှင့် မောင်ဘုရား ကတိ မဖျက်ပ ါဘူးဗျ....

**ကာမဂုဏ်** မှန်လှပါ နှမတော်အပေါ် အသက်တမျှ တကယ် ချစ်လှပ ါတယ်ဆိုလျှင် **အနုသယ** မင်စုတ်ဆေးဖြင့် မခွဲတမ်း စာချုပ်ရေးမှ နှမကလေး စိတ်အေးပါမည် ဘုရား....

**ကာယမန** မခွဲတမ်း စာချုပ်ရေးမှ နှမကလေး စိတ်အေးမယ် ဆိုလျှင် ကဲကဲ မောင်ဘုရား စာချုပ်ရေးပါ့မယ် ဗျား × × × နှမတော် စိတ်အေးစေဘို့ **အနုသယ** မင်စုတ်ဆေးဖြင့် **ဝဋ်သုံးဖြာ** စာအုပ်ဘေးက မခွဲတမ်း စာချုပ်ရေးလိုက်မယ်........ ကျုပ် နှမ စိတ်အေးစေ ဗျား × × ×

၉၊၁၂၀

**ကာမဂုဏ်** မှန်လှပါ ပဒုမ္မာ ရွှေကြာပန်းကဲ့သို့ ရွှေမျက်နှာ ပွင့်လန်းပြီး နှမတော် ဝမ်းမြောက်ပါပြီဘုရား....

**ကာယမန** ဒုစရိုက်အမတ်ကြီးဗျား....

**ဒုစရိုက်** ဘုရား....ဘုရား ရွှေဘုန်းတော်အပါးက ခစားလျက်ပါဘုရား....

**ကာယမန** အချိန်တော်နာရီညောင်းလို့ အိပ်ရာပြောင်း စက်တော်ခေါ်ပြီး ကြင်သက်ဖော်ကာမဂုဏ်နှင့် **တကျော** လို့ စံဘို့သင့်ပြီဗျား....

**ဒုစရိုက်** မှန်လှပါ စက်တော်ခေါ် ပျော်တော်ကြူးဘို့ သင့်ပါပြီဘုရား....

**ကာယမန** အနုအလှ ယုဇနကာမဂုဏ်နှင့် **တဲကျော** လှုံကာ အိပ်ရာခန်းဆီသို့ **အဝိဇ္ဇာ** လွှမ်းကြ မင်းကြီးများ....

**ဒုစရိုက်** မှန်လှပါ အနုသယ သလွန်ထက်ပေါ်၌ ကာမဂုဏ် ကြင်သက်ဖော်နှင့် စက်တော်ခေါ် ပျော်တော်ကြူး တော်မူပါ အရှင်မင်းကြီး....

**ကာမဂုဏ်ဒေဝီထွက်စေ**

သုံးဆယ့်တစ် ဝဋ္ဋအတွင်းက ဇွတ်အတင်း ရုံးခွါမရအောင် ပြုံးကာပြုပြီး ပျော်လီတဲ့ ကျွန်မကတော့ ကာမဂုဏ် ဒေဝီကိုးရှင့်....

သတ္တဝါမှန်သမျှ အနန္တဒုက္ခထဲသို့ မုချဆွဲပြီး နှစ်နှစ်နေတာ ကျွန်မအဖစ်ပါဘဲရှင်....

ကာယမန ရာဇသခင်တောင် ထာဝရအစဉ် **သမုဒယ**ပတ်ပြီး လူဇာတ် နတ်ဇာတ် ဗြဟ္မာဇာတ် အပါယ်ဇာတ်သို့ တကယ်မလပ်အောင် အမှန်ဆွဲလျက် ဒုက္ခတွေ တသဲသဲနှင့် အမြဲဘဲ ဆွဲနေတာပေါ့ရှင့်....

ခုတော့ဖြင့် ကာယမန အရှင်မင်းကြီးကို ပညာဗလ, သမ္ဗုဇ္ဈနှင့် သုစရိုက်အကျော် မတ်မဟော်တို့က ကျွန်မအပေါ် အပြစ်တွေဖော်ပြီး သံတော်ဦးတင်တာ နှင့် တော်,မတော် သင့်,မသင့် ရင်ဖွင့်ဘို့ စဉ်းစားနေပြီ ရှင့်....

ခုလို မင်းကြီးစက်တော်ခေါ် ပျော်တော်ကြူးခိုက် ဒုစရိုက် အမတ်မိုက်နှင့် တိုင်ပင်ဆိုက်တာ တိုင်ပင်ဒုံးမှာဘဲ ရှင်...

ဒီလို ဒုစရိုက်မျိုးမှ ကျွန်မအတွက် သည်ပိုးမှာကိုးရှင့်....

ကဲ...ပြောနေကြာရော ငါးအာရုံ အမြှူအဆွယ်နှင့် အမူ ကြွယ်ကြွယ် ဒေဝီတပါးထွက်ပါရော ရွှေစည်ချက် ကြားလို့ ခေတ္တ သွားပါရစေအုံးရှင်...

ဟိုရှေ့ကတော့ **အကုသိုလ်**မှန်သမျှ အနန္တပျော်ပိုက်တဲ့ အမတ်ဒုစရိုက်နှင့်တူတယ်၊ စကားသံပေးပြီး ခပ်အေးအေး တိုင်ပင်ဒုံးမှာဘဲလေ....

ကာမဂုဏ်ဒေဝီ မဟေသီအကြိုက် အမူလိုက်နေတဲ့ ဒုစရိုက် အကျော် အကုသိုလ်ပျော်တဲ့ အို....ရှင့် မတ်မဟော်ကြီး....

**ဒုစရိုက်** ဥမ္မာဒန္တီ စံတညီနှင့် ဟန်ချီပဝင်း သုံးဆယ့်တစ်အတွင်းမှာ ထက်အောက်ချင်း ချာချာလည်ရအောင် မြှူဆွယ်ကာ ဖမ်းစားတတ်တဲ့ ကာမဂုဏ် သက်ထားသခင်မ ထိပ်တင်ဘုရား ..

ဘုရားကျွန်တော်မျိုးကြီး ခစားလျက်ပါ၊ ဘယ်အရေး ဘယ်ကိစ္စဆိုတာ လင်းတော်မူပါဘုရား....

**ကာမဂုဏ်** ပညာဗလ, သမ္ဗောဇ္ဈင်နှင့် သုစရိုက် အကျော် မတ်သုံးဘော်တို့က သခင်မနှင့် အစဉ်ထာဝရခွဲပြီး ပွဲကြီးနိဗ္ဗာန် **အသင်္ခတ**သို့ အမြန်သွားဘို့အရေး မောင်ဘုရားထံ စကားသံပေးလို့ ဆွေးနွေးတိုင်ပင်နေကြပြီ မင်းကြီးရဲ့ ...

**ဒုစရိုက်** မတ်သုံးဘော် အမိုက်တို့ ဂုံးတိုက်တဲ့စကား ဘုရားကျွန်တော်မျိုးကြီး ကြားကြောင်းပါဘုရား....

**ကာမဂုဏ်** ဒီအတွက် စိတ်ပျက်နေလို့ သခင်မထိပ်ခေါင် ရွှေစိတ်တော်အေးရအောင် မတ်ကဝိက ကြံဆောင်၍ ဉာဏ်ရောင်လင်းပါဦး မင်းကြီးရဲ့....

**ဒုစရိုက်** ဩော်.... ဒီ အတွက်လား သခင်မရဲ့ .. ဒီ အတွက်ကတော့ဖြင့် **အဝိဇ္ဇာ**နှင့် **တဏှာ**နှစ်ရပ် ရစ်ပတ်ချည်ဆွဲ **သံယောဇဉ်** နှောင်ကြိုးတဲထားတာ ခိုင်မြဲတယ်မဟုတ်လား သခင်မရဲ့....

**ကာမရဂ်** ရှေးက ခိုင်မြဲပေမဲ့ ယခုတော့ ယိုင်လဲပုံရနေပြီ၊ ဒါ့ကြောင့် ဘယ်နည်း ဘယ်ပုံ လုပ်ရမယ်ဆိုတာ ဉာဏ်နီ, ဉာဏ်နက် ထုတ်စမ်းပါအုံး မင်းကြီးရဲ့....

**ဒုစရိုက်** သခင်မထိပ်ထား စိတ်အားတော် မငယ်ပါနှင့်ဘုရား၊ **မှတ်မှား, သိမှား, ယူမှား** ခေါ်တဲ့ **သညာ, စိတ္တ, ဒိဋ္ဌိ** သုံးဖြာ ဝိပ္ပလ္လာသဆေး တိုက်ကာကျွေးလိုက်လျှင် သခင်မနှင့်ခွဲဘို့ဝေးပြီး စိစိတွေး၍ **ချစ်ရေး** ဝင်လာပါလိမ့်မယ် ဘုရား....

**ကာမရဂ်** ဝိပ္ပလ္လာသ ပီယမှိုင်းက ဒီအတိုင်းဝေကံ အမှန်ဘဲ စွမ်းသလား မင်းကြီးရဲ့ ...

**ဒုစရိုက်** မှန်လှပါ....တော်ပွေ့, ဟန်ပွေ့ဆိုတဲ့ **စျာန်** **ရသေ့တွေ** တောင် ပျံမွေ့လို့ မစွမ်းသန်ဘဲ ဂျွမ်းပြန်လို့ လဲရပါတယ်ဘုရား၊ **ဝိပ္ပလ္လာသ** ပီယမှိုင်းဟာ တောဆင်ရိုင်း မုန်ယိုသလို ချစ်အားပို အလိုလိုက်၍ သခင်မအကြိုက် ပါပါလိမ့်မယ် ဘုရား....

**ကာမရဂ်** ဝိပ္ပလ္လာသဆေးကို ဖြေစရာအရေး တွေးစမ်းပါအုံး၊ တော်တော်ကြာ မတ်သုံးဘော် အများက ဆေးဝါးများ တိုက်လျှင် သခင်မ အကြိုက် မပါဘဲ နေမှာ စိုးရသေးတယ် မင်းကြီးရဲ့....

**ဒုစရိုက်** ဖြေစရာအရေး စိစိတွေးလိုက်လျှင် **ဝိပဿနာ**ဆေးဘဲ ရှိပါတယ် ဘုရား....

**ကာမရတ်** ဝိပဿနာဆေးက ဘယ့်ကလောက် အရေးရောက်သလဲ မင်းကြီးရဲ့....

**ဒုစရိုက်** ဝိပဿနာ ဆေးတပေါက်ကို အကယ်၍ သောက်လိုက်လျှင် ငါးကာမ အပြစ်မြင်ပြီး မချစ်ခင် ခြေကန်ရုံးလို့ သခင်မကို အမုန်းကြီး မုန်းပြီး ပြေအမတအဆုံးသွားပါလိမ့်မယ် ဘုရား....

**ကာမရတ်** ဒုစရိုက်မတ်ကဝိက တတ်သိသမျှ အကြံထုတ်၍ ဝေကံ အမှန်လုပ်ရအောင် အသိဉာဏ် ထုတ်စမ်းပါဦး....!

**ဒုစရိုက်** စိုးရိမ်တော်မမူပါနှင့် သခင်မ ထိပ်ထားဘုရား၊ သုဂတိလမ်းထိပ်ကိုလုံခြုံစွာပိတ်၍ ဒါ,သီ,ဘာ နိမိတ် ခန္ဓာရိပ်မကြူးရအောင် တံခါးမှူး နီဝရဏတို့ကို ညီညာစွာ အစောင့်ခိုင်းပါမည် ဘုရား....

**ကာမရတ်** ဒါကြောင့်မို့ ဒုစရိုက် အမတ်မင်းကို သက်တော်ရှည် အပ်နှင်းဘို့လို့ သခင်မစိတ်က သွင်းထားတာပေါ့ မင်းကြီးရဲ့....

**ဒုစရိုက်** မှန်လှပါ ရေမြင့်တော့ ကြာမြင့်ဆိုတာလို သခင်မ တင့်တော့ ကျွန်တော်မျိုးကြီးလဲ တင့်ဘို့အသင့် မြှော်လင့်လျက်ပါ ဘုရား....

**ကာမရတ်** စိတ်ချပါမင်းကြီး စိတ်ချပါ, တာဝန်သိသိ ကတိတည်တည်နှင့်သာ လုပ်ပေတော့...ကဲ ကဲ ဒါ,သီ,ဘာ

နိမိတ် ခန္ဒာရိပ် မကြူးရအောင် တံခါးမှူး နိဝရဏတို့ကို ညီညာစွာ အစောင့်ခိုင်းပေရော့ ထိုင်းမှိုင်း ရောင်ဝါး **မှတ်,သိ,ယူ** မှောင်မှားဘို့ အခေါင်တပါး စိတ်မှာ ပိုက်ပြီး ရိပ်ကြာတိုက် **အဝိဇ္ဇာ**နန်းဆီသို့ စိတ်ပါပါနှင့် အိပ်ရာ လှမ်းလိုက်ဒုံးမယ် မင်းကြီး....

**ဒုစရိုက်** မှန်လှပါ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်လို့ လှမ်းလျှောက်တော်မူပါ ထိပ်ခေါင်တင် သခင်မကြီး ဘုရား....

**ကာမဂုဏ်** အင်း....ကာမဂုဏ် ကာမဂုဏ် **ဓမ္မာရုံ**အနားသို့ စိတ် မသွားရအောင် ကာယမန မောင်မောင်ကို ကြံဆောင်ပြီး နေရပါကလား၊ သတ္တဝါတွေ့ရဲ့ စိတ်ကလဲ ကာမရဲ့အတွေ့မပြောနှင့် ဒ ငွေ့ကလေးပေးတာတောင် ခပ်ကြောင်ကြောင် တမေ့မေ့ဖြစ်ပြီး တရွေရွေ ပါလာတော့တာဘဲ၊အင်း....ကာယမန, ကာယမန သဘာဝကျတယ် မကျတယ် သူမသိ အပူထိတဲ့ ဖယောင်းပမာလို ဘာမဆို အလိုလိုက်ပြီး ကာမ အကြိုက်ကြီး ပေးနေတာဘဲ၊ ခုလိုသာ ကာမအကြိုက် ပေးလျှင် အမြိုက်ဆေးနှင့် ဝေးလိမ့်မယ် ထင်တယ်၊ သို့သော်ငြားလဲ ဝိပဿနာ ဆေးဘပေါက်ကို အကယ် ၍မျှား သောက်ခဲ့လျှင် ကာမဂုဏ်ကြောက်ပြီး ဓမ္မာရုံ နောက်လိုက်သွားလျှင် အကြပ်သားဘဲရှင့်....

ခုတော့ဖြင့် အချစ်ဝင်နေသေးတာဘဲ တော်တော်ကြာ **အပြစ်မြင်ပြီး** တွင်တွင်ကြီး **မုန်းသွားမှာ** စိုးရသေးတယ်၊ အင်း....ထွေရာလေးပါး အခင်းသွားကို စဉ်းစားလေလေ အခက်ဝေလေဘဲ....

အို....ဖြစ်သမျှအကြောင်း အကောင်းချည်းလို့ ချရတော့မှာဘဲ၊ သိပ်စဉ်းစားနေလို့ မဖြစ်ဘူး၊ အထူး သတိထားပြီး ကြံအုံးမှဘဲလေ၊ အင်း ကာမဂုဏ်ဒေဝီ မဟေသီသက်ထား ချစ်အားပိုမို အလိုတော်ကျအောင် ဆွဲဆောင်မှု ဆေးတိုက်ကာ ကျွေးအုံးမှဘဲလေ....

ကဲ....ပြောနေကြာရော့ **သညာ စိတ္တ ဒိဋ္ဌိ** သုံးဖြာ ဝိပ္ပလ္လာဆေး တိုက်ကာကျွေးလိုက်မယ် ငါ့အား တရေးရေး ချစ်စေသတည်း × × ×

**ကာယမန** အလို ပပဝတီ သိင်္ဂီတမျှ ချစ်မဝသည့် အလှပဂေး မြင်သူငေး လောက်တဲ့ ဖြူဖွေးဟန်ချီ လူမကနတ်မမှီတဲ့ မဟေသီ ဒေဝီအခေါင်ကြီးပါကလား၊ ဟင်....ရွှေမျက်နှာအိုလို့ ဘာကိုများ အလိုမကျသလဲဗျား....

**ကာမဂုဏ်** မုန်လှပါပယင်းသတဲ့ နန္ဒင်းကဲ့သို့ ဝင်းလဲ့တောက်ထိန် သမ္ဘာရှိန်တဲ့ ရာဇိန်သနင်း ချစ်ခြင်းမဝပါတဲ့ ကာယမန မောင်မောင်ဘုရား၊နှမလေး စိတ်မအေး၍ပူဆွေးပြီး တရေးရေး တွေးနေပါတယ်ဘုရား....

**ကာယမန** အို....တောင်တောင် ဤဤ အလီလီ တွေးမနေပါနှင့် နှမတော်ရဲ့စိတ်ထောင်းတော့ ကိုယ်ကျေသတဲ့၊ လိုတာတွေ ပြောပါ့ သဘောကျ ပေးပါမယ်ဗျား ...

**ကာမဂုဏ်** မှန်လှပါ နှမတော်ချစ်သနားလို့ရှိလျှင် နှမတော်စကား အမြဲတမ်းယုံစားပြီး သဘောကျ ပုံထားလျှင် ဆုတပါးလိုချင်ကြောင်း အခွင့်တောင်း၍ သံတော်ဦးတင်ပါသည်ဘုရား....

**ကာယမန** နှမတော်စကား မောင်ဘုရား အမြဲတမ်းယုံစားပြီး နှမတော်တခု ပုံထားတယ်မဟုတ်လား၊ ဒါများ ခွင့်တောင်းနေရသေးသလား နှမတော်ရဲ့၊ကဲ ကဲ ဣစ္ဆိတံမှန်သမျှ တခုမကျန် အနန္တ လိုတာဆု ယူစေဗျား....

**ကာမဂုဏ်** ကာမဂုဏ်မယားနှင့် ချစ်လှသော ရာဂသားကို ဘယ်အခါမှ မထားခဲ့ဘူးဆိုတဲ့ ကတိဆုတပါး ပေးသနားတော်မူပါဘုရား....

**ကာယမန** အနုသယ မင်စုတ်ဆေးနဲ့ ငွေ့သုံးဖြာ စာအုပ်ဘေးက မခွဲတမ်း စာချုပ်ရေးခဲ့တယ် မဟုတ်လားဗျား၊ ကာမဂုဏ်သက်ထား ရာဂသားလက်ဆွဲလို့ ဘယ်တော့မှ မောင်ဘုရား မခွဲပါဘူးဗျား....

**ကာမဂုဏ်** မှန်လှပါ...စာချုပ်ဆိုတာ မခိုင်မြဲဘဲ ယိုင်လဲနိုင်ပါတယ်ဘုရား၊ သို့အတွက်ကြောင့် ကာမဂုဏ်မယား

နှင့် ရာဂသားကို ချစ်အားပိုတယ်ဆိုလျှင် ကျိန်စာဆို တော်မူပါဘုရား....

**ကာယမန** ကျိန်စာဆိုမှ နှမတော်အလိုပြည့်မယ်ဆိုလျှင် ကျိန်စာဆိုပါ့မယ်ဗျား ××× **အနုသယ**အငုတ် မပြုတ်စေ့ရှဲ ဒုက္ခတွေ သံသရာဝယ် နှတ်မိမယ် ကာမဂုဏ်နှင့် သားကြေးမှုံ တူစုံတွဲ၍ ရာသက်ပန် မခွဲတမ်း နေပါ့မယ်ဗျား × × ×

**ကာမဂုဏ်** ဒေဝီကာမနှင့် လူကလေး မောင်ရာဂကို ချစ်အားပိုတယ်လို့ ကျိန်စာဆိုတာ ယုံပါပြီဘုရား၊ နောက်ထပ်တဖန် လျှောက်ပြန်လိုတာက ပညာဗလ သမ္ဗဇည နှင့် သုစရိုက်အကျော် မတ်သုံးဘော်တို့က မလျော်ပြောကြား နှမတော် စော်ကားတဲ့အတွက် တိုင်းပြည်က ထွက်စေလို့ အမိန့်တော် ချွေလိုက်ပါ ဘုရား....

**ကာယမန** ဒီလိုလေ နှမတော်ရဲ့, တိုင်းပြည်က ထွက်စေလို့ အမိန့်တော် ချွေလိုက်လျှင် တိုင်းတပါးကကြားတော့ မယား စကား နားထောင်တဲ့ ဘုရင်ကြီး အလွန်အသိ နည်းတယ်လို့ အသီးသီးပုံခွဲ၍ ကဲ့ရဲ့သင်္ဂြိုဟ် သတင်း ဆိုကြလိမ့်မယ်ဗျား....

**ကာမဂုဏ်** ဒီလိုဆိုလျှင် အမတ်ငယ်ဘဝ ရာထူးချပြီး ထာဝရ နေစေလို့ အမိန့်တော် ချွေလိုက်ပါ မောင်မောင်....

**ကာယမန** ဒီကိစ္စ ဒီလိုပါ နှမတော်ရဲ့, မတ်သုံးဘော်စကား ဘေးဖယ်ထားလိုက်လျှင် တရားမဝင်ပါဘူးဗျ....

**ကာမဂုဏ်** မတ်သုံးဘော် မရှိလျှင် ပြည်ခွင်ခန္ဓာ မသာယာ တော့ဘူးလားဘုရား....

**ကာယမန** ဒီလိုလေ နှမတော်ရဲ့, ဒူးနေရာဒူး,တော်နေရာတော် ဆိုတာလို သူတို့နှင့် လျော်တဲ့ကိစ္စကျတော့ သူတို့နဲ့မှဘဲ ပြီးတယ်ဗျ၊ သို့သော်ငြားလဲ ကြင်သက်ထား အတွက် ဘာကိုမှ မစွက်ဘက်ရပါဘူး၊ အိပ်စက်ပြီး ချမ်းချမ်း သာသာ နေစမ်းပါ မိဖုယားခေါင်ကြီးရဲ့....

**ကာမဂုဏ်** မှန်လှပါ ဒုစရိုက်အမတ်မင်းကို သက်တော်ရှည် အပ်နှင်းဘို့ သနားခြင်းကရုဏာပြုတော်မူပါဘုရား....

**ကာယမန** ဒုစရိုက်အမတ်မင်းကို သက်တော်ရှည်အပ်နှင်းဘို့က ကနဦးက စဉ်းစားပြီးသားပါဗျ....

**ကာမဂုဏ်** ငါးအာရုံ အတွေ့ကို ပျော်မွေ့ဘို့မလို **ရိပ်သာ** ခိုပြေါကြား ထိုစကားကြောင့် မယားလှ မဒီကညာ ကို ထွီစရာ သဘောနှင့် တသောသော လျှောက်လဲက နှမတော် မထောက်ဘဲ တယောက်ထဲခွဲပြီး ပွဲကြီး နိဗ္ဗာန် **အသ**ခ်တံသို့ အလျင်အမြန် စံမှာစိုးရပါတယ် ဘုရား....

**ကာယမန** ဩြော်....မိဖုယားကြီးနှယ် စဉ်းမှ စဉ်းစားပလေ, မောင်ဘုရာ းအခြေအနေကြည့်ပြီး သိပါလိမ့်မယ်ဗျ....

မောင်ဘုရားဟာလေ .. တရားမမှကျတော့ နားချလို့ကို မရဘူးဗျ၊ ကာမဂုဏ်နှင့်ပလူ ပြီး တမြူးမြူး တပျော်ပျော်နှင့် အတော်ကို နှစ်ချိုက်မြတ်နိုးနေတယ်ဗျ၊ ဒါ့ကြောင့် မတ်သုံးဘော်ရှဲစကားကို တရားဝင်တယ်လို့ စိတ်က မထင်ဘူးဗျ....

**ကာမဂုဏ်** ပညာဗလ သမ္ပဇညနှင့် သုစရိုက်အကျော် မတ်မဟော်တို့က မောင်ဘုရား အနားကပ်လို့ ကာမဂုဏ်ဖြတ်ပြီး ဓမ္မာရုံရပ်စိတ်ပါအောင် **ရိပ်သာ**သို့ အတင်းပို့နေလျှင် ငြင်းဘို့ မခက်ဘူးလား ဘုရား....

**ကာယမန** ဒီကိစ္စတော့ စိတ်မသာမယာ မရှိပါနဲ့၊ **အဝိဇ္ဇာ** နာနာ ခြုံထားလိုက်လျှင် စိတ်ချလက်ချ လုံပါတယ်ဗျ....

**ကာမဂုဏ်** သားပစ် မယားပစ် ထားရစ်ခဲ့မှာ စိုးလို့ပါဘုရား....

**ကာယမန** အို:...နှမတော်ကလဲ မလျော်တဲ့စကား မပြောကြားပါနှင့်၊ မောင်ဘုရားကလေ **သံသရာခရီး**က မင့်မောင့်ကြီးသွားလျှင် မယားခင် ဂမုန်းပန်းကို ဟောဒီပခုံးနှင့် ထမ်းပြီး အပါခေါ်ပါ့မယ်ဗျ....

**ကာမဂုဏ်** ဒီလိုဆိုလျှင် ဘုရားနှမကလေးကလဲ **အနုသယ** လက်ကမ်းလျက် **သံယောဇဉ်** တဘက်ပမ်း၍ **ဒုဂ္ဂတိ**

အပါယ်လမ်းက မိန်းမကြမ်းကြီးလုပ်ပြီး ခပ်သုတ်သုတ် နောက်တော်က လိုက်မှာပေါ့ဘုရား....

**ကာယမန** ဝီတိက္ကမ ပရိယုဋ္ဌာန အနုသယဟု သမုဒယအစု မြောက်မြားစွာတို့ ထောင့်ငါးရာ ကိလေသာဘော်တို့နှင့် ခပ်ပျော်ပျော် နောက်တော်က လိုက်ခဲ့ပေတော့ဗျား....

ကဲကဲ နှမတော် အချိန်တော်လင့်လို့ ညဥ့်အိပ်ရာ ပျော်ဘို့သင့်ပြီဗျား....

အကုသလ **ပါပ** ညစ်ဆိုး မကောင်းကျိုးတို့ကို အမျိုးမျိုးခံစားပြီး ကာမဂုဏ်မိဖုယားနှင့် ပျော်ပါးဘို့ အရေး စည်တော်သံ ပေး၍ တမေ့းအိပ်ပါရစေအုံး ရှာစားရယ်....

---

## အခန်း (၃)

### အမတ်ကြီးများ ညီလာခံပြန်ဝင်စေ

**ပညာဗလ** ပုဗ္ဗေကာလ ရှေးကပြုရ ကုသလကြောင့် သုခထင်ရှား သမ္ပဇည အမတ်ကြီးဗျား....

**သမ္ပဇည** သဘာဝအလိုက် ဒါနပိုက်၍ စာဂ စရိုက်လင်းပါတဲ့ ပညာဗလ အမတ်မင်းဗျား....

**ပညာဗလ** ဗျာ ဗျာ့, ဘာဝနာမလေ့ဖြင့် လွန်ပျော်မွေ့ပါတဲ့ မဟေ့ဟာ့ဘုန်းခေါင် ဉာဏ်ရောင်ထိန်လင်း သုစရိုက် အမတ်မင်းဗျား....

**သုစရိုက်** ဗျာ ဗျာ့,သာသနာ့တသီး ဘာဝနာမျိုးပါတဲ့ ပညာဗလ အမတ်ကြီးဗျား....

**ပညာဗလ** ကာမ ကာမနှင့် သဘာဝကတော့ ဘာမှ မဟုတ်ပေမဲ့ **တဏှာလယ**နှင့် အဟုတ်ဆွဲလိုက်တော့ အယုတ်ဘဲ ဒ⸗ မြတ်ဘဲလို့ အတပ်ခွဲပြီး မသိရှာဘူး၊ ဒီကာမဂုဏ်ကို မခွဲဘဲနှင့် အသဲစွဲချစ်နေလျှင် မုချအမှန်ပင် နစ်တော့မယ် မင်းကြီးရဲ့....

**သမ္မာဇည**, အင်း, ကာမ အတွက်ဆိုလျှင် ဘာကိုပင် လုပ်ရ, လုပ်ရ ဒုက္ခကို ဒုက္ခလို့မထင်တော့ သံတော်ဦးတင်ဘို့ ခက်တယ် မင်းကြီးရဲ့....

**သုစရိုက်** ကာမဂုဏ်လက်တွဲပြီး ခန္ဓာထဲပျော်မယ်လို့ အတော်ကို စိတ်ကြီးဝင်နေတယ် မင်းကြီးရဲ့....

**ပညာဗလ** သံသရာ အဆက်ဆက် ကမ္ဘာ အဆက်ဆက်ကကြိုက်လာတော့ မိုက်ချင်သလောက်မိုက် ရမ်းချင်သလောက် ရမ်းပြီး တောင်မှန်း မြောက်မှန်းမသိ အစီစီကျကျ ဘာကမှ ဂရုမစိုက် ငါးကာမ အလိုသာ လိုက်နေတာဘဲဗျ....

**သမ္ဗဇည** ခက်တာက ခန္ဓာပူရကို ရပြီး ကာမဂုဏ် အလှနှင့် ဝဝကြီး ခံစားရတာကိုဘဲ အကြွားကြီး ကြွားနေတယ်ဗျ၊ သို့သော်လဲ မြတ်ဗုဒ္ဓါစေဘာရုရား ကတော့ သဘော သွား ဖွေရှာပြီး သေချာစွာ ဟောခဲ့တာက **ခန္ဓသမံ ဒုက္ခံနာမ** နတ္ထိ တဲ့၊ ခန္ဓာတိုင်းနှင့်တူတဲ့ ဆင်းရဲတာဟာ နိုင်းစရာမရ ဒုက္ခတွေအနန္တနှင့် ခံရမယ်ဆိုတာ ရိပ်မိ ဟန် မတူဘူးဗျ....

**မညာဗလ** ဒီလိုလေ, **အဝိဇ္ဇာမှိုင်းကမိတော့** **အနိစ္စရယ်လို့** သူမသိ၊ ကာမဂုဏ် ခင်တမိက ယိတိတိနှင့် မာယာ ပြတော့ သဘာဝ ကျ,မကျ နားမလည်ရှာဘူးပေါ့....

**သမ္ဗဇည** အဝိဇ္ဇာငင်ပြီး အနိစ္စာမထင်တာကလဲ **ရိပ်သာမဝင်** လို့ပေါ့ မင်းကြီးရဲ၊ ရိပ်သာမဝင်လျှင် ရုပ်နာမ် မထင် ဘူး၊ ရုပ်နာမ် မထင်လျှင် ဖြစ်ပျက် မမြင်ဘူး၊ ဖြစ်ပျက် မမြင်လျှင် မဂ်လဲမဝင် ဖိုလ်လဲမဝင် နိဗ္ဗာန်လဲ မမြင်ဘူး ပေါ့....

**သုစရိုက်** မှန်လိုက်လေ မင်းကြီးရယ်, ရုပ်နာမ်က **သခ်တ,** ဖြစ်ပျက်က **လက္ခဏာ**ဘဲ၊ ဒီလက္ခဏာသုံးအင် ဉာဏ် မမြင်လျှင် နိဗ္ဗာန် ဘယ်နည်းမှ မမြင်ဘူးဗျား....

**မညာဗလ** ခန္ဓာပူရတိုင်းရှင် ကာယမနဘုရင်ကို အတွင်းအပြင် အကဲခပ်ရတာကတော့ **စရဏ** နှင့် **ဝိဇ္ဇာ** မကဲ့ဘူးဗျ၊ ဒီလို မကဲ့လို့လဲ ဒါနပြုလိုက်,သီလ ဆောက်တည်လိုက်,

သမထ အားထုတ်လိုက်နှင့် ဒါန, သီလ, သမထကို နှစ်ခြိုက်တင်းတိမ်ပြီး ကာမဂုဏ်နှင့် ဇိမ်ယစ်နေတာ ပေါ့....

**သမ္ဗဇည** ဒါန, သီလ, သမထက စရဏတရား၊ **ဓမ္မတာတရား** ခေါ်တယ်၊ ဝိပဿနာက ဝိဇ္ဇာတရား၊ **သာသနာတရား** ခေါ်တယ်၊ သာသနာခေတ် လူဖြစ်တဲ့အခါမှာ ဓမ္မတာ နှင့်သာ မွေ့လျော်ပြီး သာသနာကို ကျော်သွားလျှင် အတော်ကို ရှော်တဲ့မင်းကြီးလို့ ဆိုရလိမ့်မယ်ဗျား၊ ဘာ့ကြောင့်လဲဆိုတော့ ဒါန, သီလ,က ကံလမ်းဗျ၊ သမထက **ဈာန်**လမ်းဗျ၊ကံလမ်းကသွားလျှင် လူ့ပြည် နတ်ပြည်ဘဲ ရောက်မယ်၊ ဈာန်လမ်းက သွားလျှင် ဗြဟ္မာပြည်ဘဲ ရောက်မယ်၊သံသရာဝဋ်ကတော့ မလွတ် သေးဘူး၊ ဝိပဿနာ ဉာဏ်လမ်းကသွားမှ ချမ်းသာ ပေါက်ပြီး နိဗ္ဗာန်ရောက်မယ်ဗျား....

**သုစရိုက်** ဒါန, သီလ, သမထနှင့် အားရတင်းတိမ် အချိန် မကုန်ပါနှင့်လို့ သံတော်ဦးတင်တော့ မယားအနားက တဖဝါးမှ မခွါနိုင်တဲ့ အမတ်ကြီးများက ဒါန,သီလ, သမထတရားကို ပယ်ရသလား၊ နိဗ္ဗာန်တရား စိတ်ကြွ တာများ အံ့စရာကောင်းလိုက်လေ၊ မင်းကြီးတတွေ နှင့်နိဗ္ဗာန် မတန်ဘူး၊ ပါရမီထူး ကံထူးရှိမှ ရတာမျိုး၊ ဒွိဟိတ်မှုန်းမသိ တိဟိတ်မှုန်း မသိဘဲနှင့် အလွဲလွဲ

အချော်ချော် နိဗ္ဗာန်များ မြှော်နေရသလားလို့ အမျက်တော် ရှသေးတယ် မင်းကြီးရဲ့....

**မညာဗလ** မယားအနားက မခွါတာနှင့် တရားရှာတာ ဘာဆိုင်လို့လဲ မင်းကြီးရဲ့၊ ဝိသာခါ အနာထပိဏ်တို့ထုံးကို နှလုံးတော် ပိုက်သင့်ပါတယ်၊ ဒါန, သီလ, သမထ တရားကို လားလားမှ မပယ်ပါဘူး၊ ဒါန, သီလ, သမထတရားကို နှစ်ခြိုက်အားရနေလျှင် အပယ်လေးခွင်နှင့် မကင်းသေးဘူးဗျ၊ ဒါ့ကြောင့် ဒါနပြု, သီလ ဆောက်တည်, သမထအားထုတ်ပြီး နိဗ္ဗာန်ကို ဆုတောင်း၍ **ဝိပဿနာ** တရားကလေး ဖက်ပေးပါလို့ ဒီဝိပဿနာ ဖက်မှဘဲ မဂ်, ဖိုလ်, နိဗ္ဗာန် တက်မယ်ဗျား....

**သမ္မာဇည** မင်းကြီးတို့ ပြောတာတော့ မှန်ပါတယ်၊ သို့သော်ငြားလဲ ကာယမန သခင်က ရိပ်သာ ဝင်ဘို့စကား လားလားမှ မကြားချင်ဘူး၊ ဝိပဿနာအလုပ်ဆိုလျှင် နောက်ချည်း ဆုတ်နေတာဘဲ၊ ကာမဂုဏ် အစုတ်အပြတ်ကို အဟုတ်အဟပ် ထင်နေတယ် မင်းကြီးရဲ့....

**သုစရိုက်** ဒါတွေအားလုံး သတ္တုချ ကြည့်လိုက်တော့ ကာမဂုဏ် အကြိုက်ကို အရှင်မင်းကြီး လိုက်နေလို့ဘဲဗျ....

**မညာဗလ** ကာယမနမင်းကြီးဟာ ကာမဂုဏ် အကြိုက်သာ နှစ်ခြိုက်ပြီးနေတယ်၊ သဒ္ဓါ, သီလ, သုတ, စာဂ, ဟီရိ,

ဩတ္တပ္ပ, ပညာဆိုတဲ့ သူတော်ကောင်းဥစ္စာ ရတနာ ဘဏ္ဍာတွေကို ခန္ဓာမှာမသွင်းဘဲ ငြင်းလွဲပြီး နေတယ် ဗျ၊ ခုလိုသာ တရှောင်ရှောင်နှင့် ရောင်တောင်တောင် လုပ်နေလျှင် တိုင်းပြည်ကြီး အချောင်သုတ် ခံရလိမ့် မယ် မင်းကြီးရဲ့....

**သမ္မာဇည** ကာမဂုဏ်ဒေဝီ မဟေသီသက်ထားနှင့် ဒုစရိုက် ငမိုက်သားတို့ တဟားဟား ရောထွေးပြီး **ဒါ သီ ဘာ** ကျောပေးနေတယ် မင်းကြီးရဲ့....

**သုစရိုက်** ကာမဂုဏ်ဖြတ်ပြီး နိဗ္ဗာန်ရပ် အမတေကို တကိုယ်ရေ စံဘို့အရေးကျတော့ ခပ်ဝေးဝေးကတိမ်းရှောင် လိုက် နိုင်ပေါင်စကားဖြင့် ခါးခါးသီးသီး ငြင်းဆန်ပြီး အပြင်းအထန် ပြောနေတာများ တော်တော်ကို အံ့စရာကောင်းနေပြီဗျ....

**ကြမ္မာပုဏ္ဏား** မှန်လှပါ ဒီကိစ္စအတွက်တော့ စိတ်အနှောက် အယှက် ဖြစ်မနေကြပါနှင့်ဘုရား၊ ဒုစရိုက်နှင့်မိဖုယား နိဝရဏ ငပါမွှားတို့က ဘယ်လိုဘဲ လှည့်စားလှည့်စား ဘုရားကျွန်တော်မျိုးကြီး တာဝန်ယူပြီး သံတော်ဦး တင်ပါမည်ဘုရား....

**ပညာဗလ** အေး အေး တော်လိုက်လေ ကြမ္မာပုဏ္ဏားရယ်.... မင်းဘဲ ယုံစားလောက်အောင် ကြံဆောင်ပြီး သံတော် ဦးတင်ပေတော့....

ကြမ္မာပုဏ္ဏား ရန်ဘယာ မများရအောင် မှန်ရာစကားနှင့် သံတော်ဦး တင်ပါမည်ဘုရား....

ပညာဗလ ကဲ့ကဲ့ ညီလာခံဝင်ကြစို့လား "ရာဇဿ ဒူတော ရာဇ ဒူတောတဲ့" ရာဇဿ၊ မင်း၏။ ဒူတော၊ အစေခံ။ ရာဇဒူတော၊ မင်း၏အစေခံ့စေတမန်မို့ မသေ့ အမှန် ကျွန်ုပ်တို့ သွားပါရော့ နယ်ကြော့သူ ကဋ္ဌနာက မင်္ဂလာ ဖွဲ့တော်မူစမ်း ×××

ရွှေဘုန်းစက်ရှိန် လက်လက်ထိန်၍ သမ္ဘိန်နွယ်စစ် နေကဖြစ်သည့် နန်းမြစ်နွယ်လာ မတ်မဟာတို့ စကြာ တော်စုံ ခဝပ်လှုံရသည့် ရွှေဘုံရွှေနန်းရှင် ဘုရား....

ကာယမန ကဝိတဆူ သတိမူ၍ ညွှိယူဒုံးဖြတ် ထွတ်ဘုန်း အကျော် လွှတ်ရုံးမှာပျော်ကြတဲ့ မတ်မဟော်တို့....

ပညာဗလ သုံးဆယ့်နှစ်ခရိုင် ဖြိုင်ဖြိုင်ညီးညီး စည်ထီးပိုင်သ ခန္ဓသေဌ်နှင်း အရှင်မင်းကြီး၏ ခြေရင်းထံပါး ခစား လျက်ပါဘုရား....

ကာယမန ခန္ဓမဟာ ပုဋ္ဌုဝကရွာတို့ သာယာပါရဲ့လားဗျ ...

ပညာဗလ မှန်လှပါ သာယာတာ မသာယာတာ သေချာစွာ တွေး၍ ခပ်ဖြေးဖြေး လျှောက်တင်ပါမည်၊ သံသရာ့ ဇမ္ဗူ ခန္ဓပူ၌ တဆူကေရာ ဘုန်းတေဇာတိုးပါတဲ့ နေပျိုးအာဒိစ္စဘုရား....

**ကာယမန** ထင်တာမြင်တာကို တင်စရာရှိတာ တင်စေဗျား....

**ပညာဗလ** ရွှေနောက် ကြောင်းကျိုးကို ကောင်းဆိုးချင့်ချိန် ဉာဏ်ဝရဇိန်ဖြင့် ဖြစ်သင့်ဖြစ်ရာ အဖြာဖြာကို ဓမ္မတာ ထောက်၍ ရွှေစကြာ ခြေတော်အောက်သို့ သွင်း လျှောက်လိုသည်မှာ....

၁။ ခြွေရံလင်မယား သွီးသားနှင့် စီးပွားအာရုံ ကာမဂုဏ်အစုတ်က အဟုတ်ထင်မှားအောင် ရောင်ရောင်မှားမှား လှည့်စားမာယာ ပြုလုပ်ပြီးနေတာများ အရှင်ဘုရား အထင်မမှားသင့်ကြောင်းပါဘုရား....

၂။ ကာမဂုဏ်အကြိုက် အရှင်မင်းကြီး ယခုလိုလိုက်နေလျှင် အမိုက်ထိပ်ခေါင် ပါယ်လေးဘောင်သို့ အမှောင်တောက်လျှောက် ဧကန္တ ရောက်ပါလိမ့်မည်ဘုရား....

၃။ ဒုစရိုက်ငမိုက်သား ကာမဂုဏ်မိဖုယားတို့ လားလားမှ မလျော် မတော်တာကြံ မမှန်တာ လုပ်ပြီး နီဝရဏအစုတ်အချာတို့က အယုတ်တမာ ဒလကြမ်းဖြင့် သုဂတိလမ်းဂိတ်ကို ခပ်နာနာပိတ်၍ ဒုဂ္ဂတိ လမ်းဂိတ်ကဖွင့်ပြီး သင့်တာ မသင့်တာ မသိ ဉာဏ်နတ္ထိ ချုချာ မသမာဘေးအလုပ်နှင့် ယခုလိုထွေးရှုပ်အောင် သွင်းနေလျှင် တိုင်းပြည်ခွင်ခန္ဓ ဘိဇ္ဇန သဘောဖြင့် ကိစ္စချောပါလိမ့်မည်၊ ရွှေဉာဏ်တော် အခင်းသွားဖြင့် စဉ်းစား ဆင်ခြင်သင့်ပါသည်ဘုရား....

**ကာယမန** သယ်.... ငါကဲ့သို့သောမင်းများ ဘာထင်လို့လဲ၊ ခန္ဓာတိုင်းပြည် မဟီတလွှား ရွှေသမ္ဘာ တေဇာကြွား တယ်ဆိုတာ မင်းကြီးတို့နားက လား၊လားမှ မကြား ဘူးလား၊ဘိဇ္ဇနသဘောနှင့် ကိစ္စချောမယ်လို့ အပြော မတတ်တဲ့ နင့်ပါးစပ် နောက်ထပ်မဟာ ဘာကိုမှမတင် နှင့် ငါဘုရင် မကြားချင်ဘူး....

**သမ္ပဇဉ** မှန်လှပါ စဉ်းစားဆင်ခြင်၍ **သတိ** ဝင်တော်မူပါ ဘုရား၊ စကားအရာဆိုတာ သေချာစွာစေ့ငုပြီး သတိ ပြုသင့်ပါသည်ဘုရား....

**သုစရိုက်** အကြောင်းအကျိုး ကောင်းဆိုးနှစ်တန်ကို အဖန် ဖန် စဉ်းစားတွေးတောပြီးမှ အမျက်တော် ယှသင့်ပါ သည်ဘုရား....

**ကာယမန** ဟေ့ ဘယ်အမတ်မှ ပါးစပ်မဟာနှင့် အရပ်ရပ်က ကြားလျှင် ငါဘုရင် နားရှက်တော်မူတယ်....

**စည်ာဗလ** ရွှေမျက်နှာအို အလုံမကျက ပါးစပ်မဟာ နောက် ထပ်တဖန် ထပ်မံ၍ မတင်ဝံ့ကြောင်းပါဘုရား....

**ကာယမန** သာမ,ယဇု,ဣယျု,အာထဗ္ဗန လေးဝေဗဒင် အကုန် ထင်၍ နေမြင် လမြင် ပေါ်လွင်ကျော်ကြား မင်း ဆရာပုဏ္ဏားကြီးဗျား....ခန္ဓာပူရကို ဘိဇ္ဇနသဘောဖြင့် ကိစ္စချောလိမ့်မယ်လို့ သောသော အုတ်အုတ် သုံးဖြာ သော အမတ်စုတ်တို့က မဟုတ်မတရား အယုတ်

စကားဖြင့် ရွှေနားတော်သွင်းတာများ လားလားမှ မကြိုက်ဘူးဗျ၊ ဖြစ်သင့် ဖြစ်ထိုက်တဲ့ အကြောင်း ဇာတာစန်းလဂ်ကောင်း, မကောင်း ရာဟုသံဒေါင်းက ဘယ်နည်း အသီးသီးဥစ်ကသစ်တို့ကို ရေးခြစ်ကာ အစုံစုံ ရတနာပုံ ဆိုက် မဆိုက် ဖြစ်ထိုက်တဲ့ သဘာဝ အစစမြော်မြင် ဗေဒတ္တယအထင်နှင့် ငါဘုရင်ရိက္ခာ စားပြီး မင်းဆရာပုဏ္ဏားက ထင်ရှားစွာ ဟောပါ အုံးဗျ....

**ကြမ္မာပုဏ္ဏား** မြရီရောင်ဖိတ် သံသရာဒိပ်ဝယ် ဖြူရိပ်စကြာ ဖြန့်မိုးကာတဲ့ ခန္တာသခင် တိုင်းကြီးရှင်ဘုရား၊ မင်းရိက္ခာ စားသည့်အလျောက် ကျမ်းအလာထောက်၍ တင်လျှောက်ပါမည် ရွှေနား ဆင်တော်မူပါဘုရား....

**ကာယမန** ကျမ်းအလာထောက်၍ တင်လျှောက်စေဗျား....

**ပုဏ္ဏား** သာမ, ယဇု, ဣရုဗ္ဗေ, အာထဗ္ဗန ကျမ်းရပ်လေးအင်ဘေးတွင်ချထား စေဘုရား၏ ဟောကြားမြွက်ဟ ပိဋကတ္တယဗေဒင် လောကုတ္တရာအမြင်နှင့် စိတ်အထင်ဟောရလျှင် **မရဏံ မေ ဓုဝံ၊ အဓုဝံ မေ ဇီဝိတံ** အရ ဤခန္တာ ဖရိုဖရဲနှင့် ဝေကံပြိုကွဲလို့ **မရဏာပွဲ** ဝင်ရပါလိမ့်မည်ဘုရား....

ယခုလျှောက်ထားချက်အမြင် မြတ်ဗုဒ္ဓဗေဒင်ဖြင့် အမှန်ပင် ဟောပြ၍ သဘောကျတော်မူပါက **ကာမ**

ဂုဏ်သခင်မကို ခပ်မြန်မြန် နှင်ချပြီး **အမတနိဗ္ဗာန်ပြေ** ဌ် တကိုယ်ရေ စံဘို့အရေး ရွှေစိတ်တော် တွေးသင့် ကြောင်း လက်ဆယ်ချောင်း ထိပ်မှာမိုး၍ ရှိခိုးသံ တော်ဦး တင်ပါသည်ဘုရား....

**ကာယမန** အလို ကာမဂုဏ်သခင်မကို ရွှေနန်းက နှင်ချရမှာ လား မင်းဆရာကြီးရဲ့....

**ပုဏ္ဏား** မှန်လှပါ နှင်ချရုံနှင့် မပြီးသေးပါဘုရား, ကာမဂုဏ် မယားနှင့် ရာဂသားကို **ဝိပဿနာထား** **မဂ်ထားနှင့်** တအား ခုတ်သတ်ပြီး ပြေးမှသာ **မရဏဘေးက ဝေး** ပါမည်၊ ကာမဂုဏ်မယားနှင့် ရာဂသားကို ရွှေမျက်နှာ မထောက်ထားပါနှင့်ဘုရား....

**ကာယမန** အင်း,အင်း ဝိပဿနာ မဂ်ထားနှင့် ကာမဂုဏ် မယား ရာဂသားသတ်ပြီး နိဗ္ဗာန်ရပ်ကို ခိုလှုံမှ မရဏ ရန်သူပုန် အေးမယ်ဆိုပါတော့....

**ပုဏ္ဏား** မှန်လှပါ ကာမဂုဏ်နှင့် ရာဂသား မသတ်သမျှ ခန္ဓာ ရပ်အားလုံး ပျက်ပြုန်းကာစဲ၍ အရှင်မင်းကြီး **သေပွဲ** ဝင်ရပါလိမ့်မည်ဘုရား....

**ကာယမန** ဟဲ့ ပုဏ္ဏားမိုက်-တော် တန်တိတ်၊မကောင်းတဲ့နိမိတ် စကားရိပ်တောင် မကြားချင်ဘူး၊ နှင့်ပါးစပ် နာနာ ပိတ်လိုက်စမ်း **သေရမယ်ဆိုတဲ့စကား** လားလားမှ မကြားချင်ဘူးဟေ့....

**ပုဏ္ဏား** ဘုန်းတော်ဘုရား ရိက္ခာတော်စားပြီးတော့ မတရား မမှန်တာကို ကြံဖန်ပြီး မလျှောက်လိုပါဘုရား၊ဒီမယား နှင့် ဒီသား မသတ်လျှင် နန်းရပ်ခန္ဓာ ဝေကံ အမှန် ပျက်ပါလိမ့်မည်၊ အချိန်မလင့်မီ ပြင်ဆင်သင့်ပါသည် ဘုရား....

**ကာယမန** ဟဲ့ ဟဲ့ အသုံးမကျတဲ့ ပုဏ္ဏားမိုက် မထင်ထိုက်တဲ့ စကား လားလားမျှ မတင်နှင့်၊ ငါဘုရင် အနားက ခပ်မြန်မြန် ထွက်သွားစမ်း၊ နောက်ထပ်ပြီး စကား မသန်းနှင့်တော့ အရမ်းပြော အရမ်းဆို ငါအလိုမကျ ဘူးဟေ့....

**ပုဏ္ဏား** အရှင်မင်းကြီး ခြေအောက်က လက်အုပ်မြှောက်၍ လျှောက်သင့်တာမှန်သမျှ လျှောက်တင်ရလျှင် ဤ ခန္ဓာတိုင်း မဆိုင်းမတွ ဧကန္တ စကားတခွန်းဖြင့် မမှား မယွင်း အမြင်ဟော၍ အရှင် သဘောမကျလျှင် ခပ်မြန်မြန် နှင်ချတော်မူ၍ ခန္ဓပူရ မုချဧကန် အမှန် ပျက်ပြီး သေမင်းလက်သို့ အသက်ပါမည့်အကြောင်း ဦးခေါင်းညွတ်လျှိုး၍ ရှိခိုး သံတော်ဦးတင်ပါသည် ဘုရား....

**ကာယမန** သယ်.... ငါအရှင်မင်းတြားကို တယ်စော်ကားတဲ့ ပုဏ္ဏားပါကလား၊ ဟဲ့ ဒုစရိုက်အမတ်ကြီး အချည်းနှီး

စကားပြောကြားတဲ့ ပုဏ္ဏားစုတ်ကို နန်းတွင်းက ခပ်မြန်မြန် ဆွဲထုတ်လိုက်စမ်း....

**ဒုစရိုက်** မှန်လှပါ အမိန့်တော်အတိုင်း မဆိုင်းမတွ ယခုပင် ဆွဲချပါမည်ဘုရား....

ကဲ-ပြောနေကြာရော့ ဘုရင့်စကား ထောင်နား မစိုက် ပုဏ္ဏားမိုက် ကံကြမ္မာ ဒီတခါ အပါဆွဲလိုက်မယ် နန်းထဲက ထွက်ကရော့ လဟာယ် ××× 

**ကာယမန** ငါ၏ထံပါး မြဲခစားတဲ့ လေးပါးကျော်ရှိန် မတ်ကဝိန်တို့....

**အမတ်ကြီးများ** ဘုရား.... ဘုရား....

**ကာယမန** ငါကိုယ်တော်မြတ် အမိန့်အာဏာဖြင့် ပုဏ္ဏားမိုက် ကံကြမ္မာကို ဒဏ်တရာ နာနာခတ်ပြီး မြိုင်ရပ်ကို နှင်ရမယ်ဗျား....

ပညာဗလ သမ္ပဇညနှင့် သုစရိုက်အကျော် သုံးဘော်သော အမတ်တို့ကို နောက်ထပ် မတိုး ရိုးရိုးရာထူးနှင့် တည်စေဗျား....

ဒုစရိုက် အမတ်မင်းကို **သက်တော်ရှည်အပ်နှင်း၍** မင်းကြီးတို့ အဆောင်အရောင်ဖြင့် တပြောင်ပြောင် တလက်လက်နှင့် ....တသက်လုံး ခံစားစေ....

ဒုစရိုက် အမတ်မှူးကို အာဏာထူး အပ်နှင်း၍ ပုဏ္ဏားဖျင်း အစုတ်ကို ကတ္တီပါ ကြိုးနှင့်တုပ်ပြီး ကြိမ်တံပြာ နာနာသုတ်၍ တိုင်းပြည်က နှင်ထုတ်စေ....

ကဲ ကဲ- ညီလာခံရပ်စဲလို့ ရွှေမျက်နှာ လွှဲတော်မူမယ် မင်းကြီးများ × × ×

**ဒုစရိုက်** အင်း ဒုစရိုက် ဒုစရိုက် အမှု့လိုက် ကောင်းတော့ သက်တော်ရှည်ရာထူးကို ပြောင်းခဲ့ပြီ၊ ဩော်-လော က လောက မတော်တာလုပ်မှ သဘောကျတဲ့ လောကမျိုးဘဲ၊ အဆိုးရယ် အကောင်းရယ်, အကျိုးရယ် အကြောင်းရယ်လို့ ခွဲခြားစိတ်ဖြာပြီး မသိရှာကြဘူး၊ ရာထူးတော့ အပ်လိုက်ပြီ၊ ငါ့အကြိုက် ရိုက်ရတော့မှာဘဲ၊ အင်း ဒုစရိုက်ကို မိုက်သလေး မဲသလေးနှင့် ဆဲရေးတိုင်းထွာတဲ့ ကြမ္မာစုတ်တော့ ခပ်နာနာ အုပ်မှတော်မယ်....

ကဲ ပြောနေကြာရော့ အမိန့်တော် စေတလုံးနှင့် နှစ်ထွေပခုံး မငြင်း ထမ်းပါလို့ မင်းလမ်းက တခါရှောက်ပါရော့ ဆင်းရဲသား မြင်သူ ကြောက်ရအောင် စိန်နယား စကြာမောင်က ဟဲ့-လက်ျာ တောင်ခန့် × × ×

ကြမ္မာပုဏ္ဏား အိမ်အနားတော့ ရောက်လာပြီ၊ ကာယမန ရာဇသခင်က အမိန့်တော် စာချွန်ပေးလိုက်

တယ် မတင်သင့်စကားဖြင့် ဘုရင်တပါးကို စော်ကားတဲ့ ပုဏ္ဏား သနားစရာမသိုခတော့ဘူး၊ ကြမ္မာပုဏ္ဏား ဘာများလုပ်နေတယ် မသိဘူး၊ခြေဦးလှည့်ပြီး ဝင်အုံးမှဘဲလေ ...

အရှင်တပါး စာချွန်တော်နှင့် တာဝန်နေ၁် အချိန်မလင့်ရအောင် ကြိမ်ဝင့်၍ ပို့တော်မူစမ်း × × ×

ဟော့ ကြမ္မာပုဏ္ဏား မင်း ငါ့ကို ဘာလှည့်စားအုံးမလဲ ပြောစမ်း....

အလို- ဒုစရိုက်အမတ်ကြီးပါကလား၊ မျက်နှာက ခပ်မှောင်မှောင်နှင့် ဒေါသ အရောင်တွေကလဲ ပွားလို့တယ်လဲ တရားမဲ့ပါကလား....

ဒေါသရောင်တွေ ပွားမနေနဲ့၊ ကာယမန ရာဇာသခင်ထံက အမိန့်တော်စာချွန် ပါလာတယ်၊အမိန့်တော်ကို နာခံ....

မှန်လှပါ အမိန့်တော်သံ နာခံလျက်ပါဘုရား....

အဟာမ်း-အဟာမ်း ခန္ဓာပူရ တိုင်းမြတ်ရဋ္ဌာ သုံးဆယ့်နှစ်ဖြာသောခရိုင် အဖြိုင်ဖြိုင်သော ပုဂ္ဂိုလ်ဝဂ အမျိုးတို့ကို အုပ်စိုးပိုင်သသည့် ကာယမန ရာဇာဓိပတိ အမိန့်တော်ရှိလိုက်သည်.... ကြမ္မာပုဏ္ဏား ရာဇဝတ်သား, မောင်မင်းနာခံရမည်မှာ အမင်္ဂလာစကားဖြင့် ရွှေနားတော်ပေါက်ကြားအောင် မတရားသက်သက် တိုင်း

ပြည့်ပျက်မည်ဟု ရက်စက်ယုတ်မာ လော်မာမောက်ကြွား ရမ်းကားအဟုတ် ပုဏ္ဏားယုတ်ကို ကြိမ်တံပြာနာနာအုပ်၍ တိုင်းပြည်က နှင်ထုတ်စေ၊ ကာယမန ခန္ဓသေဌ်နင်း ဘဝရှင်မင်းတြားကြီး အမိန့်တော်....

ပုဏ္ဏား အလို....ကာယမန ရာဇသခင်က မှန်ရာတင်တာကိုဘဲ ရွှေနားတော် မဝင်လို့ မခံချင်ဘူးပေါ့....

ဒုစရိုက် မခံချင်ဘူးဟေ့- မခံချင်ဘူး၊ဘုရင်တပါးကို မလျော်မောက်ကြွား စော်ကားသည့်ပြင် ထိပ်ခေါင်တင် ကာမကို ထာဝရ ဖြတ်ဘို့လုပ်တာ မင်းဘဲမဟုတ်လား....

ပုဏ္ဏား ဓမ္မက္ခန်အမြင်နှင့် မှန်ရာတင်တာကို ဘာ မခံချင်စရာရှိသလဲ ဒုစရိုက်အမတ်ကြီးရဲ့ ...

ဒုစရိုက် ဟဲ့ ပုဏ္ဏား မာဆတ်ဆတ်စကား မလုပ်နှင့်၊ နှင့်ကျောပေါ် ကြိမ်နှင့် တအားအုပ်ပြီး တိုင်းပြည်က ခပ်သုတ်သုတ် နှင်ထုတ်ရလိမ့်မယ်....

ပုဏ္ဏား လောကသံသရာ နှစ်ဖြာရင်းရှုံး အသုံးမကျတဲ့ မင်းပါပက ကာမဂုဏ်ဒေဝီ အပလီစကားကို ယုံစားနှစ်ခြိုက်လို့ရှိလျှင် ငါ့ကို ရိုက်ချင်ရိုက်လိုက်, မကြိုက်လျှင် မကြိုက်ဘူးဘဲ၊ အထူးပြင်ဆိုပြီး ဘာကိုမှ တင်စရာမလိုဘူးဟေ့....

**ဒုစရိုက်** ဒါလောက်တောင်ရှုပ်လှတဲ့ပုဏ္ဏား သူ့အတွက်ထည့်ပြီး စဉ်းစားစရာ မလိုတော့ဘူး....

ကဲ ပြောနေကြာရော့ ဘုရင်တပါးကို စော်ကားတဲ့ ပုဏ္ဏားရှော် နင့်ကျောပေါ် ကြိမ်ဆော်လို့ နှက်လိုက်မယ် တိုင်းပြည်က ထွက်ရော့လဟယ်....

**ပုဏ္ဏား** အမယ်လေး ရက်စက်လိုက်လေ ကာယမန ရာဇာသခင်ရယ်၊ ဟင်....ကောင်းတဲ့စကားကို လားလားမှ မကြိုက် ဒီမင်းမိုက် သေမှ ငါအရှက် ပြေမဟော့နော်၊ ကြည့်စမ်းပါအုံးဗျာ နောက်ကျောပေါ် ကြိမ်ဆော်လို့နှက်လိုက်တာ တိုင်းပြည်က ထွက်ခဲ့ရပြီဗျ....

အင်း ကြိမ်တံပြာ နာနာအုပ်လို့ ငါ့ကျောပေါ်မှာလဲ ဒဏ်ရာဒဏ်ချက်တွေ ရှုပ်လို့ပါကလား၊ ဒါဟာ ရက်စက်ကြမ်းကြုတ် အရမ်းလုပ်လိုက်တာဘဲ....

ဟဲ့ ဒုစရိုက် နင်ပြုလိုက်သမျှ နင့်အရှင် ကာယဟာ တနေ့ကျတော့ မရဏခြေအောက် သေပေါက် သေဝသို့ ရောက်ရမယ်ဆိုတာ မှတ်ထားလိုက်နော်....

ကြမ္မာငင်တယ် ကြမ္မာငင်တယ်လို့ ထားဝစဉ်စကား နင်တို့အရှင် ကြားမှ ကြားဘူးရဲ့လားဟဲ့ ဒုစရိုက် အမတ်မိုက်ရဲ့....

ဖင်စရေရှား လကျ်ာဖျားက စကြာထား ပြမဟော့နော် မှတ်ထားလိုက်....

မမှန်တာလုပ်ပြီး ခန္ဓာအုပ်နေတဲ့ ကာယအယုတ် တော့ ကျူပင်ခုတ် ကျူငုတ်မကြံရအောင် သုတ်သင် မဟော့....

ကဲ....ပြောနေကြာရော့ အယုတ်တမ ကာယမင်း ကို မုချ မသာစာရင်း သွင်းရအောင် ဖရုသ ကဗျာ ညှင်းပြီးတော့ မရဏမင်းထံ ပို့တော်မူစမ်း ပါအုံး ရွှာစားရယ် × ×

အင်း ကာယမနမင်းယုတ်က နောက်ကျောပေါ် ကြိမ်ဆော်အုပ်ပြီး တိုင်းပြည်ကနှင်ထုတ်လို့ အတင်း သုတ်ပြီး ပြေးလာလိုက်တာ ခရီးတော့ဖြင့် အတော် ကလေး ဝေးလာခဲ့ပြီ....

ဟိုရှေ့ကတော့ သုံးဆယ့်တစ်နိုင်ငံ ပြိုင်စံမရှိ အမိ ပတိအခေါင် တပြောင်ပြောင်လင်းတဲ့ ဇာတိနိုင်ငံက ရတနာအတိလျှံတဲ့ နန်းတော်ကြီးဘဲ၊ ရွှေနန်းအပါးက လေသန်းတဲ့စကား ကြားရအောင် တရံ နားအုံးမှ ဘဲလေ....

ရွှေနန်းတော်မြို့ရိုး ပြအိုးအပေါ်က မရဏခေါ် သေမင်းအော်သံ ကြားရင်း နားပါရစေအုံး ရွှာ စားရယ် × × ×

## မရဏာသန္ဒ မင်းကြီး ထွက်စေ

အဟမ်း....အဟမ်း ကေတိ သဇာတိ တဝိုက်တွင် ကမ္ဘာအရှိ တသိုက် သတ္တဝါခပင်းတို့က ရှက်နှစ်ဖြာ အတွင်း ပါဒအစုံသို့ ပဏာမ ခိုလှုံဝပ်စင်းကာ ရောက် ရသည့် ဓမ္မရာဇ်သေဌ်နင်း မဟာသမတဟု ပါကဋ ကြွား တေဇာလင်းတာမို့ မဟေပထဗျာချဉ်း မိုးဃ်း ဘဝဂ်တုန်လောက်အောင် ကိုးနဝရတ်ဂုဏ် ကဗျာရှင် က မဟာပလ္လင် အတက်ညီရအောင် ဟဲ့ထွက်စည် တော်ရွှမ်း × × ×

**မရဏာသန္ဒမင်း** ငါ၏ထံပါး မြဲခစားသည့် ဇာတိ ဇရာ မတ် မဟာတို့....

**ဗျာဓိအမတ်** ဘုန်းမီးနေလ တေဇတောက်လင်း အမင်းမင်း တို့သခင် ဘုရင်ဥက္ကဋ္ဌ အယုတ်အလတ် အမြတ်မရွေး သူဌေးသူကြွယ် ကုန်သည် လယ်လုပ် ထားမခုတ်မ ကျန် သုံးဆယ့်တစ်နိုင်ငံတွင် ပြိုင်စံလို့ ကင်းပါတဲ့ သေမင်းမည်ငြား မရဏာသန္ဒအရှင်ဘုရား၊ ညွတ်လျှိုး ဝပ်တွား၍ ခစားလျက်ရှိကြောင်းပါ ဘုရား....

**မရဏာသန္ဒမင်း** ကရွတ်ကင်းသွား ရဟပ်ချွားပမာ ဆိုလည့် သည့်နွားခမျာလို ကျင်လည်ကာ ကျက်စားပြီး ထက် ဖျားအောက်ရောက် တောက်လျှောက် ဆင်းနေကြ တဲ့ သတ္တဝါခပင်း ဝေနေယျတသင်းတို့ကို စာရင်း

ကောက်၍ ငါ့လက်အောက်သို့ အရောက်အပ်နှင်းရမည့် မောင်မင်းများ....

**မှူးမတ်အမတ်** ကေတိသ ဘုံဘဝတွင် စုန်ကြဆန်တက် မြုပ်လျက်ပေါ်ရှာ စောသတ္တာအစ ရဟန္တာမကြွင်း စကြာမင်းအပါ ဒွန်းစလွှား တံငါခပင်းတို့ကို မသာစာရင်း ကောက်၍ တောက်လျှောက်အမြဲ တဆွဲထဲဆွဲနေကြောင်းပါ ဇာတိတိုင်းရှင် ဘုရင်မရဏာသန္တမင်းကြီးဘုရား....

**မရဏာသန္တမင်း** အင်း ကောင်းပြီဗျာ ကောင်းပြီဗျာ....ပျော်ပျော်ပါးပါး စားစားသောက်သောက် မှားမှောက်ချိန်ကုန် ဘိုင်စကုတ်ရုပ်ရှင် အဖုံဖုံနှင့် ပျော်မျိုးစုံ လိုက်စားတဲ့ သတ္တဝါများ မထားရစ်ခဲ့နှင့်နော်....

**ဇာရာအမတ်** မှန်လှပါ ခြေရုံလင်မယား သွီးသားနှင့် စီးပွားအာရုံ ကာမဂုဏ်ကို ခုံမင်နှစ်သက် ချစ်လျက် မှောက်မှား တသက်လောက်ထင်စားနေတဲ့ လူငွေးလူယုတ် လူစုတ်လူချာ လူမသမာတွေကို အခါ မလင့်အောင် အသင့်ခေါ်နေကြောင်းပါဘုရား × × ×

## ကြမ္မာပုဏ္ဏားထွက်စေ

အင်း မရဏာသန္တမင်း ရွှေနန်းက လေသန်းတဲ့ စကားတော့ ကြားရပြီ၊ ရွှေနန်းဝင်ပြီး ခစားအုံးမှဘဲ

လေ၊ ကဲ....မူးမတ်အပေါင်း ခြံရံ၍ နန်းပါးသို့ ပို့တော်မူစမ်း × × ×

မှန်လှပါ ညီလာခံ ကြားရ အမင်းမင်းတို့၏ထွတ်ထိပ် တံဆိပ်လျှံဝါ ဘုန်းရောင်ဖြာကြွ မရဏာသန္ဓရွှေဘွဲ့တော် သပါတဲ့ ရာဇသခင် အရှင်မြတ်ကြီးဘုရား....

**မရဏာသန္ဓ** အလို ခန္ဓာပူရ ပြည်အတွင်းက ကာယမနမင်းကို တကိုယ်ချင်း ခစားနေတဲ့ သတင်းကျော်ကြား မင်းဆရာ ပုဏ္ဏားကြီးပါကလား ဘယ်အရေး ဘယ်ကိစ္စရှိလို့ ဇာတိ ရွှေပြည်သို့ ခြေတည်ပြီးလာခဲ့တယ် ဆိုတာ သံတော်ဦးတင်စမ်းပါအုံး မင်းဆရာကြီးရဲ့....

**ပုဏ္ဏား** မှန်လှပါ သုံးဆယ့်တစ် နိုင်ငံ ပြည်အတန်တန်တို့က ကြိုးလျှံမကင်း ခ,ဝပ်စင်းလျက် အမင်းမင်းတို့၏ရာဇိန် သမ္ဘာတော်ရှိန်လှသည့် ဇာတိန်ပြည်ကြီးရှင်ဘုရား....

တရားခပင်းနှင့် မမှားယွင်းရအောင် စကားသွင်းလိုသည်မှာ ခန္ဓာပူရ နာမထင်ရှား ကာယမန အရှင်တပါးဟာ ထောင်လွှား မာန်တက် တုဘက်ကင်းစင် ငါ့ပြင်မရှိ မှတ်ထင်ဘိ၍ သတိမထား တရားမလိုက် အမိုက်ကမ်းကုန် ခပ်မှုန်မှုန်မျက်နှာထားနှင့် အရှင်ဘုရားကိုပင် အရှင်မထင် အလျဉ်းပင်ဂရုမစိုက် သူ့အကြိုက် ကာမဂုဏ်ဒေဝီနှင့် အလီလီ ပျော်ပါးပြီး

ဝါကြွားဂုဏ်ခံ၍ ပုန်ကန်မည့်အရေး လာမည့်ဘေးကို မနေ့းချက်ခြင်း နှိမ်နင်းပါမည့်အကြောင်း လက်ဆယ်ချောင်း ထိပ်မှာမိုးပြီး ရှိခိုးသံတော်ဦး တင်ပါသည် ဘုရား....

**မရဏာသန္တ** ဒီအတိုင်းဝေကန်အမှန်ဘဲလား မင်းဆရာကြီးရဲ့....

**ပုဏ္ဏား** ဝေကန် အမှန်ဖြစ်ကြောင်းပါ ဘုရား....

**မရဏာသန္တ** ဒီစကားကြားရ လားလားမှမကြိုက် ကာယမနငမိုက်တော့ အပြစ်ဒဏ် ထိုက်နေပြီဗျား....

**ပုဏ္ဏား** ကာယမနငမိုက်ဟာ အမတ် ဒုစရိုက်နှင့် အကုသိုလ် တသိုက်ကို မပြတ်လိုက်နေပါသည် ဘုရား....

**မရဏာသန္တ** သူ့ထံပါး ခ,စားတဲ့ ပညာရှိ အမတ်များ မရှိဘူးလား မင်းဆရာကြီးရဲ့....

**ပုဏ္ဏား** မှန်လှပါ ပညာဗလ, သမ္ပဇဉ်နှင့် သုစရိုက်အကျော် မတ်မဟော်တို့က တော်,မတော် သင့်,မသင့် တရားကို ထောက်ချင့်၍ လျှောက်သင့်တာကို လျှောက်ပါသော်လည်း အချည်းနှီးစကား ရွှေနားတော် မကြားချင်ဘူး နောက်ထပ်၍ မတင်နှင့်ဟု အမြင်တော်ကပ်ပြီး နန်းရပ်က နှင်ချပါသည်ဘုရား....

**မရဏာသန္တ** သို့တာဖြင့် တရားဓမ္မနှင့် နားချလို့မရဘူးပေါ့....

**ပုဏ္ဏား** မှန်လှပါ ဓမ္မက္ခန်အမြင်နှင့် မှန်ရာတင်လို့ မရကြောင်းပါဘုရား....

**မရဏာသန္တ** အင်း အင်း ဒါ, သိ, ဘာ ညှိဖျင်းတဲ့ ကာယမန ပါပမင်းတော့ မသာစာရင်းသွင်းဘို့ အချိန်တော်နေပြီ မင်းဆရာ ပုဏ္ဏားကြီးရဲ့....

**ပုဏ္ဏား** အရှင့်ဘောင်သို့ ခပ်မြန်မြန် ခေါ်ဆောင်သင့်ပါပြီဘုရား....

**မရဏာသန္တ** ရဲစွမ်းသတ္တိ ဂုဏ်အထူးရှိတဲ့ ဗျာဓိအမတ်ကြီးဗျား....

**ဗျာဓိ** အရှင့်ခြေဖျား ပါဒ်နားက **ခစား**ဝပ်လျိုး ရှိခိုးလျက်ပါဘုရား....

**မရဏာသန္တ** ပုဋ္ဌဝကရွာစားက သူ့ကိုယ်သူ ဘုရင်တပါးရယ်လို့ ဝါကြွား ပ, လွှားပြီး ငါ့အားဂုဏ်ခံ ပုန်ကန်တာ အမှန်ဖြစ်လျှင် သူပုန်ရန်အစစ် ဝေကန် အမှန်ဖြစ်နေပြီ၊ ကာယမနအမိုက် အပြစ်ဒဏ်ဆိုက် မနေဘူးလားမင်းကြီးရဲ့....

**ဗျာဓိ** ကာယမနငမိုက် အပြစ်ဒဏ်ထိုက် နေကြောင်းပါဘုရား....

**မရဏာသန္တ** အင်း အင်း အရှင်ကို အရှင်မမှတ် ငါးခန္ဓာဒြပ်ကို အဟုတ်အဟပ်စွဲထင် ဝိပ္ပလ္လာစူးဝင်၍ မှားသုံးအင်အလွဲ ငါ့ခန္ဓာမြဲဘယ်လို့ အသည်းခိုက် မှောက်မှားကာယမန သဘောက်သားကို မထောက်မထားပြုမှတော်မကိုးဗျား....

ကဲ ကဲ....ငါကိုယ်တော်မြတ် တချက်လွှတ် **အမိန့်** တော် သတ်မှတ်တော်မူမယ်၊ ဗျာခိအမတ်ကို **ကာ** နယ်ရာထူးအပ်၍ စစ်သည်တော်တပ်များနှင့် ကာယ မန ငမိုက်သားကို ငါ့ကိုယ်စား စေတမန်နဲ့ ခပ်မြန်မြန် ခေါ်ဆောင်နှင်းပြီး ငါ့ထံရင်းသို့ အကျဉ်းသား၏နေ နှင့် ပို့ဆောင်စေဗျား၊ အကယ်၍ အသာအယာ**ခေါ်** ဆောင်တာကို မလိုက်လျှင် ပါလာသော စစ်တပ်နှင့် တိုက်၍ အသေပိုက် ယူခဲ့စေဗျား၊ ငါကိုယ်တော်မြတ် အမိန့်တော်....

အင်း အင်း သုံးဆယ့်တစ် ဝဋ္ဋအတွင်းက မလွှတ် ကင်းတဲ့ အများတသိုက်ကို တအားစိုက်ကာ **အသေ** ဖမ်းရင်းနှင့် ရှေ့နန်းတွင်းအအေးရိပ်က တမှေးအိပ် လိုက်ဦးမယ် မင်းကြီးများ × × ×

---

## အခန်း (၄)

## ဗျာခိအမတ် ထွက်စေ

စာရှိအရပ်ရပ် ပါဋ္ဌိမည့်ပ်ပါဘူး ဇာတိအရပ်က ထွက်ခဲ့တဲ့ ကျုပ်ကတော့ **ဗျာခိအမတ်ကီး**ဗျ ..

အင်း မရဏာသန္တမင်းမြတ်က စစ်ရေးစစ်ဆင်ပြီး စစ်ပြင်ကာဝိုင်း၍ခန္ဓာတိုင်းသွားချေတော့လို့အဆော တလျှင် စေခိုင်းချက်ကြောင့် မဆိုင်းမနေ ထွက်လာ

ခဲ့ရတယ်၊ ရဲမက်ဗိုလ်ပါ **တသင်းနှင့်** စစ်ဗျူဟာခင်း ပြီးတော့ ငါ့ထံရင်းသို့ ဆောင်ရမယ်တဲ့၊ အကယ်၍ ရှောင်ဖယ်လျှင် နောင်တသွယ် အငြင်းမပွားရအောင် အတွင်းသားစစ်တပ်နှင့် ပစ်ခတ်၍ **သတ်** စေတဲ့....

ကဲ စစ်ရေး စစ်ဆင်ပြီး စစ်ပြင်အုံးမှဘဲလေ၊ ဆန ဝုတိ **ရောဂါ** သုံးဆယ့်နှစ်ပါးသော ကံကြမ္မာ **ဘေး ဆယ်တန်ရောစပ်၍သောဌသဥပဒ္ဒဝေါ်တို့** ဆိုသလေ....

**ဆနဝုတိ** ဘုရား....ဘုရား....

**ဗျာဓိ** ဘုန်းမီးနေလ တေဇတောက်လင်း အမင်းမင်းတို့၏ အရှင် မရဏာသခင်၏ အမိန့်တော် စာချွန်အရ ခန္ဓာ ပူရတိုင်းသို့ မဆိုင်းမတွ စစ်ချီကြရမည် အသင့် ပြင်စေ....

**ဆနဝုတိ** မှန်လှပါ ဟတ္ထပါဒ ဒန္တရောဂါ များစွာခပင်း ရဲတသင်းတို့ စစ်ဆင်းစစ်တက် စစ်ဘက်စစ်ဆင် **စစ်** ရေးပြင်လို့ အသင့်ပြီးကြောင်းပါဘုရား....

**ဗျာဓိ** ကဲ ကဲ ဆနဝုတိ မည်ရှိသညာ သုံးဆယ့်နှစ်ဖြာသော ကံကြမ္မာနှင့် အရံအကာ အသေးအငယ် မကျန် ရအောင် ဘေးဆယ်တန် ဥပဒ္ဒဝေါ်တို့ပါ ဗုဒ္ဓအဟော **ကပ်သုံးပါးအပြင်** တပ်လုံးအများ **ဝေဒနာအပေါင်း** တို့နှင့် ငွေခရာမောင်း မှုတ်ဆော်တက်လို့မို မဆုတ်

အော်လျက် ညံစွာဆူကြ၍ ခန္ဓာပူကာယဖမ်းရအောင် ဒါသကျန်း ယခု တပ်တို့က ခရုပတ်အမြန်ဝိုင်းပြီး **ခန္ဓာ** တိုင်းသို့ တက်တော်မူစမ်း × × ×

ဟော့ ...ဟိုရွှေကတော့ ခန္ဓာပူရတိုင်းပြည်ဘဲ၊ ငါ လာရင်းသိရအောင် ကာယမင်း ပြအုံးမှဘဲလေ၊ ကဲ ခန္ဓာတိုင်း တခါနင်းလိုက်မယ် ကာယမင်း **သိစေ** သတည်း....

**ကာယမန** အလို.... ခန္ဓာပူရမြို့ကြီးသို့ အသီးသီးဝင်လာလိုက် ကြတာ ကိုးဆယ့်ခြောက်ဖြာ ဝေဒနာတို့ပါကလား...် အောင်မယ်....ရွှေနောက်ဝဲရံ ဘေးဆယ်တန်နှင့် ကဲ ကြမ္မာခပင်း ဉပဒ္ဒဝေါ တသင်းတို့လဲ ပါကြသကိုး၊ ဘယ်အရေး ဘယ်ကိစ္စဆိုတာ တဆိတ်လောက် ပြော စမ်းပါအုံး ဗျာဓိအမတ်ကြီးရဲ့....

**ဗျာဓိ** ဟော့ ပုဏ္ဍဝကရွာစား မင်းကိုယ်မင်း ဘုရင်တပါးရယ်လို့ မာန်မထွားပါနှင့်ကွ၊ မရဏာသန္ဒ အရှင်တပါးက စာချွန်တော် ပါးလိုက်တယ် နားစိုက်ပြီး ထောင် လိုက်စမ်း....

**ကာယမန** အလို လာလာချင်း စကားကြော တင်းလှချည့် လား၊ မရဏာသန္ဒအရှင်တပါးက စာချွန်တော်ပါး လိုက်တယ်လို့ အလကား စကားတွေ ပြောမနေစမ်းပါ နှင့် ဗျာဓိအမတ်ကြီးရယ်....

ဗျာဒိ အောင်မယ် မလေး မစား အရေးမထားတဲ့ စကားနှင့် မရဏာသန္တအရှင်တပါးကို အထင်အရှားသရော်လိုက်တာပေါ့လေ၊ ဟော့ ဟော့ မလျော်မိုက်မဲ စကားတွေကဲမနေနှင့် မရဏာသန္တမင်းရဲ့ ဆိုလိုရင်း စကားကို ခပ်ရှင်းရှင်း နားထောင်....

ဇာတိခေတ်, အာဏာခေတ်, ဝိသယခေတ်ဟု ဆိုအပ်သော တိုင်းကြီးသုံးရပ် ဘုံကြီးသုံးဆယ့်တဘုံတွင် စုန်ချည် ဆန်ချည် ကျင်လည်ကျက်စား ပြေးသွားကြသော ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာသာဝကတို့ကို မလွတ်ရ ရှိရှိသမျှသော ဘဝတို့ကို ချိုးဖျက်၍ အသက်ဇီဝိန္ဒြေကို အစိုးရတော်မူသော သုဂတိ ဒုဂ္ဂတိဘုံဝဋ္ဋတေးမြုံတွင် အစုံစုံသော တိုင်းငယ်ပြည်ကြီးအသီးသီးသော ကျေးလက်ခရိုင် အဖြိုင်ဖြိုင်သော နိုင်ငံအပေါင်းတို့နှင့် သောင်းသောင်း ခြိမ့်ခြိမ့် သိမ့်သိမ့် ဖြာဖြာ စည်ပင်သာယာစွာ တန်ဆာဆင်အပ်သော **ဇာတိပုရ**ပြည်ကြီးကို စည်ထီးနှင့်တကွ ဘုန်းမီးနေ လ အစိုးရတော်မူသဖြင့် **မရဏာသန္တ** ရွှေဘွဲ့တော်သသော ဘဝရှင်မင်းတြားကြီး အမိန့်ရှိတော်ရှိလိုက်သည်၊ ပုဋ္ဌုဝကရွှာစား ကာယမနငမိုက်သား နာခံရမည်မှာ မောင်မင်းသည် ပုဋ္ဌုဝကရွှာစား ငါတကားလို့ စိတ်ထားမထင် မာန်တင်ထောင်လွှား ဘုရင်တပါး

ကို မထေလေးစား အရှင်အား အရှင်မမှတ် အရပ်ရပ်သော အပြစ်တွေ လွန်ကြူး၍ သူတထူး ကျေးဇူးကိုလည်း မမျှော် မထောက် မကြောက်မရွံ့ ရဲဝံ့ဟော့ရမ်းသောင်းကျန်းပုံကန် သူပုန်ဆန်သည်ဟု ငါကိုယ်တော်မြတ်နား ကြားတော်မူဘိ၍ ဗျာဓိအမတ်ကို အမိန့်တော်စာချွန်အပ်လျက် ပုဋ္ဌဝကရွာရပ်သို့ ငါမင်းမြတ်လွှတ်လိုက်သည်၊ စည်းစိမ်မပျက် အသက်မသေ တည်လိုသည်အရေး ရှိလိုသေးလျှင် မနှေးလွယ်ကူ စေသောသူနှင့် အတူကောက်ကောက် ငါ့ခြေအောက်သို့အရောက် လိုက်ခဲ့ရမည်၊ အကယ်၍ အမိန့်တော်မတည်သွေဖီငြင်းဆန် အတန်တန်ယွင်းချွတ် မကိုင်းညွတ်ခဲ့သော် ရာဇဝတ်တော် တရားနှင့် မောင်မင်းအား ထင်ရှားအောင် စီမံရမည်၊ ဇာတိပူရ ဘုန်းတေဇလင်းတဲ့ မရဏာသန္ဓမင်းတြားကြီး အမိန့်တော်....

**ကာယမန** ဟား....ဟား....ဟား.... မရဏာသန္ဓအရှင်တပါးက ပုဋ္ဌဝကရွာစားရယ်လို့ မတော် မလျော် တင်စားပြီး ငါ့ကို သရော်တာပေါ့လေ၊ဒီလိုလေ ဗျာဓိအမတ်ကြီးရဲ့ လိုက်သင့် လိုက်ထိုက်က လိုက်မယ်၊ ရောက်သင့် ရောက်ထိုက်တဲ့ အချိန်ကျတော့ ရောက်မယ်၊ ဘာကိုမှ အနှောက်အရှက် ပေးနေစရာ မလိုပါဘူး၊ ခပ်မြန်မြန် ပြန်သွားစမ်းပါ....

**ဗျာဓိ** ဟော့ ကာယမန အမိန့်တော် စာချွန်ကို ဦးထိပ်ရွက်ပန်ဆင်ပြီး အလျင်အမြန် လိုက်,မလိုက် သို့မဟုတ်က စစ်သော်လည်း တိုက်, မတိုက် အကြိုက်ကိုဆိုစမ်း....

**ကာယမန** သီရိကြက်သရေ တက်ဖြိုးဝေလှ ခန္ဓာပူရကို အစိုးရတဲ့ ရာဇာသခင် အရှင်တပါးကို ယခုလို စော်ကားမောက်မာ စာချွန်တော် လာတာများ အံ့ပါရဲ့ကွယ် ဗျာဓိအမတ်ကြီးရယ်....

ဟဲ့ ဗျာဓိအမတ်ကြီး **ပ အာ တေ ဝါ** ဘုတ်လေးဖြာတို့ ခိုင်မာတောင့်တင်း ငါ့ခန္ဓာအတွင်းမှာ ဘာကိုမှ မချွတ်ယွင်းဘူးဆိုတာ မောင်မင်းတို့ ဘုရင်သိစေချင်တယ်ကွဲ့၊ ဒီမှာလေ ဗျာဓိအမတ်ကြီးရှဲ **ကံ, စိတ်, ဥတု, အာဟာရ** တည်းဟူသော အလုပ်သမားလုလင်တစုတို့က တခုမကျန် ငါ့နိုင်ငံကို အဖန်ဖန်ပြုပြင်ပြီး နေတယ်ကွဲ့၊ ဘာမှ နယ်ချဲ့စရာမလိုဘူးလို့ မင်းဘဲ သံတော်ဦး ကြည့်တင်လိုက်ပါကွာ....

ဟော့ ဗျာဓိအမတ်ကြီးရှဲ ငါလေ ဒါ့ကြောင့်မို့လို့ **နိစ္စ, သုခ, အတ္တ**သုံးအင် ငါကိုယ်တော် ထင်နေတယ်ကွဲ့၊ မင်းလှည့်ပြီးတော့သာ ပြန်သွားပါကွာ....

ငါ့ရဲ့ ခန္ဓာပူရ တိုင်းပြည်ကြီးကို မမြဲပါတကားလို့ ဆိုတဲ့ **သံဝေဂ**တရားများ လားလားမှ မကြားချင်ဘူးဟော့....

မရဏာသန္တ ဘုရင်က ခေါ်ငင်သူ့အောက် အရောက်လိုက်ခဲ့ရမယ် ဆိုတဲ့စကားကို နောက်ထပ်ပြီး မပြောကြားပါနှင့်တော့ကွာ....

ဘိုင်စကုတ်ရုပ်ရှင် ပွဲသဘင်ကို တူယှဉ်ကာနဲ့ ကာမဂုဏ်နှင့်တွဲပြီး ပျော်ပွဲကြီး ဝင်နေတယ်ကွဲ့....

**ဗျာဓိ** ဟော့ ကာယမန ပေါမွှား မင်းတို့လို အန္ဓအစား မဆို ထားနှင့် ဘုရားဗုဒ္ဓ စောသတ္တတောင် ခေါ်ဆောင်လို့ ရသေးတာဘဲ၊ မင်းက ဘာကောင်မို့လို့လဲ၊ ကဲ စကား ပေါ့ဖျင်း အပိုသွင်းမနေနှင့် လိုရင်းကိုသာ ခပ်မြန်မြန် ပြောစမ်း....

**ကာယမန** အလို....မရဏာသန္တ အရှင်သခင်က ငါ့ကိုယ်ကို သူပိုင်တယ်လို့များ ထင်နေတာ တော်တော်ကိုဘဲ အံ့စရာကောင်းတဲ့ ဘုရင်ကြီးဘဲ....

ဟော့ ဟော့ ဗျာဓိအမတ်ကြီး ဒီကပြောတဲ့စကားကို သေချာစွာ မှတ်သားပြီး နားထောင်စမ်း၊ ငါဟာ လေ- သံသာရေတလွှားမှာ ခန္ဓေအစားစားနှင့် သန္ဓေ လားပြီးတော့ ဂရုံမြေထားတယ်ဆိုတာ မသိဘူးလား ဟော့....

**ဗျာဓိ** အောင်မယ် ပုဂ္ဂုဝကရွာစား ကာယမန ပေါမွှားက သူ့ကိုယ်သူ အပိုင်ထားပြီး စတိုင်နှင့် ကြွားနေလိုက် တာနော် ဖြစ်မှဖြစ်ရပလေ....

ဟော့ ကာယမနရှဲ ခန္ဒာပူရ နာမပြည်ငယ် ဂျင်ကလယ်ကို ခင်တွယ်မာန်တင်း တရားကင်းပြီး ထန်ပြင်းခုခံ သူပုန်ဆန်နေတာများ လူကြားပါ့ မကွာ.... တယ်ပြီး တရားဘိတ်ကင်းတဲ့ ပါပမင်းဘဲ၊ ဟော့- ခပ်ရှင်းရှင်းဘဲ ပြောစမ်း စကားတွေ သော့သွမ်းပြီး ဟော့ရမ်းမနေနှင့် အချိန်လင့်တယ်ကွာ....

**ကာယမန** ဟော့ ဗျာဓိအမတ်ကြီး မင်းအရှင် ခေါ်တာကို.... ငါ မလိုက်ဘူး၊ စစ်တိုက်လိုက တိုက်လော့၊ ပြန်လိုက ခပ်မြန်မြန် ပြန်လော့....

**ဗျာဓိ** ကဲ....ပြောနေကြာရော့ ဒီလိုဆိုလျှင် စစ်ရေးစစ်ဆင် စစ်ပြင်လို့ တိုက်တော့မယ်....

ဟော့ ကိုးဆယ့်ခြောက်ပါးသော ရောဂါ,သုံးဆယ့်နှစ်ပါးသော ကံကြမ္မာနှင့် ဆယ်တန်သောဘေးရောထွေး သောင္ဃ ဥပဒ္ဒဝေါတို့လေ....

**ဆနဝုတိ** ဘုရား ဘုရား အချိန်မလင့် အသင့် ရှိကြောင်းပါ ဘုရား....

**ဗျာဓိ** ကာနယ်မေဂျာ အရာခံတပ်ကြပ် အထပ်ထပ်သော တပ်သားတို့ အစားစားသော လက်နက်ဆင်၍ တွင်းပြင်မလပ် ခန္ဒာပူရအရပ်ကို ပစ်ခတ်လို့ ဖမ်းရမဟော့.... ကဲ....ဆနဝုတိတပ်က ရှေးဦးစွာ ပစ်ခတ်လို့ဖမ်းစမ်း....

**ဆနဝုတိမိုလ်** မှန်လှပါ ဟတ္ထ, ပါဒ, ဒန္တ, ရောဂါ များစွာ ခပင်း စစ်သည်တော်တသင်းနှင့် အတွင်းက ပစ်ခတ်လို့ ဖမ်းပါမည်ဘုရား....

ကဲ....တပ်စွဲမယ်ဟေ့ ပုဏ္ဏဝက ခန္ဓတိုင်းကို ယခု ခဏ ဝိုင်းပါရေ့ အသုဘဆိုင်း ထံတျာညှင်း၍မို့ မရဏမင်း အမိန့်အာဏာဆောင်ပြီး မသမာကောင် အရှင်ဖမ်းရအောင် ရင်ဘောင်တန်း၍ တိုက်ကြစမ်း....

**ကာယမန** အလို မရဏာသန္ဒ အကျော်မင်းက လာခေါ်ခြင်း မလိုက်တာနှင့် စစ်တိုက်တဲ့အရေး ကျုပ်ဘယ်လိုတွေး ရပါ့မယ်၊ ခုတော့ဖြင့် သေဘေးနှင့်ရင်ဆိုင် ယှဉ်ပြိုင်လို့ တိုက်ရတော့မှာဘဲ....

အင်း အင်း ကိုးဆယ့်ခြောက်တပ်ရင်း ငါ့အတွင်း မဝင်ရအောင် မှူးမတ်တို့နှင့် ကြံဆောင်မှ ဒီရန်အောင်တော့မကိုး....

**ကာမဂုဏ်** မှန်လှပါ အုတ်အုတ်ကျက်ကျက် ရှတ်ရက်ဆူညံ လက်နက်သံတွေနှင့် ခက်ထန်ကြမ်းကြုတ် တိုင်းပြည်ထဲရှုပ်နေတာ ဘယ်အရာ ဘယ်အခြင်းရယ်လို့ အခင်းသွား မိန့်တော်မူပါဦး မောင်မောင်ဘုရား....

**ကာယမန** အို .. မိဖုယားကြီးရယ် နှလုံးမတုန် ရင်မခုန်ပါနှင့် နော်၊ဘုံသုံးခွင် အာဏာရှတဲ့ မရဏာသန္ဒမင်း တဆူက

အတင်းယူကာ ပါဒ်အောက်သို့ အမြန်ရောက်ရန်
စာဘာမန်နှင့် ထောက်သော်လဲ ဒီ ရာဇသံလောက်
တော့ ငါအမှန် မကြောက်ဘူးလို့ ငြင်းဆန်တာ
ကြောင့် ဝန်းရံကာ ချီတက်၍ ပြည်ဖျက်ရန်အကြမ်း
နည်းနှင့် ဖမ်းဆီးရန်လာကြတဲ့ တပ်ဆော်သံတွေ
ပေါ့ မိဖုယားကြီးရဲ့....

**ကာမဂုဏ်** တိုက်စည်တိုက်မောင်းတို့ သောင်းသောင်း အုတ်
အော် တပ်ဆော်တပ်နှိုး တပ်အမျိုးမျိုးတို့နှင့် ဝပ်
လျှိုးတပ်စွဲလို့ တိုင်းပြည်ကြီး အကြပ်အတည်း တွေ့
နေပါပေါ့ဘဲ မောင်မောင်ဘုရား....

**ကာယမန** တွေဝေမရှိ သတိပြုပါ မိဖုယားကြီးရယ်၊ ဇာတိ
အရပ်ကလာတဲ့ ဗျာဓိအမတ်ကို အပြတ်အသတ်ချေ
မှုန်းဘို့ ရွှေဘုန်းတော်အပါး မြဲခစားတဲ့ လေးပါး
အကျော် မတ်မဟော်တို့ အရှိသားနှင့် မဒီတပါး
လှုကညာမှာ အစစအရာရာ ပရိဒေ မပွားရအောင်
ကိလေသာ အဖေါ်များနှင့် ပျော်ပျော်ပါးပါးကြီး
ရွှေနန်းပေါ်မှာ စံနေတော်မူပါ မိဖုယားခေါင်
ကြီးရဲ့....

**သားတော်ရာဂ** မှန်လှပါ သတိုးနွယ်စစ် နေကဖြစ်တဲ့ ဧက
ရာဇ်ဘုန်းမော် ခမည်းတော်ဘုရား၊ သားတော်မောင်
သံတော်ဦးတင်ပါရစေဘုရား၊ ခမည်းတော်၏ ကိုယ်

စား သားတော်တပါး လက်ျာဖျားက ကြောထား ပြပြီး အသေးအမွှား သူပုန်ရန်ကို အကုန်လှန်တိုက် ဖျက်ဘို့ ဗိုလ်မှူးဗိုလ်ချုပ်တို့ကို ထိန်းအုပ်ကာကွပ်ကဲ၍ ဒီစစ်ပွဲ နွှဲပါရစေဘုရား....

**ကာယမန** မျက်ရှိန်ပကတေ့ စက်ရှိန်ငွေ့တဲ့ အိမ်ရှေ့ဘုန်းခေါင် သားလှမောင်ဗျား၊အိမ်ရှေ့ဥပရာ သားရတနာ ရယ် အရွယ်နုထွေး လွန်ငယ်သေး၍ စစ်ရေးစစ်ရာ မလိမ်မာသေးသောကြောင့် ခပ်အေးအေး နေပါအုံး ဗျား၊စစ်အတတ်မှာ လိမ်မာပါးနပ်တဲ့ လေးရပ်သော အမတ်ကြီးများက တပ်ချကာတိုက်ထုတ် အကုန်လုံး ပြုတ်အောင် တမုဟုတ်ချင်း ခုတ်ထွင်းကာ သုတ်သင် ပါလိမ့်မယ်ဗျ၊ ပြည်သူအများကို ကြည်ဖြူကာ သနားသဖြင့် တရားစီရင် လွှတ်သဘင်က ပျော်ရွှင် စွာနေစမ်းပါ သားရတနာရယ်....

**သားတော်ရာဂ** မှန်လှပါ ခမည်းတော်အမိန့်သံကို မငြင်း မဆန် နာခံပါမည်ဘုရား....

**ကာယမန** အင်း....ကောင်းပြီဗျ ကောင်းပြီဗျ၊ ငါ၏လစာ မင်းရိက္ခာကို ယူကာစားသုံး မတ်အားလုံးတို့....

**အမတ်ကြီးများ** အရှင်ဘုရား ချီးမြှောက်စား၍ ခမ်းနားပြည့် တင့် အရံသင့် ရှိကြောင်းပါဘုရား....

**ကာယမန** ခန္ဓပြည်ခွင် ထက်ဝန်းကျင်ဝယ် တွင်းပြင်မလပ် ဝိုင်းရံပတ်လျက် စစ်မက်ဗိုလ်ခြေ ဇာတိပြေကာ ရန်တွေတသင်း ခန္ဓေသို့ဆင်းလာပြီဗျ၊ ထိုရန်တသင်းကို နှိမ်နင်းပစ်ခတ်လို့ စစ်တပ်နှင့် တိုက်ပေတော့ဗျား....

**ပညာဗလ** မှန်လှပါ ရွှေဘုန်းတော်ခိုလှုံ၍ သူပုန်ရန်အရှုပ်ကို တိုက်ထုတ်ဘို့အရေး ခုမနေး တပ်ရင်းနှင့် ဖြိုခွင်းပါမည် ကာမဂုဏ်ဒေဝီအမော်နှင့် ရွှေနန်းတော်ပေါ် ပျော်ပျော်ကြီး ခံစားတော်မူပါဘုရား....

**ကာယမန** ဒုစရိုက်အမတ်မင်းက ဘယ်နည်းဘယ်ပုံ ဖြိုခွင်းမယ်ဆိုတာ သံတော်ဦးတင်စမ်းပါအုံးဗျား....

**ဒုစရိုက်** မှန်လှပါ အထက်ဆရာကြီးဂိုဏ်း နတ်လမိုင်းတို့နှင့် တွင်းပြင်က မှိုင်းမပြီး ဝိုင်းချပါမည်ဘုရား....

**ကာယမန** အင်း အင်း အထက်ဆရာကြီးဂိုဏ်း နတ်လမိုင်းတို့က စောင့်ဆိုင်းအုံးဗျ.... ပညာဗလ သမ္မာဇညနှင့် စသုရိုက်အကျော် မတ်မဟော်တို့ နိုင်ပုံမပေါ် မှလမိုင်းနတ်နှင့် ဆော်ပေတော့ဗျား၊ ကဲ ပညာဗလ အမတ်ကျော်က တပ်ဆော်သံပေးပြီး ခုမနေး အမြန်ပြင်တော့ဗျား....

**ပညာဗလ** မှန်လှပါ စိတ်ချတော်မူပါဘုရား....ကဲ မရဏာမင်း ဇာတ်ပြည်က ဗျာဓိမည်တဲ့ အမတ်မိုက်ကို တိုက်ထုတ်ဘို့အရေး စစ်ဆင်လို့ ပေးအုံးမှဘဲလေ....

ရွှေနောက်ဆင်ခြင် ဉာဏ်အမြင်ရတဲ့ အို့ဘျ- သမ္မဇညအမတ်ကြီး၊ စစ်ရေးစစ်ရာ လိမ်မာပါးနပ် ဒိဝိဇ်ဇပ်နှင့် ရွှေတည့်တည့်အရပ်က ပစ်ခတ်လို့သာ တိုက်ကြစို့လား....

သမ္မဇည အမတ္တက သေနင်္ဂအားလုံး စုရုံးပြီးတော့ ကင်းပုန်းချပေတော့ဗျ....

သုစရိုက် အမတ်မင်းကတော့ ခန္ဓာတွင်းရောက်မသွားအောင် ပြောက်ကျားဆင်ထားဗျ....

ဟော....ပြောရင်း ဆိုရင်းနှင့် ရှေ့က လာနေတာဆနစုတိ တပ်ရင်းဘဲ အတင်းဝင်လာပြီဟေ့....

ဟေ့ ဟေ့ **ဩသဓဗိုလ်** ဒီလိုကြည့်နေလို့ မဖြစ်ဘူးဟ၊ နရသုခိ နရမာလာ အဖြာဖြာသော လက်နက်တိုက်တွေ ဖွင့်စမ်း....

**ဩသဓဗိုလ်** မှန်လှပါ ငန်းနီကျော် ငန်းဝါ ဇဝက်သာ သိန္ဓောပဒဲကော နွယ်ချို ငယ်ပိုမုတ်ခါး ငါးပါးစမုံမျိုး ကွမ်းရိုးချင်းခြောက် ဒေါက်ရပ်ခေါက် မြင်းခွါ ဖာလာ လေးညှင်း ပိတ်ချင်း ကြဇု ပန္နု ကန့်ချုတ် တြိကဋုက်ရှုန်းခို ဇာတိပ္ဖိုလ် ရေတ်ကောင်း ထောင်သောင်းထပ်ထပ် အရပ်ရပ်သော ကျည်ဆံတို့နှင့် လာသမျှရန်ကို ခုခံတိုက်ထုတ်၍ အမြစ်ပါဖြုတ်ပါမည်၊ စိတ်ချတော်မူပါ မင်းဘုရားကြီး....

**ဆနုဝုတိမိုလ်** ဟော့ တပ်မဟာ ကိုးဆယ့်ခြောက်ထဲက **ဘေးထိုး ရင်ကြပ်** တယောက် ထွက်ပြီး တိုက်စမ်း....

**ဘေးထိုးရင်ကြပ်** စိတ်ချပါ ဗိုလ်မှူး စိတ်ချပါ၊ ဒီအတွက် တာဝန်ယူပါတယ်၊ အင်းစစ်ရေးစစ်ရာ လိမ်မာပါးနပ်တဲ့ ကျုပ်ကတော့ ဘေးထိုးရင်ကြပ်ကိုးဗျ....

ကာယမနကိုမကြောက်လို့ ကိုးဆယ့်ခြောက်ထဲက တယောက်ထဲ ခွဲထွက်ပြီး လာခဲ့တာဘဲ....

ကဲ ပြောနေကြာရော့ အသည်းခိုက် ဆူညံ၍ အူ အတန်တန် ဇွတ်ထိုးရအောင် ချွတ်တမျိုး ပြတော်မူပါ အုံး ရှာစားရယ် ...

**ဩသဓမိုလ်** အလို ဂရုစိုက်အုံးမှဘဲဟော့ မုခ တံခါးက တဟာဟာ တဟိုက်ဟိုက်နှင့် ဖိုလှိုက်ဖိုလှိုက် ဖြစ်နေပြီ၊ ငါတို့ကိုမှ တော်တော့မကိုး....

အသုံးမကျတဲ့ **ရင်ကြပ်** တော်ရာသို့ ကပ်ရအောင် **လေရှစ်ဆယ် ဆော်ဒါစပ်ပြီး** မော်တာ သေနတ်နှင့် ပြောင်းချိန်လို့ ပစ်လိုက်မယ် ယောကျ်ား ခေါင်း လိမ်လို့ လွင့်ရော့လဟယ်....

**ဘေးထိုးရင်ကြပ်** အမယ်လေး ကယ်တော်မူပါအုံး ဗိုလ်မှူး ကြီးရဲ့၊ ကျွန်တော်မျိုးကြီး ရင်ကြပ်-ဝင်ကပ်လို့ မရ တော့ဘူး၊ လေရှစ်ဆယ် ဆော်ဒါစပ်ပြီး မော်တာ

သေနတ်နှင့် ပစ်လိုက်လို့ တခါထဲ လစ်ခဲ့ရပါပြီ ဗိုလ်မှူးရဲ့....

**ဆနဂုတိဗိုလ်** ဟော့ ရင်ကြပ်-ရင်ကြပ် ကိုယ့်ကိုယ်ကို အထင်ကပ်ပြီး အပြင်ရပ်ကတော့ တော်စွာ ခုတော့ဖြင့် ဆော်ဒါတောင် ကြောက်နေရသလား တော်စမ်းဟော့....

**ဇက်ထိုးခေါင်းကိုက်** မှန်လှပါ ဗိုလ်မှူး **ဇက်ထိုး** နှင့် **ခေါင်းကိုက်** ပေါင်းပြီး တိုက်ပါ့မယ်....

**ဆနဂုတိဗိုလ်** အေးအေး ခန္ဓာတိုင်းကို ဘိုင်းဘိုင်းကျအောင် တိုက်နော်....

**ဇက်ထိုးခေါင်းကိုက်** စိတ်ချပါ ဗိုလ်မှူး စိတ်ချပါ၊ ကဲ ခန္ဓာတိုင်း ဘုံပြာသာဒ်ကို စုံရပ်ခါ တခါ နင်းပါရော့ ကာယမင်း ချာချာလည်၍မို့ ပြဟ္မာနှစ်ဆယ် တုန်ရော့လဟာယ်....

**ဩဿဓဗိုလ်** အလို ဘုံပြာသာဒ် ထက်မိုးက ဇက်ထိုးနှင့်ခေါင်းကိုက်တို့က ပေါင်းတိုက်ကြသကိုး၊ ဒါလောက်တောင် ရှိလှတယ် **မင်းသော်လေးညှင်း ပရုပ်ဆီ** ကျည်ဗရင်းနှင့် နရင်းနာနာသပ်၍ အထက်ရပ် **လိုဏ်ပေါက်က** ကတိုးခေါ် နှာအမြောက်နှင့် ပစ်ဖောက်ကာ တခါကြဲလိုက်မယ် ဟပ်ချိုးသံမစဲဘဲ ဇက်ထိုးမှန်လို့ လဲရော့လဟာယ်....

**ဇာက်ထိုးခေါင်းကိုက်** နှာဥမင် လိုဏ်အထက်က ချိုးဖျက်တဲ့ အသံ မိုးသည်းဘဝင်ညံ အမှုန်ဟီးလို့မို့ ခြံခုန်ပြီးလေး ဘက်နှင့် ကျွန်တော်မျိုးကြီး ပြေးထွက်ခဲ့ရပါပြီ ဗိုလ်မှူးရဲ့....

**ငဖေါ** စိုးရိမ်တော်မမူပါနှင့် ဗိုလ်မှူး သူတကာလို ဟိုပြော ဒီပြော မပြောပါဘူး ကျွန်တော်မျိုးကြီး **ငဖေါ** ဝင်တိုက်ပါ့မယ်....

**ဆနဝုတိဗိုလ်** ကဲကဲ လုပ်စမ်းပါဦး ငဖေါရယ်....

**ငဖေါ** ဟော့ ငဖေါသတ္တိ အတပ်သိရအောင် ဗျတ္တိပညာနှင့် လျှင်မကြာ အမြန်စွဲလိုက်မယ် ခန္ဓာကိုယ် ပုပ်ရွှံ့ရွံ ပေါက်ကွဲလို့ ကျရော့လာဟယ်....

**ဩသဇဗိုလ်** အောင်မယ် ဘာမပြော ညာမပြောနှင့် ငဖေါ အမိုက်က ဒလဟောတိုက်လိုက်ထာ ခန္ဓာတိုင်းအာ ဆောင်ဆောင်က ရောင်ပွပြီး . ဖူးလို့ပါကလား....

ကဲ ငဖေါအမိုက် ထွက်ပြေးရအောင် **နွားနက် သေး** ဗရင်းဂန်းနှင့် အတင်းဒလကြမ်း တွန်းလှန်လို့ ကြဲလိုက်မယ် ဂွမ်းပြန်လို့ လဲရော့လာဟယ်....

**ငဖေါ** အမယ်လေးဗျ ထွီစရာအယုတ်ကျည်ဆံပုပ်နှင့် **တအား** အုပ်လိုက်လို့ ကျွန်တော်မျိုးကြီးလဲ နောက်ဆုတ်လို့ ပြေးခဲ့ရပါပြီ ဗိုလ်မှူးရဲ့....

**ဆနဂုတိဗိုလ်** ဟော့ တယောက်ဆုတ် တယောက်ဆုတ်နှင့်တော့ မဖြစ်ဘူး၊ လက်မမြောက် ဒူးမထောက်ဘဲ တကယ် တိုက်ထုတ်မှ ရဲဘော်တယောက် ထွက်စမ်း....

**စမြင်းခံ** မှန်လှပါ သတ္တိပြင်းထန်တဲ့ ကျွန်တော်မျိုးကြီး စမြင်းခံ ရှိပါတယ် ဗိုလ်မှူး....

နာမည်ကိုက **စမြင်းခံခတ်ချုပ်** ဘယ်တော့မှ နောက်မဆုတ်ဘူးဆိုတာ မှတ်လိုက် ဗိုလ်မှူး....

**ဆနဂုတိ** ဟော့ စမြင်းခံ ငြင်းဆန်ပြီးတော့ အတင်းတော့ ပြန် မလာနှင့်နော်....

**စမြင်းခံ** စိတ်ချပါ ဗိုလ်မှူး စိတ်ချပါ၊ ကဲ **ဝစ္စမဂ် တံခါးဝက** တအားကုန် အလုံပိတ်လိုက်မယ် ဂျွမ်းစိုက်လို့ ငိုက် ရော့ လဟယ်....

**ဩသစဗိုလ်** အလဲ အလဲ ဝစ္စမဂ်တံခါးဝက တယားယား တကုတ်ကုတ်နှင့် ငုတ်တုတ်ထိုင်နေတာ စမြင်းခံ ခတ်ချုပ်ပါကလား၊ ဒါလောက်ရှိလှတဲ့ စမြင်းခံ ခတ်ချုပ် **ဝဿဝရောဆားခါး** အုပ်ပြီး တအားဖြုတ် လိုက်မယ် ခါးစုတ်လို့ ပြေးရော့လဟယ်....

**စမြင်းခံ** အလိုလေး....ဝဿဝရောဆားခါးအုပ်ပြီး ပွေးကိုင်းနဲ့ တအား ဖြုတ်လိုက်တာ ခါးစုတ်လို့ ပြေးခဲ့ရပါပြီ ဗိုလ်မှူးရဲ့....

**ဆနဝုတိ** ဟဲ့စမြင်းခံ နင်လဲမဟန်ဘူးဟ၊ဟေ့ ဟေ့,နောက်ထပ် ဘယ်သူတက်ပြီး နှက်မလဲဟေ့....

**ဒူလာပါဒရက်** မှန်လှပါ ဒီပြင်တပ်သားတွေက မင်းရိက္ခာ ညာစားနေတာပါ ဗိုလ်မှူးရဲ့၊ ကျွန်တော်မျိုးကြီး **ဒူလာပါဒရက်** အောက်ခြေကတက်ပြီး ပြိုကွဲအောင် နှက်ပြပါ့မယ် ဗိုလ်မှူး....

**ဆနဝုတိ** ဟေ့ ဒူလာပါဒရက် ငါအရှက်ကွဲလှပြီကွ၊ ဒီတချက် မင်းနိုင်အောင် မနှက်နိုင်လျှင် အခက်ကြုံလိမ့်မဟေ့....

**ဒူလာပါဒရက်** စိတ်ချပါ ဗိုလ်မှူး ဒီအရေး စိတ်အေးအေး နေစမ်းပါ၊ကဲပြောနေကြာရော့ ခန္ဓာတိုင်း ကျုပ်တခါ ရောက်ပါရော့ ဒုက္ခမှောက်ပူဗျာကြွယ်၍ ချူချာလယ် တခါ မကွေးရအောင် ယောကျ်ား **ဒူလာသယ်** ကလေး ဖြစ်ကရော့လဟယ်....

**ဩသဓမိုလ်** အောင်မယ် ဒူလာပါဒရက် ဒူလာပါဒရက် ကြည့် စမ်း၊ အောက်ခြေက တက်လာလိုက်ထာ ကဲ ခြောက် လုံးကောက် **ဓာတ်စာ**နှင့် **မင်းကိုးကာအနက် ပျား ရည်** ဖက်ပြီးတော့ ဒီတချီ အသေ နှက်လိုက်မယ် သက်ဇီဝိန် ပျက်ရော့လဟယ်....

**ဆနဝုတိ** ဟာ ဒုက္ခပါဘဲကွာ ဒူလာပါဒရက်တော့ တပ်ပျက် လို့ ပြေးပြီဟေ့၊ အင်း.... ခက်တော့တာဘဲ ဗျာဓိ

အမတ်ကြီး ကျုပ်တပ်တော့ မစီးနိုင်တော့ဘူး ကြည့်လုပ်ပါအုံး....

**ဗျာဒိ** ဟော့ ဆနဝုတိဗိုလ် မင်းတပ်ကြီးဟာ လဲပြိုပါပကော၊ ဒီလို ကြည့်နေလို့ မဖြစ်ဘူးဟ....

ဟော့ **ကံကြမ္မာ** မြန်မြန်လာစမ်းကွာ....

**ကံကြမ္မာဗိုလ်** မှန်လှပါ ရှိပါတယ် မင်းဘုရားကြီး၊ အရှံသင့်တိုက်ထုတ်ဘို့ ပြင်ပြီးပါပြီ ...

**ဗျာဒိ** ဟဲ့....အောင်မယ် ဒီလိုငေးနေလို့ မဖြစ်ဘူးဟ၊ မင်းတပ်ရင်းနှင့် အတင်းဝင်မွှေကွာ ...

**ကံကြမ္မာဗိုလ်** စိတ်ချပါ မင်းဘုရားကြီး စိတ်ချပါ၊ ကဲ....**သုံး**ဆယ့်နှစ်ပါးသော **ကံကြမ္မာ**နှင့် ရန်ဘယာ အကုန်ရှင်းလိုက်မယ် ခန္ဓာတွင်း ပျက်စေသတည်း....

**သမ္ဗဇညအမတ်** ကံကြမ္မာတပ်ကို ငါကိုယ်တိုင် ခံသတ်ရမဲ့အလှည့် ရောက်နေပြီ....

ကဲကဲ....**ဗုဒ္ဓ, ဓမ္မ, သံဃ** သုံးတန် ဥုံခံမန်းမှုတ်လမ်းလုပ် တံတားဆောက် ညောင်ထောက်ယတြာ မေတ္တာပရိတ် ရွတ်ခါမိန့်လိုက်မယ် ချွတ်ချာလို့ လိမ့်ရော့လဟယ်....

**ကံကြမ္မာဗိုလ်** အမယ်လေးဗျ.... ဗုဒ္ဓ, ဓမ္မ, သံဃ ဂုဏ်ရည်အမြောက်ကျည်နှင့် ပစ်လိုက်လို့ ကျွန်တော်မျိုးကြီးလစ်ခဲ့ရပါပြီ မင်းဘုရားကြီးရဲ့....

**ဗျာဓိ** ဟဲ့ **ကံကြမ္မာ** နင်လဲ မခံသာလို့ ပြန်လာပြီမဟုတ်လား၊ ကဲ ရှိစေတော့ ရှိစေတော့၊ ဟော့ဒီတခါ အပြုတ်နှံမဲ့ **ဘေးဆယ်တန်ဥပဒ္ဒဝေါ** ထွက်စမ်း....

**ဘေးဆယ်တန်ဥပဒ္ဒဝေါ** မှန်လှပါ မင်းဘုရားကြီး ဒီတာဝန် ကျွန်တော်မျိုးကြီး တာဝန်ထားပါ...

ကဲ ပြောနေကြာရော့ ဘေးဆယ်တန် ဥပဒ္ဒဝေါ နှင့် ဗုဒ္ဓအဟော **ကပ်သုံးပါး** တို့ပါ တပ်လုံးအများ နှင့် ခန္ဓာတိုက်၍ ရန်ဘယာတသိုက် တခါနင်းပါရော့ ကာယမင်း အစိမ်းဖမ်းလို့စီးရအောင်ဒီမလေဒိမ်းဂျမ်း တီးလို့တိုက်ပါရစေဘုံး ရွာစားရယ် × × ×

**သုစရိုက်** အလို ဗျာဓိတပ်ဦးက ငါ့ဆီသို့ခြေဦး လှည့်လာပေါ့ ကိုး၊ ကဲ ဒါလောက်တောင် ရှိလှတဲ့ ဗျာဓိအမတ် တပ်အထွေထွေကို အထပ်ထပ်သေအောင် အများ ပြုန်းစေဘို့ တရားဗုံး ဒါ, သီ, ဘာနှင့် ညာညီစွာ အကုန်တိုက်ပါရော့ သူပုန်တသိုက်ကို မြန်စွာဝိုင်းပြီး ခန္ဓာတိုင်း မတိမ်းမစောင်းရအောင် ဒီမလေ ဗိန်း ဗောင်းတီးလို့ တိုက်ပါရစေဘုံး ရွာစားရယ် × × ×

**ဗျာဓိ** ဟာ....ကိုယ်ကျိုးတော့နဲ့ပြီဟေ့ ဘေးဆယ်တန် ဥပဒ္ဒ ဝေါတို့လဲ တသောသော ရှုံးကုန်ပါ ပကောလား၊ အင်း ငါ့စစ်တပ် မရပ်မတည်နိုင်ဘဲ တပ်ချိခါပျက် ပြားလို့ လက်နက်အားကလဲ မတူမတန် လူသန်ချင်း

ကလဲစံမမှီ ကြံစည်လို့လဲမရ ဗလပွပြိုကွဲလို့ ဖရိုဖရဲနှင့် ပျက်ခဲ့ရပြီ၊ ကဲ တတ်နိုင်ပါဘူးလေ ယခုလို ထိုင်ခါ မှိုင်ခါ ညည်းနေပြန်လဲ နောက်ရန်က နီးနေတယ်၊ တောလမ်း ခရီးကပြေးမှ ဒီရန်ဘေး ဝေးလိမ့်မယ် ထင်တယ်....

ကဲ ဇာတိတိုင်းကျုပ် တခါပြေးပါရော့၊ ဒုက္ခဘေးက မြန်မကြာဝေးစေဘို့ ဒီမလေ ထံတျာတေး နှင့် ပို့တော်မူစမ်းပါဒုံး ရှာစားရယ် × × ×

## ကာယမနမင်း ထွက်စေ

အဟမ်း အဟမ်း သတ္တိ ဗျတ္တိ နှစ်ရှိတဲ့ တတ်သိ လိမ်မာ မတ်မဟာတို့....

**အမတ်ကြီးများ** ဘုရား....ဘုရား....

**ကာယမန** မရဏာသန္ဓမင်း သူပုန်ရန်ကို အကုန်လှန်လို့ဖြုတ် လိုက်ထာ တပ်အားလုံးပြုတ်ကုန်ပြီဗျ....

**ပညာဗလ** မှန်လှပါ စစ်ရေးစစ်ရာ လိမ်မာပါးနပ်လို့ ဗျာခိ အမတ် အနားမကပ်ရအောင် မအားမလပ်ကြံဆောင် ရှိတိုက်သည့်အတွက် ရန်မစောင်ဝံ့ဘဲ ပြေးကြောင်းပါ ဘုရား....

**ကာယမန** အင်းကောင်းပြီဗျာ ကောင်းပြီဗျာ ခန္ဓာတိုင်း သီဟာပလ္လင်တွင် ညီလာသဘင် ကာမဂုဏ်နှင့်

**တဏှာ**လျှံ ရာဂသားတို့ပါ ကာယတပါး သမ္ဘာကြွ၍ မို့ မရဏာသန္တအလုံးအရင်းတို့ဟာ ရှုံးခြင်းကြီးမလှ ရှုံးချေပြီ....

အင်း ဗရောက်ဗရက်နှင့် ကြောက်လျက် ပြေးကြတာ နောက်ဆက်ဘို့ တော့ဖြင့် ဝေးလိမ့်မယ်လို့ ထင်တယ် မင်းကြီးများရဲ့....

**သမ္ဗဇည** မှန်လှပါ နောက်မဆက်ဘူးလို့ စိတ်ချတဲ့ သဘောနှင့် ဒိဋ္ဌမပြောသင့်ပါဘုရား၊ ဒါ့ကြောင့် အဆောတလျင် **ရတနာတြိုကို နမာမိအဉ္ဇလီ** ဖြင့် **ပဉ္စသီဘာဝနာ**တပ်တို့ကို အခါခါ အထပ်ထပ် ကြိုတင်ပြီး ပြင်ဆင်သင့်ကြောင်းပါဘုရား၊ မရဏာသန္တရဲ့အခင်းသွားကို စဉ်းလဲ စဉ်းစားသင့်ပါသည် ဘုရား....

**မညာဗလ** မှန်လှပါ မြေကြီးလက်ခတ်သော် အကွက်လပ်လို့ လွဲပါမည် နောက်တလည်တိုက်ပွဲ ကေန်မလွဲ သေချာနွဲရပါမည် အရှင်မင်းကြီး....

သို့အတွက်ကြောင့် ဝိပဿနာရှုလျက် **ပုဗ္ဗမဂ်**ရှေ့ စခန်းက မမေ့တမ်းအားထုတ်၍ တရားအလုပ်နှင့် ယောဂီဘတ်ပြီး လောကီချွတ်ပစ်လျက် ခွါလို့ **ရှစ်မဂ္ဂါ** ခေါ်ဘိဏီတပ်တို့ဖြင့် အဆောတလီ ခန္ဓာမကပ်ရအောင် **သာသနာ ဘာဝနာ** တပ်တို့ကို အထပ်ထပ် ပြင်တော်မူပါဘုရား....

**သုစရိုက်**　မရဏာသန္တဆိုတာ တန်ခိုးလျှံကြွပါသည်၊အကာယ်၍ ညိုးမာန်ရှခဲ့ပါလျှင် နောက်ရန်မအေး၍ ခံရဘို့မဝေး ပါဘုရား....

သို့အတွက်ကြောင့် **အနတ္တပေါက် အတ္တပျောက်** အောင် မွေနှောက်မျှာဖွေ ဤခန္ဓေကို မနေမနား ဘာဝနာပွားများလို့ တရားလက်နက် စစ်မက်ရေးရာ သေနင်္ဂါ အဆင့်ဆင့်ဖြင့် ပြင်ဆင် သင့်ကြောင်းပါ ဘုရား ...

**ကာယမန**　လေးရပ်သော်အမတ်တို ပစ်ခတ်ကာ အကုန်ကြဲ လို့မို့ သူပုန်ရန်တော့ စဲပြီဗျား....

သို့အတွက်ကြောင့် လေးရပ်သော အမတ်တို့ကို ဆုလာဘ်များပေးသနားလို့ အခမ်းအနား အဆောင် အရောင်တို့ဖြင့် တိုးမြှင့်ချီးမြှောက်တော်မူမယ်ဗျား....

ဒါထက် မရဏာသန္တ မင်းတပါးကို အတင်း မတရားကြောက်နေတယ်ဆိုတာ စဉ်းစားပြီးလျှောက် စမ်းပါအုံးဗျား....

စစ်ရေးစစ်ရာ အခါမလင့် ဘာ့ကြောင့် ပြင်ဆင် သင့်တယ်ဆိုတာ ဆိုစမ်းပါအုံး မင်းကြီးများရဲ့....

**ပညာဗလ**　မှန်လှပါ ပုဗ္ဗဝက ဂါမကျေးလက် ထွေးရှက်ပွေလီ အခြေတည်၍ စီညီသောင်းသောင်း တန်ဆောင်း

ပြအိုး ဖြိုးဖြိုးငြိမ့်ငြိမ့် ခြိမ့်ခြိမ့်သာသာ ဤခန္ဓာကား မဟာသမတ မရဏာ၏ **ဇာတိပိုင်နက်** လွန်ကျူးချက်ကြောင့် ရှောင်ထွက်မရ နေ့ညမရွေး ပျက်နိုင်သည့်ဘေးကို ရွေ့စိတ်တော်ဘွေး၍ တရေးရေး စဉ်းစားသင့်ကြောင်းပါဘုရား....

**ကာယမန** မရဏာညွတ်ကွင်းက ဇွတ်အတင်းရုံးထွက်ဘို့ အချက်ကျကျ သာဓကထုတ်လင်းပြီး ခပ်ရှင်းရှင်း သံတော်ဦးတင်စမ်းပါဒုံး မင်းကြီးရဲ့....

**မညာဗလ** မှန်လှပါ....

ယထာ ပုဗ္ဗုဠကံ ပဿေ၊
ယထာ ပဿေ မရီစိကံ။
ဧဝံ လောကံ အဝေက္ခန္တံ၊
မစ္စုရာဇာ န ပဿတိ—

အရ ခန္ဓာကိုယ်တွင်း သမာဓိသွင်း၍ **ဉာဏ်ဖြင့်** ရှင်းလင်းပြီး **ဓာတ်**ရင်းကို မြင်အောင် ကြည့်လျက် တဖျတ်ဖျတ် တရိပ်ရိပ် တရှိုးရှိုး တရှုရှု တစိုးစိုး တစစ်စစ် တလှုပ်လှုပ် **တသုတ်သုတ်**နှင့် **ရေပွက်တံလျှပ်**ကဲ့သို့ တပျက်ထဲပျက် တကုန်ထဲကုန် တချုပ်ထဲ ချုပ်နေတဲ့ ဤရုပ် ဤနာမ်ကို အဖန်ဖန်ကြည့်ရှု အားထုတ်၍ အဟုတ်ပိုင်ပိုင် မြင်နိုင်ပါက သေမင်းနိုင်ငံက လွန်မြောက်၍ **နိဗ္ဗာန်**သို့ရောက်သွားနိုင်ပါသည်ဘုရား....

**ကာယမန** နိဗ္ဗာန်သို့ ရောက်သွားတော့ သေမင်းနောက်က မလိုက်ဘူးဆိုတာ မြတ်ဗုဒ္ဓါစေဘုရားက ဒေသနာ ဟောကြားလို့ သဘောသွား သိပါပြီ မင်းကြီးရဲ့....

ပညတ်ကိုဖောက်၍ **သုညတ**ပေါက်မှ နိဗ္ဗာန်သို့ ရောက်မယ်ဆိုတာ ပါဠိတော်အလာ ဖွေရှာလို့ **သေ** ချာစွာ သံတော်ဦးတင်စမ်းပါအုံးဗျား—

**သမ္မာဇ္ဈည** မှန်လှပါ...

သုညတော လောကံ အဝေက္ခဿု၊
မောဃရာဇ သဒါသတော။
အတ္တာနုဒိဋ္ဌိံ ဥဟစ္စ၊ဧဝံမစ္စုတရောသိယာ။
ဧဝံ လောကံ အဝေက္ခန္တံ၊
မစ္စုရာဇာ န ပဿတိ—

လို့ ရှင်တော်ဘုရား ဟောကြားတဲ့ ဒေသနာကို ဖွေရှာလို့လင်းရလျှင် ပင်ရင်းမူလ သင်္ခါရရုပ်နာမ် အစုတို့ ပျက်မှုတွင်တွင် တွေ့မြင်ပါက သဏ္ဍာန်အရိပ် **နိမိတ်**ကင်းပျောက် ထို့နောက်တဖန် ဆက်ရှုပြန်က **သင်္ခါရဆိတ်သုဉ်း** အဆုံးနိဗ္ဗာန် မဂ်ဉာဏ်ဖိုလ်ပေါက် မျက်မှောက်ထင်ထင် တွေ့မြင်ရသော် **သေမင်း** အမော် ဆွဲခေါ်မရ အမတနန်းသို့ စံမြန်းရှင်ရှင် ပွဲကြီးဝင်ပါလိမ့်မည်ဘုရား....

သို့အတွက်ကြောင့် ထိတ်စရာအရေး တဆိတ်ကမှ မအေးလို့ **ရိပ်သာ**ပြေးဘို့သာ မနှေးလျင်စွာ စဉ်းစားတော်မူပါ အရှင်မင်းကြီး....

**ကာယမန** မယားချစ်နှင့် သားချစ်တို့ကို ထားပစ်ခဲ့ရမှာလား မင်းကြီးရဲ့....

**သုစရိုက်** မှန်လှပါ သံသရာထဲ **ဩဃဝဲ**၌ ယခုလိုမခွဲလို့ အလဲ့လဲ့ အချော်ချော်နှင့် **သေမင်း**ခေါ်ရာသို့ အခါခါလိုက်နေရပါသည်ဘုရား....

ဒါ့ကြောင့်—

ကိံ နုဟာသော ကိမာနန္ဒော၊
နိစ္စံ ပဇ္ဇလိတေ သတိ။
အန္ဓကာရေန ဩနဒ္ဓေါ၊
ပဒီပံ ကိံ န ဂဝေသထ။

အရ သားသမီးနှင့် ပစ္စည်းအာရုံ ကာမဂုဏ် မိဖုယား ကိလေသာ အဖော်များနှင့် ရယ်လားမောလား တဟားဟားနှစ်ခြိုက် သိမ်းပိုက်ပျော်ရွှင်၍ မြော်မြင်မသိ နေ့ရှိသမျှမှာ ဤခန္ဓာဝယ် အသွယ်သွယ်သော မီးတို့ ထိန်ညီးတောက်လောင် တပြောင်ပြောင် တဝင်းဝင်းနှင့် လွန်မင်းစွာ ကြောက်စရာကောင်းတဲ့ မသာလောင်း ဤခန္ဓာကို ပြန်လှန်ကာ ဘွေးကြည့်လျှင် ရှေ့စိတ်တော် အေးနိုင်စရာမရှိ

တခင်မိကာမဂုဏ်ဖြတ်၍ မြတ်တရားဓမ္မာရိပ်သို့ ခိုလှုံသင့်ကြောင်းပါဘုရား၊ နောက်ထပ်တဖန် တဖန်တွေး ပြန်လျှင်—

သတ္တိယာ ဝိယ ဩမဋ္ဌော၊
ဒယှမာနောဝ မတ္ထကေ။
သက္ကာယဒိဋ္ဌိ ပဟာနာယ၊
သတော ဘိက္ခု ပရိဗ္ဗဇေ။

လို့ ရင်ဝလှံစူး ထိပ်ဦး မီးလောင်တဲ့သူဟာ မီးကို မသတ် လှံကိုမနုတ်ဘဲနှင့် တခြားအလုပ်ကို မလုပ်နိုင်သလို ငါတည်းဟူသော အတ္တအငုတ်နှင့်တဏှာအယုတ်ကိုသုတ်သင်ပြီးမှ တသီးတခြား တပါးသောအလုပ်ကို လုပ်သင့်ပါသည်၊ သို့မဟုတ်က ဒုက္ခဆင်းရဲ ပါယ်ရေဲသို့ မလွဲကေန် အမှန်ပင် ကျပါလိမ့်မည်ဘုရား....

**ကာယမန** ဿရာဝါသော ဗဟုကိစ္စောလို့ ဆိုတဲ့အတိုင်းဘဲ ကိစ္စမြားမြောင် လူတို့ဘောင်က ခွါရှောင်ဘို့အရေး ရိပ်သာပြေးဘို့က ခုတော့ဖြင့် တွေးလို့ကို မရသေးဘူး မင်းကြီးရဲ့....

**ပညာဗလ** မှန်လှပါ....ဗာလာနံဥဿုကော ဗာလုဿုကောပါ ဘုရား၊ ဗာလာနံ၊ လူမိုက်တို့၏။ ဥဿုကော၊ ကြောင့်ကြမှုတည်း။ ဗာလုဿုကော၊ လူမိုက်တို့၏ ကြောင့်ကြမှုလို့ ဗာလုဿုက ဒုက္ခရှာဖွေ ခပ်တေတေနှင့် ဓမ္မေ

မကပ် အမြှတ်မရှာ သာသနာရှုံး လူဖြစ်ဆုံး၍ အသုံးမကျ လူ့ဗာလဟု လူန, လူချာ, လူ့မသမာနှင့် လူယုတ်, လူနုပ်, လူတေ, လူမွဲ, လူကဲမဆံ့, လူညံ့, လူရှော်, လူဘော်, လူကျော့, လူသော့, လူဖျင်း, လူစာရင်းမပါ ချိန်ခါရက်ဖြုန်း အသုံးမငင်တာကို ရွှေညာဏ်တော်ဆင်ခြင်၍စဉ်းစားသင့်ပါသည်ဘုရား....

လူကိစ္စဆိုတာ ရှေးရှေး ကိစ္စရှင်းလျှင် နောက် နောက်ကိစ္စ အတင်းဝင်မြဲပါဘုရား၊ ကိစ္စပြတ်မှ တရား မြှတ်ရှာဖွေ၍ ငါအေးအေး နေမယ်ဆိုလျှင် မရဏာ ဘုရင် သေမင်းခေါ်ငင်မှ လူ့ကိစ္စတုံးလို့ ဘုန်းဘုန်း ကြီး လဲရပါသည်ဘုရား၊ အပြင်ကိစ္စ အရပ်ရပ်ကို အာလယဖြတ်၍ တရားမြှတ်ကိုသာ ချဉ်းကပ်တော်မူပါ အရှင်မင်းကြီး....

**ကာယမန** ခုလဲ အနိစ္စ ဒုက္ခ အနတ္တကို **ပါးစပ်က** တဖွဖွ တတွတ်တွတ်နှင့် တရွတ်ထဲ ရွတ်နေတာဘဲ မင်းကြီးရဲ့....

**ပညာဗလ** မှန်လှပါ တဖွဖွ တတွတ်တွတ်နှင့် တရွတ်ထဲရွတ်နေတာက ဝိပဿနာ မဟုတ်ပါဘုရား....

**ကာယမန** ဒါဖြင့် ရွှေနန်းတော်ထီးရိပ်က **ပုတီးစိပ်**နေလို့ကော မရဘူးလား မင်းကြီးရဲ့....

**သမ္မာဇာည** ဝိပဿနာဆိုတာ ပုတီးအရာ မဟုတ်ပါ ဘုရား၊ ရွတ်ဘတ်ဝေဘန်ပြီးတညံ့ညံ့လုပ်ရတာမျိုးလဲမဟုတ်ပါ

ဘုရား၊ သုတမယ, စိန္တာမယဉာဏ် **အစားနှင့်** လားလားမှမထိုက်ပါ ဘုရား၊ ခန္ဓာကိုယ်တွင်း သမာဓိ သွင်းပြီး ဖြစ်ပျက်ကို ဉာဏ်ဖြင့် ရှင်းလင်းပြီး သိမှ **ဘာဝနာမယဉာဏ်** ဝိပဿနာအလုပ် ခေါ်ပါတယ် ဘုရား....

**ကာယမန** တို့ဘို့ဘွား ဘီ ဘင်က စပြီး **ပုတီး**ကို တီထွင်ပြီး စိပ်ခဲ့တယ်မဟုတ်လား မင်းကြီးရဲ့၊ ပုတီးနှင့်နေပြီး ပုတီးနှင့်ဘဲ သေကြတာဘဲဗျ....

**သုစရိုက်** ပုတီးနှင့် အချိန်ကုန်လို့ ဝဋ်ဒေးဘုံက မလွတ်ဘဲ **သေမင်း**ဇွတ်ဆွဲခြင်း ခံနေရပါတယ် ဘုရား....

**ကာယမန** စိတ်ကို **စိတ်အတိုင်းထား**ပြီး တရားနှင့်နေရင်ကော မရဘူးလား မင်းကြီးရဲ့ ...

**ပညာဗလ** မဖြစ်နိုင်တာ မကြံဖန်ပါနှင့် ဘုရား....

ကေပ္ပါဒ ကေနိရောဓ ကောလမ္ဗဏ ကေဝတ္ထုက အရ စိတ်ဟာ စိတ်ချည်းနေလို့ မရပါ၊ **စေတသိက်**နှင့် ယှဉ်တွဲပြီး အမြဲထာဝရ အတူတကွဖြစ် အတူတကွ ချုပ် အတူတကွ အာရုံပြု အတူတကွ ဝတ္ထုကိုမှီရပါ တယ် ဘုရား၊ ဝိပဿနာ အားထုတ် တာတောင် စိတ်ချည်း သက်သက်မရပါ၊ **ပညာ စေတသိက်**ပါမှ ဝိပဿနာဉာဏ် ဖြစ်ပါတယ် ဘုရား....

ထိုဝိပဿနာ အလုပ်တောင်မှ **ပါးစပ်ရိပ်သာ** **အမှတ်ရိပ်သာ**နှင့် မရသေးပါ၊ **ခေတ်ရိပ်သာ**မှ ဘာဝနာအစစ် ကေန်ဖြစ်ပါသည် ဘုရား....

**ကာယမန** ဒီလိုဆိုလျှင် တိုင်းပြည်ကထွက်၍ **ရိပ်သာ**ဘက်ဝင်ပြီးတော့ တွင်တွင်ကြီး အားထုတ်ရမှာပေါ့....

**ပညာဗလ** ရခဲတဲ့ ဒုလ္လဘခေတ်မှာ မယား နှင့် သား ပစ်ပြီး တရားအစစ်ကို အားသစ်ရပါမည် ဘုရား....

**ကာယမန** ဘုရားသာသနာ ကြုံဘို့ရာခေတ် ဒုလ္လဘအစစ်ဆိုတာ တထစ်ချ ယုံကြည်ပါတယ် မင်းကြီးရဲ၊ သို့သော်ငြားလဲ မိဖုယားကာမနှင့် သားရာဂကို **ပေမချစ်ခြင်း** **သံယောဇဉ်မကင်း၍ နောက်ဆံကတင်းပြီးငယ်စာရင်း** ဖျက်ဘို့က အတော်ကို ခက်နေတယ်ဗျ....

ဗဟုကိစ္စ အဝဝ အဖုံဖုံ ကြောင်းမျိုးစုံ အတွက် တိုင်းပြည်က ထွက်ဘို့အရေး ခုတော့ဖြင့် တွေးလို့ကို မရသေးဘူး မင်းကြီးရဲ....

မင်းကြီးတို့ သံတော်ဦးတင်တဲ့ **သေမင်းကလဲ** ချက်ခြင်းခဏ ခေါ်လို့လဲ မရသေးပါဘူးဗျ၊ ဝိပဿနာ တရားအလုပ်ကတော့ နောက်မှဘဲ ကြည့်ပြီး **အား** ထုတ်တာပေါ့ မင်းကြီးရယ် ...

**သမ္မဇည** အဇ္ဈေဝ ကိစ္စံ အာတပ္ပံ၊
ကောဇညာ မရဏံ သုဝေ။

န ဟိ နေ၁ သက်ရံ တေန၊
မဟာသေနေန မစ္စုနာ။

ဟု ယနေ့ နောက်နေ့ ချိန်း၍မရ ရက်လ နာရီ
အတည်မကျ သေရမည့်ဘေးကို ခပ်ဝေးဝေးက ရှောင်
လိုလျှင် ငါထင် ငါစွဲ ယူလွဲအတ္တ **ကာမ** အယုတ် **ရာဂ**
ပုတ်တို့ကို ဝိပဿနာလုပ်ပြီး **မဂ်** ထားနှင့် ခုတ်မှသာ
မရဏာသန္ဓေဘေးက အမှန်ဝေးပါမည်၊ ဝိပဿနာ
အလုပ်ကို အားမထုတ်ဘဲ နောက်ဆုတ်ပြီး ရှောင်ပြေး
နေလျှင် အခွင့်အရေး ဆုံးရှုံး၍ ယူကြုံးမရ နောက်မှ
**သံဝေ** ရတတ်ချေ၏။

သို့ အတွက်ကြောင့် သေမင်း မခေါ်ခင် မဂ်ဉာဏ်
**အရင်ပေါ်ဘို့ ခုမြန်မြန် အားထုတ်တော်မူပါဘုရား....**

ထိုမှတပါး....အတွင်းတရား မရှာဖြေဘဲ အပြင်
လိုက်စား သားမယားနှင့် အမှားအာရုံ ပျော်မျိုးစုံ
တို့ကို ခုံမင် လိုက်စားနေပါက **ဝဋ်** သုံးပါးမှာ ပြေး
သွား ကျင်လည်ရပါမည်ဘုရား....

သို့ အတွက်ကြောင့် ဆင်ခြေ လက်ခြေ မတက်ဘဲ
တမဂ်တဖိုလ် ရလိုရာကြောင်း နည်းကောင်း အဟုတ်
ကျောက်ထုရုပ်သို့ မလှုပ်ထိုင်ခါ ဤခန္ဓာကို မညှာ
ရက်စက် ယခုပင်ထွက်၍ မပျက်မကွက် **အားထုတ်
တော်မူပါအရှင်မင်းကြီး....**

**ကာယမန** ဝိပဿနာအလုပ်က ကျောက်ထုရုပ်ကဲ့သို့ မလှုပ်မရှက် နေမှ ရသလား မင်းကြီးရဲ့....

**သုစရိုက်** ဒုက္ခကို ဣရိယာပုထ် ဖုံးတယ်ဆိုတာ နှလုံးပြုတော်မူပါဘုရား၊ **ဒုက္ခနိရောဓော နိဗ္ဗာနံ** အရ ဒုက္ခဆုံးမှ **နိဗ္ဗာန**ပါဘုရား၊ဒါ့ကြောင့် ဒုက္ခဒဏ်ချက် **လွန်အောင်တက် ဖြစ်ပျက်ဆုံးတာ နိချမ်းသာ**လို့ ဆိုထားပါသည်၊ ဣရိယာပုထ် ပြင်လျှင် ဒုက္ခကို မထင်တော့ပါဘူး၊ ဒုက္ခမထင်လျှင် ဒုက္ခ၏အဆုံး နိဗ္ဗာန်ကို မမြင်တော့ပါဘူး....

သို့အတွက်ကြောင့် ဟို ဟို ဒီ ဒီ အလီလီတွေကို တွေးတော စဉ်းစားမနေဘဲ တရားဘက်ကိုသာ ငဲ့ကွက် စဉ်းစားတော်မူပါ အရှင်မင်းကြီး....

**ကာယမန** မင်းကြီး သံတော်ဦးတင်တာ မငြင်းပါဘူးလေ၊ သို့သော်ငြားလဲ သားတကွဲ မယားတကွဲနှင့် တယောက်ထဲသွားပြီး တရားအလုပ်ကို အားထုတ်ဘို့ ဆိုတာက ခုတော့ဖြင့် အဟုတ်ကို မဖြစ်နိုင်သေးဘူး မင်းကြီးရဲ့....

**သုစရိုက်** အရှင်မင်းကြီး တရားအလုပ်ကို ယခုလို တရှောင်ရှောင် လုပ်နေလျှင် **အဝိဇ္ဇာ** မှောင်ထဲ **ကာမဂုဏ်**နှင့် ပြောင်တွဲပြီး ပျော်ပျော်ဘဲ နွံတော်မူပါဘုရား၊ တရားအလုပ် အားထုတ်ဘို့အရေးကို နောက်ထပ်ပြီး

စကားသံ မပေးဘဲ ခပ်အေးအေး နေပါတော့မည် ဘုရား....

**ကာယမန** ကဲ....သက်တော်ရှည် အမတ် ဒုစရိုက်က ရန်သူ တသိုက်ကို ဘယ်ပုံ ဘယ်နည်း တိုက်မယ်ဆိုတာ သံတော်ဦး တင်စမ်းပါအုံးဗျား....

**ဒုစရိုက်** မှန်လှပါ ဝိပဿနာ အလုပ်ဆိုတာ အားထုတ်ဘို့က အလွန်ရှုပ်ပါတယ်ဘုရား....

ဘိုးဘိုးအောင်, ဘိုးမင်းခေါင်, ပဌမံအောင်, ရှင်မထီး စသော **အထက်ဆရာကြီးဂိုဏ်းကို** ပူဇော် ကိုင်းရှိုင်းလို့ တိုက်လိုက်လျှင် သေမင်းမိုက် ပြုတ်ပါ လိမ့်မယ်ဘုရား....

**ကာယမန** ကာမဂုဏ်မိဖုယားနှင့် ရာဂသားကို ခွဲသွားရအုံး မှာလား မင်းကြီးရဲ....

**ဒုစရိုက်** ကာမဂုဏ် ရွှေလည်တွဲ၍ ရာဂသား လက်ဆွဲပြီး ရွှေနန်းထဲ အတူနေလျက် အသက်ရှည်အနာကင်းလို လျှင် **အတွင်း ၃၇-မင်း အပြင် ၃၇-မင်း** တို့ကို ပူဇော် ခြင်းအဝဝဖြင့် ပ, သ ကိုးကွယ်တော်မူပါ အရှင် မင်းကြီး....

**ကာယမန** ကောင်းလိုက်လေ မင်းကြီးရယ်....**မြွေမသေ တုတ် မကျိုး** ဒီအလုပ်မျိုးမှ အဘိုးတန်သကိုး....

သို့ နေစမ်းပါအုံး အထက်ဂိုဏ်းနှင့် လမိုင်းနတ်တို့ ကို မပြတ်မလပ် ပူဇော်တော့ သူတော်စင် ဖြစ်ပါ့ မလား....

**ဒုစရိုက်** သူတော်စင် ဖြစ်တာ မဖြစ်တာ အပထား အရှင် ဘုရားမှာ **တန်ခိုးလျှံကြွပြီး အဘိုးတန်ခနတွေ** ဒီရေ အလားကဲ့သို့ တနေ့တခြား တိုးပွားပြီးသကာလ သားတော် **ရာဂ စာမေးပွဲမကျ**သည့်ပြင် အသက်ပင် ရှည်ပါအုံးမယ်ဘုရား ...

**ကာယမန** တန်ခိုးလျှံကြွဘို့အရေးက ငွေအသပြာ ပေးရအုံး မှာလား....

**ဒုစရိုက်** အထက်ဂိုဏ်းနှင့် လမိုင်းနတ် ကတော့ ပွဲပြင်ရပါမည် ဘုရား၊ ငွေအသပြာအတွက် စေတနာဘက်ဘို့က တချက်တော့ ရှိပါတယ်၊

ဘုရားပျက်စေတီ အလီလီပြင်ဘို့ **သဒ္ဓါကြည် လင် ပါရမီရှင်**ဟု ဂုဏ်ပြုခံရအောင် လှူဒါန်းတော်မူပါ ဘုရား....

**ကာယမန** ဒီအလှူမျိုးက **လောကီမြှော်ကိုး**လို့ အကျိုးပေး ပါ့မလား မင်းကြီးရဲ့....

**ဒုစရိုက်** မှန်လှပါ့ အကျိုးမယုတ်ပါဘုရား၊ အထက် ဆရာကြီး ဂိုဏ်းနှင့် လမိုင်းနတ်တို့က မှိုင်းမ ကူညီပါလိမ့်မယ် ဘုရား....

**ကာယမန** ဒီလိုဆိုလျှင် ငါကိုယ်တော်မြတ် ဘဏ္ဍာ**တော်** အရပ်ရပ်ကထုတ်၍ အကျိုး မယုတ်ရန်အတွက် **ပစ္စည်း** ကို မငဲ့ကွက်ဘဲ ရက်ရက်စက်စက် ပူဇော်စေဗျာ**း**....

ကဲကဲ မင်းကြီးများ နာရီတော်သြောင်းလို့ ကြာချိ ဖေါ်၍ ပြောင်းရအောင် ငြိမ့်သြောင်းတေးဂီတာနှင့် မနွေးညီညာ အချက်ဆော်၍ စက်တော်ခေါ် **ပျော်** တော်ကြူးလိုက်အုံးမယ် မင်းကြီးမျ**ား** × × ×

---

## အခန်း (၅)

### မရဏာသန္ဓ မင်းကြီး ထွက်စေ

ဘုံသုံးခွင် အာဏာရှတဲ့ မရဏာသန္ဓမင်း **တပါး၏** အတွင်းသား ဗျာဓိအမတ်ကို ခန္ဓာရပ်သို့ **စေလွှတ်** လိုက်ထာ ရက်တွေသြောင်းလို့ လပေါင်း**တော**င် အတော်ကြာသွားပြီ ဇရာအမတ်ကြီးရဲ့....

**ဇရာအမတ်** မှန်လှပါ ရာသီဥတု နေ့အစုကို တခုစီရေတွက် လိုက်လျှင် **အာဂန္တုကရက် ၃၄-ရက်၊ အာယုဝဍ္ဍန ရက် ၄၂-ရက်၊ အာယုဟာယနရက် ၄၂-ရက်**တိုင်တိုင် ကြာသွားပါပြီ ဘုရား....

**မရဏာသန္ဓ** အာဂန္တုကရက် ၃၄-ရက်အတွင်းမှာ **ကာယ** မနမင်းကို ငါ့ထံရင်းအရောက် အပ်နှင်းပါ့မယ်လို့ လျှောက်ထားခြင်းအမှု ကတိပြုသွားတယ်ဗျ....

**ဇရာအမတ်** မှန်လှပါ ဗျာဓိပိုင်နက်က အာဂန္တုကရက် ၃၄-ရက် ပါဘုရား၊ အာဂန္တုကရက် ၃၄-ရက်က လွန်လျှင် အာယုဝဇ္ဇနရက် ၄၂-ရက် မြွော်လင့်ချက် ရှိပါသည် ဘုရား၊ အာယုဝဇ္ဇနရက် ၄၂-ရက် မြွော်လင့်ချက်လွန် လျှင် အာယုဟာယနရက် ၄၂-ရက် မြွော်လင့်ချက် ရှိပါသေးသည် ဘုရား၊ အာယုဟာယနရက် ၄၂-ရက် မြွော်လင့်ချက်ဆုံးလျှင် ဤစစ်ပွဲကြီး ရှုံးပြီဆိုတာ ကေန်တွက်ရပါမည် ဘုရား....

**မရဏာသန္န** အင်း ခုတော့ဖြင့် အာဂန္တုကရက်, အာယု ဝဇ္ဇနရက်, အာယုဟာယနရက်တွေ ပြုန်းလို့ တိုက်ပွဲ မျှား ရှုံးသလား မသိဘူးဗျား....

အလို ...ပြောရင်း ဆိုရင်းနှင့် ရွှေနန်းတွင်းသို့ ရှုံးရင်းဆန်ခပ် ကစုန်ဟပ်၍ စစ်တပ်တွေ ပြိုကွဲပြီး ဖရို ဖရဲနှင့် ကပ်လာတာ ဗျာဓိအမတ်ကြီး ပါကလား.... ပင်ပန်းမောဟိုက် တကိုယ်လုံးလဲ ချွေးတဖြိုက်ဖြိုက် ကျလို့ပါကလားဟေ့၊ ကဲ သိလိုရေးကို မေးအုံးမှဘဲ၊ ဟဲ့ဟဲ့ ဗျာဓိအမတ် ငါ့လက်ဝယ်အပ်ဘို့ ခန္ဓာပူရအရပ် က ပုဂ္ဂုဝကရွာစား ကာယမနငမိုက်သား ဘယ်ထား ခဲ့သလဲ မှန်မှန် သံတော်ဦးတင်စမ်း....

**ဗျာဓိ** မှန်လှပါ သတ်ရင်လဲ သေရပါမည်၊ ထားရင်လဲ နေရ ပါမည်၊ မဟေသမတ အရှင့်ဘုရားအား ခွင့်သနားလို့ သံတော်ဦးတင်ပါမည် ဘုရား....

ခန္ဓာနဂရတွင် ပညာဗလ သမ္ဗဇည်နှင့် သုစရိုက် အကျော် မတ်မဟော်တို့က အတော်ကို ဉာဏ်ကြီးပြီး အသီးသီးသောဗိုလ်မှူး ဗိုလ်ချုပ်တို့ကို ထိန်းအုပ်ကာ ကွပ်ကဲ၍ တခါထဲတိုက်ထုတ်လို့ ခပ်သုတ်သုတ် ပြေးခဲ့ရပါသည် ဘုရား....

ကာယမနမင်း အုပ်စိုးတဲ့ ခန္ဓာပူရတိုင်းဟာ ခပ်ချာချာ ချို့ယွင်းပြီး သိမ်ဖျင်းသေးနုပ်တဲ့ ဇနပုဒ် အစုတ်အချာ မဟုတ်ပါ၊ မြို့ပြည်ခရိုင် တိုင်းနိုင်ငံအသီးသီးတို့၏ ထုံးမှီးစဉ်လာ အဖြာဖြာတို့နှင့် ပြည့်စုံသည့်ပြင် လိမ်မာကျွမ်းကျင် စွမ်းအင်သတ္တိ ဂုဏ်ဗျတ္တိထက်မြက်တဲ့ ရဲမက်အပေါင်းတို့ ထောင်သောင်းခြိမ့်ညံ သိမ့်သိမ့်လှုံအောင် တပြောင်ပြောင်တောက်၍ ကြောက်စရာ ကောင်းလှပါသည် ဘုရား....

ဗေဒတ္တယ ဩသဓဗိုလ်တို့က သေနင် ထိုထိုဖြင့် ပိုမိုများပြားသည့်ပြင် ထိုသို့သော ယတြာဆင်၍ ဆေးမျိုးစုံစီရင်ပြီး တီထွင်ပစ်ဖေါက် ဂုဏ်သုံးပါး ကျည်အမြောက်နှင့် အရောက်ပစ်သွင်း၍ စစ်တလင်း ပျက်လျက် ပြေးထွက်ရုံးကန်လို့ ကျွန်တော်မျိုးကြီး ရှုံးပြန်ခဲ့ရပါသည် ဘုရား....

**မရဏာသန္တ** သယ်..ဟင်း ဟဲ့ဗျာဓိ ဗျာဓိ နင်အစွမ်းမရှိတာ ငါသိပြီဟေ့၊ တော်စမ်းကွယ် တော်စမ်း၊ တိုင်း

တပါးကကြားလျှင် နားပင်ရှက်စရာ ကောင်းလိုက်လေကွယ်၊ ဟော့-ဟော့ ဗျာဓိရဲ့ သေသေချာချာ မှတ်ထားစမ်း၊ ငါအရှင် ကိုယ်တော်မြတ် ဘုံသုံးတိုက်မှာ မကိုင်မှသရဖူ အောင်လံထူနေတယ်ဆိုတာ နင်မသိဘူးလား၊ ပုဋ္ဌဝကရွာစား ကာယမန ငမိုက်သားကို ဘာများ ကြောက်နေရသလဲဟဲ့....

ကဲ ငါကိုယ်တော်မြတ် အမိန့်တော် သတ်မှတ်မယ် အမိန့်တော်နာခံ၊ မူးမတ်တို့ အဆောင်အရောင် ဝင်းပြောင် လျှံမောင်း ဖောင်းနားညှောင်း အသွယ်သွယ် ရွှေစလွယ် အတန်တန် အခြွေအရံ အသင်း အပင်း ဆင် မြင်း ရထား ငင့်ကြွားသော အရပ်ရပ်တို့-ဗျာဓိအမတ် နုတ်သိမ်းစေ....

ဂုဏ်ဒြဗ်အနွယ် အမတ်ငယ်ဘဝနှင့် ရွှေနန်းတော် အဝဝကို ထာဝရစောင့်စေဗျ တချက်လွှတ် အမိန့်တော်၊ အင်း....ဇရာဝံသ ဘွဲ့ရတံဆိပ် ခပ်နှိပ်မြှောက်ပြီး သေနာပတိ အမတ်ကြီးဗျား....

**ဇရာအမတ်** ဘုရား ဘုရာ့ အနီးထံပါးက ခစားလျက်ပါ ဘုရား....

**မရဏာသန္ဒ** ပုဋ္ဌဝကရွာစား ကာယမန ငမိုက်သားကို လျင်လျား မကြာ ဆောင်စိမ့်သောငှါ ခန္ဓ မြို့တွင်း စစ်တ

လင်းဖြင့် ပစ်သွင်း ရင်ဆိုင် မနိုင် လက်မြှောက် ဒူးထောက်ရှုံးပေး၍ ဗျာဓိအမတ် ပြေးလာတာ ရှက် စရာကောင်းလို့ ငါကိုယ်တော် အသက်ပါ ပြောင်းချင် ပြီ မင်းကြီးရဲ့....

ဒါ့ကြောင့် ဇရာဝံသအမတ်ကို အထူးအာဏာ အပ်၍ အမိန့်တော် မှတ်မယ်ဗျား၊ မာရှယ် ရာထူး စစ်သူကြီး အဆောင်အရောင်နှင့် ကာယကောင်ငမိုက် ခန္ဓာပူ တသိုက်ကို ယခုပင်တိုက်၍ ဖျက်ဆီးစေဗျား....

ဇရာ မှန်လှပါ့ ခန္ဓာပူအရပ်ကို ကျွန်တော်မျိုးကြီးစစ်တပ်နှင့် ပစ်ခတ်လို့ ချေမှုန်းပါမည်ဘုရား....

ကဲ ပြောနေကြာရော့ ကိုးဆယ့်ခြောက်ဖြာ တပ် မဟာနှင့် ကံ ကြမ္မာဘေး ဥပဒ္ဒဝေါ တပ်ပြေးတို့ကို မင်းသံပေးလို့ ဆင့်လိုက်မယ် အသင့်ရောက်စေ....

ဟော့ ပါလာတဲ့ တပ်တွေ ခေတ္တရပ်နားကြစမ်း၊ ငါ တယောက်ထည်း တပ်စွဲမယ်ဟော့၊ ကဲ ခန္ဓာပူရမြို့ တွင်းသို့ တကိုယ်ချင်းကပ်လိုက်မယ် ငါးရပ်နှင့် နီးရော့ လဟယ်....

အလို....သီသပဗ္ဗတ တောင်အထဲမှာ မှောင်မဲပြီး အဆင်းညိုလို့ ယှင်းယိုခြင်းမရှိ ပကတိအတိုင်းပါက လားဟော့....

အင်း....သီသပဗ္ဗတ တောင်ထိပ်ဝသို့ ရောက်ခဲ့ပေပေါ့၊အရောင်သပိတ်ထ ကိန်းအနေတွင် သိန်းကုဋေပင် ကြောက်ခမန်းပါဘဲ၊ ခြောက်သန်းသော အောင်လံအဖြူတို့ကို တောင်ယံအငူ ယခုစိုက်ပါရော့ ရှုလိုက်လျှင် အခြေနုပ်စရာပ ကေရုက္ခပိတုန်းအရှိတို့ ငုံးတိတိ ဖြစ်ကရော့လယာယ်....

တောင်နံပါး နှစ်ဘက်ပြုတဲ့ စက္ကုဂုဏ် သိမ်ဖြာ၍ မုဋ္ဌလိန္ဒာရေနွှောက်ဘို့ ခြေထောက်နှင့်ဆင်းကာ မွေ့လိုက်မယ် ဒင်း မရဏာပြေ နီးရော့လယာယ်....

ဟဲ့ ဟဲ့ ဟဲ့ ဟဲ့ ခန္ဓာရပ် ခန္ဓာရပ် ငါ့ကို ဘာထင်မှတ်သလဲ ပြောစမ်း၊ ဒါလောက်တောင်ရှိလှတယ် ပစ်ခတ်ရိုက်ချိုး တန်ခိုးတေဇနှင့် ငါဇရာ အာဏာ ပြလိုက်မယ်ဟော့....

ကဲ သောတအစုံ အလုံပိတ်လျက် မုခ ဂိတ်အပေါက်တွင်းက အဿာသ, ပဿာသ ညှံ့ဖျင်းပြီး ဇိဝှါနင်းကြမ်းရွှဲ့စောင်းလို့ သုံးဆယ့်နှစ်ချောင်းသော သစ်တပ်တို့ကို ပစ်ခတ်ခါရိုက်ချိုး၍ မြို့ရိုးနှင့် သံဆိုင်း တဘိုင်းဘိုင်းလဲပြီး အတိုင်းပကတိ မတည်ရှိတော့ဘဲ ရော့ရဲ တိမ်းစောင်း ပြော့ပျောင်းညှိုးခွေ မျိုးရေရိက္ခာ မလာမသွင်းနိုင်ဘဲ မရဏာမင်းထံ ပြန်လျှောက်မှာမို့ မြန်သလောက် ရုတ်တရက် သွားပါရော့

ဝါးလက်ခုပ် စီးသံ မမှားရအောင် တီးလက်သား
အလှန်ကြွားသူတို့က ကိုင်း .. ဝန်သွားနှင့် ပြန်ပို့တော်
မူစမ်းပါဒုံး ရှာစားရယ် × × ×

### ဇရာအမတ်ပြန်ရောက်စေ

မှန်လှပါ ဘုံသုံးဆယ့်တစ် ကေရာဇ်တဆူ ပြိုင်သူ ပ, ကင်း အမင်းမင်းတို့၏ထိပ်တင် ဘုရင် မရဏာသန္ဒ ဘုရား....

**မရဏာသန္ဒ** အလို ဇရာအမတ်ကြီးပါကလား ပုဗ္ဗုဝကရွာစား ကာယမနငမိုက်သားကို ထွားထွားညက်ညက် တိုက် ဖျက်ဖြိုခွင်းလို့ ယိုယွင်ခဲ့ရှဲလား....

**ဇရာအမတ်** မှန်လှပါ ယိမ်းနွဲ့ရှဲ့စောင်း ဘယ်ပြောင်း ညာလှဲ့ ယိုင်နဲ့မောဟိုက် မျက်ဖြူဆိုက်၍ ဖိုလှိုက်ဟစ်အော် အရိုးပေါ်တွင် အရေတင်လျက် ရှိပါတော့သည် ဘုရား....

အရှင်မင်းမြတ် ဒ-မိန့်တော် ချွေမှတ်ထာက အသေသတ်ခဲ့ရ မည်လဲမဆို၊ အရှင်လတ်လတ် ဖမ်းခဲ့ရ မည်လဲမပါ၊မြို့ခန္ဓာ ဖရိုဖရဲဖြစ်အောင် တိုက်ခဲ့ရမည်ဟု မိန့်တော်မူချက်ကြောင့် ထောင်းထောင်း ညက်ညက် တိုက်ခိုက်လို့ ပြန်ခဲ့ပါသည်ဘုရား၊ ခန္ဓာမြို့ကြီး အသို့ နည်းလို့ နှစ်ဖြာစက္ခုဖြင့် ကြည့်ရှုတော် မူပါဘုရား....

သီသပဗ္ဗတ တောင်ထိပ်အငူတွင် အောင်အတိတ် ယူကာ အလဲ့ဖြူစိုက်၍ ရန်သူတသိုက် ကာယမနကို မရဏာသမတ အရှင်မြတ်က အမြင်ကပ်လျှင် အရှင့် လက်အောက်သို့ အသက်ပျောက်အောင် ခေါ်ဆောင်နိုင်ပါပြီဘုရား....

**မရဏာသန္တ** အေးအေး ဝမ်းသာလိုက်လေ မင်းကြီးရယ်၊ ဇရာညှဉ်းတော့ သင်းခန္ဓာယိုယွင်းပြီ မဟုတ်လား၊ အင်း ကာယမန ကာယမန မာနကြွပြီး အာဃာတ မောက်မာ၍ ကြောက်စရာမရှိဘူးလို့ ထင်နေတာများ အံ့လိုက်လေကွယ် ..

ခုတော့ ကုန်းကုန်း, ကုန်းကုန်းနှင့် **သားမြေးတွေ မုန်းစရာ** ဗလချာစိုင်းနေပြီ မဟုတ်လား....

အချိန်ရောက်လျှင် နင့်အသက် ပျောက်လိမ့်မယ် ဆိုတာ ဘယ်ဂိုဏ်းဆရာမှ မေးနေစရာ မလိုဘူးဟေ့၊ ငါ့အားပုန်ကန် သူပုန်ဆန်ပြီးတော့ ဂုဏ်ခံနေလိုက်တာများကွယ် ရယ်စရာ ကောင်းလိုက်လေ....

ကဲ ကဲ လ,ရက်,နာရီ အခါမလပ်ရအောင် မရဏာမြတ် မင်းတပါးက အတွင်းသား ကြမ္မာကပ်လို့မို့ ဒီမလေ **မသာစရပ်**က ခေတ္တစောင့်အုံးမယ် × × ×

## ကာယမနမင်း ထွက်စေ

ဘုရား ဘုရား ခန္ဓာပူရတိုင်း ညွတ်ကိုင်းယိုယွင်း အိုမင်းကုန်းကွလို့ သုံးမရတော့ဘူး၊ ဖရိုဖရဲနှင့် ပြိုကွဲတော့မယ်ထင်တယ် မင်းကြီးများရဲ့၊ အင်း အောင်ငင် လက်မှိုင် ကိုယ့်ကိုယ်ကိုတောင်မှ မနိုင်တော့ဘူး မင်းကြီးများရဲ့....

**ပညာဗလ** မှန်လှပါ မရဏာမင်းထံက ဇရာညွှဥ်းပြန်လို့ **မသာစာရင်း** အမှန် ဖြစ်နေပါပြီ ဘုရား....

**ကာယမန** မုခတံခါး တံတားဇိဝှါက မျိုးရိက္ခာ မသွင်းရလို့ ပုဋ္ဌုဝကခပင်းတို့လဲ ငတ်မွတ်ခြင်းအားပြတ် **ဒုဗ္ဘိက္ခန္တရကပ်** ဆိုက်ကုန်ပြီဗျား....

**ပညာဗလ** မုခတံခါးအထက်က ဇိဝှါတံတားပျက်၍ မျိုးရိက္ခာအတွက် အခက်ကြုံနေပါသည် ဘုရား....

**ကာယမန** သုံးဆယ့် နှစ်ငုတ်သော တပ်ချောင်း တွေလဲ တဖျောင်းဖျောင်း ကျိုးလို့ ကိုယ့်အရိုး ကိုယ်မှလဲ မသယ်နိုင်, မုဋ္ဌလိန္ဒာအိုင်ကလဲ နောက်,လိုဏ်ဂူပေါက်ကလဲ လုံးလုံးပိတ်, သိသပဗ္ဗတ တောင်ထိပ်မှာလဲ အောင်လံဖြူ ခပ်နှိပ်လို့ အတိတ် နိမိတ်ကတော့ဖြင့် မကောင်းတော့ဘူး မင်းကြီးများရဲ့....

**သမ္ပဇည** စဉ်းစားဆင်ခြင်၍ သံဝေဂ ဝင်တော်မူပါ အရှင်မင်းကြီး၊ သေမင်းနှင့်နီးလို့ ရှိုက်ကြီးဖိုလှိုက် တဟိုက်

ဟိုက်မောရ၍ သေမင်းနိုင်ငံသို့ **စေ၁နေပါပြီ၊** လိုက်ဘို ရှိပါတော့သည် ဘုရား....

**ကာယမန** အမယ်လေး ဝိုင်းကြပါအုံး မင်းကြီးများရဲ့သေမင်း နှင့် ယှဉ်ပြိုင်ပြီးတော့ ရင်မဆိုင်နိုင်တော့ ဘူးလား....

**သမ္ဗဇည** ကျွန်တော်မျိုးကြီးများအစား မဆိုထားနှင့် မြတ် ဘုရားရဟန္တာတောင် သေမင်းဘောင်သို့ ခေါ်ဆောင် လျှင် ပါရပါသေးသည်၊ ဘာကိုမှ တွေးတော မနေပါ နှင့်တော့ ဘုရား....

**ကာယမန** မဂ်ခရီးလမ်းက တက်လှမ်းလို့ကော မရတော့ဘူး လား....

**သမ္ဗဇည** မှန်လှပါ....

အစရိတ္ဝာ ဗြဟ္မစရိယံ၊
အလဒ္ဓါ ယောဗ္ဗနေ ဓနံ။
ဇိဏ္ဏကောဉ္စာဝ ဇာယန္တိ၊
ခီဏာမစ္ဆေဝ ပလ္လလေ။

အရ ဥပမာ ဟုကာနိုင်းရလျှင် **ငါးကုန်ရေခန်း** ပြန်လမ်းကင်းကွာ ငှက်ကြိုးကြာသည် **နှစ်ဖြာတောင် ကျိုး** ခိုကိုးရာ မရ တ,တတနှင့် သေရသလို **မိုဃ်းကုန် မှထွန်ချ** အသက်ကြီးမှ ဘုရားတလို့ နိဗ္ဗာနထက်နန်း

မဂ်စခန်းက တက်လှမ်းဘို့ ဝေးနေပါပြီ အရှင်မင်းကြီး....

အရှင်မင်းကြီးဟာ ပျိုစဉ်အခါက သတိပေးသော်လဲ အရေးမစိုက် ဒုစရိုက်နှင့် ကာမဂုဏ်အကြိုက်ကို နှစ်ချိုက်ပျော်ပါး ခုမှ တရားရှာလို့ မရနိုင်တော့ပါ ဘုရား၊ နောင်တ, နောင်တ-နောင်မှ တ,လို့ မရနိုင်တော့ပါ အရှင်မင်းကြီး....

**သုစရိုက်** သဒ္ဓေါ ဟောတိ အပ္ပါဗာဓော၊အမာယာဝီဝီရိယော။ ပညာဝါ ဟောတိ ဣမေပဥ္စ ပဓာနိယင်္ဂနာမကာ။ ယေ ဟိမေ့ဟိ သမန္နာဂတာနံ ပဓာနံ သမ္ပဇ္ဇတိ— အရ ပဓာနိယင် တရားကို ခွဲခြားလို့ သံတော်ဦးတင်ရလျှင် **ယုံကြည်, နာကင်း, တောင့်တင်း ခန္ဓာ, မာယာကင်းပ, ဝီရိယ ထက်သန်, ဖြစ်ပျက်မှန်** ကိုကောန်သိမှမဂ်ဖိုလ်ရ၏လို့ ကျမ်းဂန်အရဆိုခြင်းကြောင့် ဤခန္ဓာယိုယွင်းလို့ အိုမင်းကုန်းကွ အသုံးမကျမှ သံဝေဂဉာဏ် အမြင်သန်သော်လဲ တရားနှင့်ချော်လွဲပါပြီ၊ သေမင်းဆွဲရာသို့ တကောက်ကောက်နှင့် ဒေါက်လျှောက် လိုက်တော်မူပါ ဘုရား....

**ကာယမန** ငါ့ရိက္ခာ စားပြီးတော့ ငါ့အား မကယ်နိုင်တော့ဘူးလား မင်းကြီးရဲ့....

**သုစရိုက်** သပ္ပုရိသူပ သံသေဝအရ လှုပရုပ်ဆင်း ပျိုရွယ်ဘွင်း အခါက တရားရှာပါလို့ တစာစာ ပြောသော်လဲ သဘောတော်မကျ ဒုစရိုက် ငဗာလနှင့် ထာဝရ ပေါင်းသင်းပြီး တရားကောင်းတော့ ငြင်းဆန်၍ မျက်မာန်တော်ရှတာ သတိရတော် မူပါရဲ့လားဘုရား၊ မပေါင်းထိုက်တဲ့ ဒုစရိုက်ကို အလိုလိုက်၍ ကာမဂုဏ် အကြိုက်ပေးပြီး သေဘေးနှင့်တွေ့ကြုံမှ ဘယ်ပုံ လုပ်ကြ မတုန်းလို့ ကြိမ်မီးဒုံးပမာ အတွင်းက ပူဆာ၍ သောကမီးဖြာသော်လဲ မရတော့ပါ၊ အရှင်မင်းကြီး သေခြင်းတရားသာ စဉ်းစားတော် မူပါဘုရား....

**မညာဗလ** ဒီလိုလေ အမတ်ကြီးရဲ့၊ခန္ဓာကိုယ်ယိုယွင်းလို့ အိုမင်း ကုန်းကွ သုံးမရတော့မှ ပါးစပ်က တဖွဖွပြောပြီး တရားသဘော နှီးနှောနေသော်လဲ အပိုပါဘဲ အကျိုး လဲ မများတော့ပါဘူး....

**သုစရိုက်** ဟုတ်လိုက်လေ မင်းကြီးရယ် ဟုတ်လိုက်လေ၊ ပျိုမြစ် နုနယ် ငယ်ရွယ်စဉ်အခါက တရားဓမ္မဆင်ခြင် ရိပ်သာ ဝင်ပါလို့ လျှောက်ထား သံတော်ဦး တင်တော့ ငါတယောက်ထဲ ဘယ်နည်းမှ မဖြစ်ပါ၊ အလွန်ချစ်ရှာ တဲ့ ကာမဂုဏ်မယားအလှနှင့် သားပုတ္တရာဂကို ထာဝရ အမြဲ ငါမခွဲနိုင်ပါဘူးလို့ တဏှာရူးသဘောနှင့် ပြော လိုက်ထာများ ခုမှတော့သနားစရာမလိုတော့ပါဘူး....

**သမ္ပဇာည** ဒီလိုဆိုလျှင် အမတ်ဒုစရိုက်နှင့် သူ့အကြိုက်ကာမ ဂုဏ်တို့ တူစုံတွဲပြီး သေပွဲဝင်ဘို့သာ ထားခဲ့တာပေါ့....

**ပညာဗလ** အင်း အင်း ဒီအကြံကောင်းတယ် တရားဘိတ် ကင်းတဲ့ ကာယမန မင်းအပါးက တခြားသို့အဝေး ခပ်မြန်မြန် ပြေးကြစို့လား....

ကဲ ပြောနေကြာရော့ ပါဠိဓမ္မက္ခန် ကျမ်းရွှေစာ စကားရယ်နှင့် မဟာသတိပဋ္ဌာန် တရား ဒေသနာ ပွားပါလို့ အပန်းဖြေစရာ နားပါရော့ ဒီမလေ....နန်း လေသာ တံခါး ပိတ်တော်မူစမ်း × × ×

**ကာယမန** ဟဲ့ ဒုစရိုက်အမတ်ကြီး ပညာဗလ သမ္ပဇာညနှင့် သုစရိုက်အကျော် မတ်သုံးဘော်တို့တော့ တော်ရာ လျှော်ရာ ရှောင်ထွက်ကုန်ကြပြီဗျ၊ မင်းကြီး စောစောက သံတော်ဦးတင်တဲ့အထက်ဆရာကြီးဂုဏ်း နှင့် လမိုင်းနတ်တို့ကို ကိုင်းရှိုင်းလို့ တိုက်ပါအုံးဗျ....

**ဒုစရိုက်** မှန်လှပါ အထက်ဂုဏ်းနှင့် လမိုင်းနတ်ကို ကိုင်းရှိုင်း ပူဇော်သော်လည်း မရဏအမော် သေမင်းခေါ်တာ ကိုတော့ဖြင့် တတ်နိုင်ပုံမရပါဘုရား....

သူတို့လဲ သေမင်းနောက်သို့ တကောက်ကောက် နှင့် ဒေါက်လျှောက် လိုက်နေရပါပြီ အရှင်မင်းကြီး...

**ကာယမန** ဟဲ့ ဒုစရိုက် နင်မိုက်လှချည့်လား စီးပွားတိုးတက် တန်ခိုးထွက်ပြီး အသက်ရှည်မယ်ဆိုလို့ ခပ်လွယ်လွယ် နှင့် ငွေအသပြာ ပေးခဲ့တာတွေ အလကားပေါ့ဟဲ့....

နင့်အလိုလိုက် နင့်အကြိုက်ပါမိလို့ ငါ့မှာ ကြမ္မာ အဖိခံနေရပြီဟဲ့၊ လောကီ လောကုတ် ပစ္စုပ်သံသရာ နှစ်ဖြာရှုံးခဲ့တာ နင် အသုံးမကျလို့ဘဲ၊ ခုတော့ သာသ နာလွဲ ဘာဝနာလွဲနှင့် **ငါသေပွဲ** ဝင်ရတော့မယ်....

ဟဲ့ ဒုစရိုက်ငနွား ငါ့အနားက ခပ်မြန်မြန်ထွက် သွားစမ်း....

## မရဏာသန္ဓမင်းကြီး ထွက်စေ

အဟမ်း....အဟမ်း....ချိန်ခါတွက်ချက်နေ့ရက်နာရီ ဖဝါးဗီနှင့် အညီစက္ကန့် ရောက်ခဲ့ပြန်ပြီ၊ အင်း....ခန္ဓာပူရ သို့ ငါကိုယ်တော်တိုင်ကြွ၍ ကာယမန ဗေါလကို အရခေါ်မှ တော်တော့မကိုး....

ကဲ ပြောနေကြာရော့ မရဏာသန္ဓ **ဇောပဥ္စ**နှင့် အဆောလျင်စွာ မျက်ဖြူဆိုက်၍ အသက်ရှူလိုက် အသာယူပါရော့ **မရဏာ ဓုဝံ** ထင်စရာပြလို့မို့ သခ်ါရ ဆင်ကြီးကို ငါကိုယ်တော်တက်စီးပြီး တချက်တည်း အချုပ်ပြရလျှင် အာယုက္ခယ, ကမ္မက္ခယ,ဥဘယက္ခယ, ဥပစ္ဆေဒက တည်းဟူသော အဏ္ဍမြူဗုံး ဤလေးလုံးကို

ရွှေဆုံးကတင်၍ ပြေးပုန်းမရ ဘာမျှမခံနိုင်အောင် ကာယမနစံတဲ့ ပဥ္စုဝကသို့ အစုစုအ၁၀ လက်နက်အစုံဖြင့် တိုက်ဖျက်အကုန် အရောက်နှင်း ရအောင် ဒီမလေ....မျောက်မင်းအူသံနှင့် ဗိုတော်မူစမ်း× × ×

အလဲ.... အလဲ ... အသက် ဖိုလှိုက် မျက်ဖြူဆိုက်၍ ရှုရှိုက် မေ့မြော ခွဲသံနှော၍ မိန်းမော တွေဝေ ဖြစ်ချေပြီ....

**ကာမဂုဏ်** ဓမ္မရာဇ်ထုံးဖွဲ့ တခေတ်လုံးနဲ့ နိုင်တဲ့ တစ်သုံးဆယ့် စိုးခိုင်တဲ့ ပြည်ပူရဇာတိပိုင်ဘုရား....

**မရဏာသန္ဓ** အလို....ထောင့်ငါးရာ အခြံအရံစုံတဲ့ ကာမဂုဏ် ဒေဝီ မဟေသီကြီးပါ ကလား၊ ဘာမျှား သံတော်ဦး တင်စရာ ရှိသလဲဗျာ ဆိုစမ်းပါအုံး....

**ကာမဂုဏ်** မှန်လှပါ့ **ပိယေဟိဝိပ္ပယောဂေါ ဒုက္ခော** အရ ချစ်လင် ကာယနှင့် ခွဲရမည်အရေး ဒုက္ခဖြင့်ပေးတော့ မှာလားဘုရား **နတ္ထိ ရာဂသမောအဂ္ဂိ** ဆိုတဲ့အတိုင်း အပူမီးတွေဝိုင်းလို့ တဗိုင်းဗိုင်းလဲပြီးဘုရားကျွန်တော်မ သေပွဲ ဝင်ရပါတော့မည် ဘုရား၊ သို့အတွက်ကြောင့် ချစ်လှစွာသော ကာယအရှင်ကို မရဏာဘုရင် ဇာတိ အဝေးသို့ မပါရှိဘို့အရေး ပဏ္ဏာဆင်၍ မဟာဘုရင် အား အသနားခံပါသည် ဇာတိတိုင်းရှင် ဘုရင် ကေရာဇ်မင်းကြီးဘုရား...

**မရဏာသန္တ**　**အနိစ္စာမေပဥ္စက္ခန္ဓာ**ဟု ဒေသနာအစု ဥပဒေ အရာကိုထုချေခါ စာလွှာမသွင်းပါနှင့်တော့ကွယ် ဇရာ လာ၍ ညှဥ်းကတဲက ငါ့လက်တွင်း သက်ဆင်းရ လိမ့်မယ် ဆိုတာ ဆုံးဖြတ်ပြီးပါပြီဗျား....

**ကာမဂုဏ်**　မှန်လှပါ သနားငဲ့ညှာတော်မူပါဘုရား၊ ကာမဂုဏ် မိဖုယားနှင့် ရာဂသား ပုတ္တာငယ်ကို ဒုက္ခအသွယ်သွယ် ဖြစ်မည် အရေးကို ငွေ့အသပြာ ပေးလို့ လဲပါမယ်၊ **အသက်** ဘေးကိုတော့ သနားညှာတာတော် မူပါ ဘုရား....

**မရဏာသန္တ**　အလို ဇာတိ, အာဏာ, ဝိသယာဟု သိစရာ ခေတ်သုံးထပ်မှာ ချစ်မုန်းနှစ်ရပ် မျက်နှာမရွေးတဲ့ အပြင် အသက်မပါဘို့အရေးနှင့် အနဋ္ဌါပေးသော် လဲ ဒီမလေ မိဖုယားကြီးရဲ့ **စက္ကဝါ** မေးပေတော့ ကျုပ်ပုဒ်မ မပြောင်းဘူးဗျ....

ဒဟရာ စ မဟန္တာ စ၊ ယေ ဗာလာ ယေစ ပဏ္ဍိတာ။
သဗ္ဗေ မစ္စုဝသံ ယန္တိ၊ သဗ္ဗေ မစ္စု ပရာယနာ—
အရ ကြီးငယ်အလတ် ဗုဒ္ဓမြတ်စွာ ရဟန္တာတသိုက်နှင့် အမိုက်အလိမ္မာ ဘယ်သူကိုမှ မညှာဘဲ မရဏာမင်း ငါ့လက်တွင်းသို့ သက်ဆင်းရမယ်ဆိုတာ သိစေချင် တယ် မိဖုယားကြီးရဲ့....

**ကာမဂုဏ်** လက်ဆောင်တံစိုး ပဉ္စာထိုး၍ ကာယမျိုးချစ်လင် အသက်ရှင်မှ ကာမသက်ထား နှလုံးသားအေးမှာမို့ ငွေပေးလို့ လဲမိပါတယ်ဘုရား၊ စဉ်းစားဉာဏ်ဘက်၌ အသက်ချမ်းသာ ပေးတော်မူပါ အရှင်မင်းကြီး....

**မရဏာသန္ဓ** ဟဲ့ နှုတ်စကောင်းတဲ့ ကာမဂုဏ်ဒေဝီ **တဏှာဟုန်** ပွေလီ မာယာပြ၍ လင်ကာယ ရိပ်သာမသိဘဲ **နင့်** ကြောင့် **ပဋိစ္စသမုပ္ပါဒ်** ရှည်နေတာဟဲ့၊ အပလီ**အခရာ** လင်ကာယအတွက်တော့ ငါ့ကို တင်ပဏ္ဏာသ **မဆက်** နှင့် နင်မြန်စွာ ခဏထွက်သွားစမ်းဟေ့....

ကိုင်း ကာမဂုဏ် အကြိုက် စကား လိုက်**မနေ** တော့ဘူး၊ ဘုံသုံးထိုက် မရဏာဘုရင်က ကာယအရှင် တခါနှုက်ပါရော့ ခန္ဓာပျက်ရင့်ကျက်ဆူလို့ ပင့်သက်ရှူ **ငါးတန်** ဆိုက်၍မို့ အားမာန်စိုက်ကာ တခါ**ဖမ်း** လိုက်မယ် ယောကျ်ား **မသာကမ္ဗဋ္ဌာန်း** **ဖြစ်ရော့** လဟယ် × × ×

အင်း....ကာယမန သဘောက်သားတော့ ငါ့လက် အောက်ရောက်လာပြီ စကားထောက်လို့ **မေးအုံးမှ** ဘဲလေ....

ဟဲ့ ပုဂ္ဂိုလ်ကရွာစား သင့်ဉာဏ်သွား **အကြံနှင့်** ဘယ်နည်း ဘယ်ပုံ စီမံအုံးမလဲဆိုတာ ပြောစမ်း....

**ကာယမန** ဘုန်းတော်ကြီးတော်မူသော ဇာတိတိုင်းရှင် ဘုရင်ကောရာဇ် နေမျိုးစစ်ဘုရား၊အရှင်ဘုရားအားလျှောက်ထားစရာမရှိတော့ပါ၊ ဇရာညှဉ်းဖျက်လို့ ခန္ဓာလဲရှင်းပျက်ခဲ့ပါပြီ၊ အသက်ဆုံးရှုံး၍ အရှင့်ဘုန်း ခိုလှုံရပါတော့သည်ဘုရား၊အရှင်မင်းတြားကြီးကို တွန်းလှန်လို့ ခုခံကြံခြင်း မာန်တင်းထောင်လွှား ယောင်မှားလို့မှ မလုပ်ဝံ့တော့ပါဘုရား....

**မရဏာသန္ဓ** အင်း အင်း ရှေးအခါက စိတ်ပါပါနှင့် ရိပ်သာဝင်ဘို့အရေးကျတော့ ခပ်ဝေးဝေးက ရှောင်လို့မိဖုယားခေါင် ကာမဂုဏ်အတွေ့နှင့် အာရုံမွေ့လိုက်စားပြီး တရားကင်းကွာ **ဓမ္မာနုတ္တိ** ငုံးတိတိနှင့် မြှုံးမိတဲ့ ငါးမျိုးသတ္တဝါလို **အားကိုး** ရှာပါသော်လဲ မရ၊သင်ပြုသမျှကံ သင်ခံရမယ်ဆိုတာ မစဉ်းစားမိဘူးလား....

**ကာယမန** မှန်လှပါ **အဝိဇ္ဇာ**နှင့် **တဏှာ**နှစ်ရပ် ရစ်ပတ်ချည်ဆွဲနှောင်ကြိုးတဲ၍ တလွဲတချော် ခပ်ရှော်ရှော်နှင့်အပျော်ကြီး ပျော်ခဲ့ပါသည်ဘုရား....

**မရဏာသန္ဓ** ဟဲ့ ကာယမန မှားလေစွ့ မင်း ငါ့လက်တွင်းသို့ သက်ဆင်းရပြီ မဟုတ်လား၊ မြတ်ဘုရား သာသနာဒုလ္လဘအစစ် လူဖြစ်တဲ့အခါ ကာမဂုဏ်အချစ် အာရုံကိုမပစ်ဘဲ ရစ်ဝဲတွယ်တာ **အထက်ဆရာကြီးဂိုဏ်းနှင့်**

ရွာလမိုင်း တောလမိုင်း တောင်လမိုင်းတို့ မ-စ ဘို့ အရေး ပွဲပေးမန်းမှုတ်ပြီး နတ်ယုတ်မာတသင်း(၃၇) မင်းတို့ကို ပူဇော်ခြင်း ပ,သ ဂါရဝဖြင့် မရဏာဘေး အသေ အေးစေဘို့ ငွေပေးပြီး ဆုတောင်းခဲ့တယ် မဟုတ်လား....

အင်း ပတ္တနာပြု တစာစာနှင့် ဆုတွေတောင်းပြီး မကောင်းမိုက်မှား လိုက်စားပြီးနေတာများ အွံ့ပါရဲ့ ကွယ်....

ကိုးကွယ်သင့် မကိုးကွယ်သင့် ဉာဏ်ဖြင့်မဟပ် ထွက်ရပ်ဂိုဏ်းဝင် သူတော်စင်ယောင် **သီလကြောင်** လူညာမှ ပူဇော်စရာဘဲလို့ နှင့်စိတ်ထဲ စွဲနေတာများ နှင် မရှက်ဘူးလား....

ဟော့ ကာယမန **ထွက်ရပ်ဂိုဏ်းနှင့် လမိုင်း မိစ္ဆာ** မဆိုထားနှင့် မြတ်ဗုဒ္ဓါစိန္တေဟာ လေးသခေ်ျနှင့် ကမ္ဘာတသိန်း တွက်ကိန်းများစွာ သချ်ာသခေ်ျ ကုဋေရာထောင် မြားမြောင်တာရှည် ပါရမီအဆင့် ဆင့် သမ္ဘာတွေရင့်အောင် ဖြည့်ကျင့် ဆည်းပူး၍ သဗ္ဗညုတဉာဏ်ထူးကို ဆွတ်ခူးယူရ မြတ်ဗုဒ္ဓတောင် ဆွဲဆောင်လို့ရခဲ့သေးတယ်ဟဲ့ ကာယမနရဲ့...

ထွက်ရပ်ဂိုဏ်းလူညာ ဗလချာလောက် ငါ့ခြေ အောက်သို့ အရောက်ခေါ်ငင် နှင်တို့မြင်သော်လဲ

မလျော်**အသေထွက်**ရယ်လို့ အချေမပျက် ညာဝါးတဲ့ ဂိုဏ်းတသိုက်စ**ကား**ကို ရိုင်း မိုက်မှောက်စွာ ယုံလိုက်လေကွယ်....

ဟော့ ကာယမန မင်းအမှု့ပွေသမျှ ထုချေလို့ မရတော့ဘူးကွ....

**ကာယမန** မှန်လှပါ အရှင့်ခြေအောက်က သေမလောက် ကြောက်နေရပါသည်ဘုရား....

**မရဏာသန္တ** ဟား ဟား ဟား ဟား ခုမှ အာခံပြီး ဘာပြန်ပြောလို့ရအုံးမှာလဲကွယ်၊တရားခံသဘောဟာတရားခံ သဘောဘဲကွ၊ ငါ့တကော....ကောလို့ မရတော့ဘူးလေ၊ ဟိုအစက ကြူးလွန်တဲ့အပြစ် **ကံ** မင်းမှာ ဒဏ်သင့်ခတော့မယ်ကွ၊အင်း....မျက်ရည်စ တလယ်လယ်နှင့် ပူဆွေးကြွယ် သောကပွားပြီး ခုမှ အသနားခံသော်လဲ အပိုပါဘဲကွာ....

ယခု မောင်မင်းသည် မောင်မင်းရဲ့ အမှုပွေသမျှကို **ဥပဒေအရဖြင့်** ထုချေလွှာသတ္တိဟာ ကျုပ်အရေးမပိုင်ဘူးဗျ၊ အဟုတ် မေးနိုင်တာက **ကမ္မရာဇာ** ရာဇဝတ် တရားသူကြီးဘဲ၊ ကမ္မရာဇာ ခုံရုံးက အကုန်လုံး စစ်ဆေးပြီး အပြစ်ပေးပါလိမ့်မယ်ဗျား....

ဟဲ့ ကမ္မရာဇာ ဂုဏ်ပါဝါလင်းတဲ့ တရားသူကြီးမင်း....

**ကမ္မရာဇာ** မှန်လှပါ ခစားညွတ်လျှိုး ရှိခိုးလျက်ပါဘုရား...

**မရဏာသန္ဓ** ခန္ဓာပူရက ကာယမနမင်းကို အခင်းသွားကြည့်ပြီး တိတိကျကျသာစစ်ဆေး၍အပြစ်ပေးပေတော့ဗျား....

ငါ့ကိုယ်တော်မြတ် အရပ်ရပ်သော သတ္တဝါများကို သနားကင်းကွာ မျက်နှာမထောက် ငါ့ခြေအောက်သို့ အရောက် ခေါ်အုံးမယ်ဗျား....

ကဲ ကဲ လောကလူ့ဘုံ အမှုစုံ၍ ကာမဂုဏ်တသိုက် အာရုံသိုက်လျက် နှစ်ချိုက်ပျော်ပါး စားကျက်နွားသို့ ထိန်းငြားရိုက်နှက် တုတ်လက်နက်ဖြင့် ခြံဘက်နေရာ ပို့သည့်တာသို့ သတ္တဝါခပင်း ဇရာညှဉ်း၍ သေမင်းခြံပေါက် အရောက်ပို့ရန် မြေသုသာန်က တရံစောင့်ပါရစေအုံး ရှာစားရယ်....× × ×

---

## အခန်း (၆)

### ကမ္မရာဇာတရားသူကြီး ရုံးထိုင်စေ

အဟမ်း....အဟမ်း.... မရဏာသန္ဓ အထွတ်ဆုံးမှ လွှတ်ရုံးကနေပြီး ထုံးမှေ့သတ်ကြည့်၍ ဆုံးဖြတ်ပေတော့လို့ အထူးတလည် အပ်နှင်းလျက် ကာယမင်းအမှုသွားကို ယခု တရားစစ်ရတော့မကိုး....

အင်း....မရဏာသန္ဓရှေ့ဘုန်းက စေတလုံးအာဏာနှင်းလိုက်လို့ ကာယမင်း ယခုစစ်ပါရော့ အမှုဖြစ်တဲ့

အကြောင်းအရာကို မကောင်းတာ ကောင်းတာကံ အရဖြင့် ဟန်ကျအောင် ဥပဒေပြုလို့မို့ ကဲ....ထုချေလွှာ သ,ကြ မောင်မင်းများ....

**ဒုဂ္ဂတိရွာစား** မှန်လှပါ ကာယမနမင်းသည် မရဏာသန္ဓ အရှင် ဘုရင်လက်အောက်သို့ မရောက်မီက ပါဏာတိပါတစသော အကုသလ ပါပညစ်ကျူ မကောင်းမှုနှင့်သာ ပျော်ပိုက်၍ အမိုက်မှောင်ဆင်း ကာယမနမင်းကို ကျွန်တော်မျိုးကြီး ခေါ်ဆောင်နှင်းပြီး ဒုဂ္ဂတိရွာကြီး အတွင်း၌ အသီးသီးသော အမှုကို ထမ်းဆောင်စေလိုပါသည်ဘုရား....

**သုဂတိရွာစား** လောကလွှတ်ရုံးမှာ အထွတ်ဆုံးက ပိုင်သ,နင်းပါတဲ့ ကမ္မရာဇာ တရားသူကြီးမင်းဘုရား....

**ကမ္မရာဇာ** သုဂတိရွာစား ဘာများ လျှောက်လဲစရာရှိသလဲ၊ မှန်တာ ဟုတ်တာကို ယုတ္တိယုတ္တာနှင့် လျှောက်လဲစေဗျား....

**သုဂတိရွာစား** မှန်လှပါ တရားခံကာယမနမင်းသည် မရဏာသန္ဓ အရှင် ဘုရင်လက်အောက်သို့ မရောက်မီက ဒါန, **သီလ** စသည်အပြား **ကုသလကမ္မပထ** တရားတို့ကို များပြားအားထုတ် ပြုလုပ်မှုကြောင့် ကျွန်တော်မျိုးကြီး ပိုင်သ တဲ့ **သုဂတိရွာဂါမ**သို့ ကာယမနကို ခေါ်ဆောင်၍သင့်တော်အောင် အမှုထမ်းစေ လိုပါသည်၊

ထို့ကြောင့် **ကာယမနမင်းကို** ကျွန်ုပ်သာလျှင် ရသင့် ရထိုက်ကြောင်း လျှောက်လှသည်းပါသည် ဘုရား....

**ကမ္မရာဇာ** သတ္တဝါ အားလုံးကို ဤလွှတ်ရုံးက အမြဲတမ်း ဆုံးဖြတ် နေတာဘဲဗျ၊ မောင်မင်းဒုဂ္ဂတိ သုဂတိမင်း နှစ်ပါးတို့အချင်းများ ဒေါသဖြင့် ပြောကြ ငြင်းခုံနေလို့ ဘယ်အကျိုး ရှိအံ့နည်း....

ယခုလို အငြင်းပွား အခက်ဝေကြလျှင် သက်သေသာဓကပေးနိုင်မှ ဒီအရေးကျေအေးအောင် ဆုံးဖြတ်လို့ပေးမယ်ဗျား....

**ဒုဂ္ဂတိရှာစား** မှန်လှပါ ကာယမန မင်းသည် ဒုစရိုက်အမှားကို လိုက်စား ပြုလုပ်စဉ်က စာရင်း စာအုပ်နှင့် ထိန်းချုပ် ရေးမှတ်တဲ့ **စတုမဟာရာဇ်** နတ်မင်းကြီး လေးပါး ထင်ရှားစွာ အသိသက်သေ ရှိပါတယ် ဘုရား....

**ကမ္မရာဇာ** စာရင်းအရဆိုလျှင် ငြင်းမရတော့ပါဘူးဗျ....

ကဲ သုဂတိရှာစားက ဘယ်သူများ သက်သေ ပေးအုံးမလဲ....

**သုဂတိရှာစား** မှန်လှပါ ကာယမနမင်းသည် အလှူရေစက် လက်နှင့်မကွာ ပြုစဉ်အခါက ငရဲသနင်း **ယမမင်း** အား ရငြားပါစေ အမျှဝေတဲ့ သက်သေသာဓကမင်းယမကို ညွှန်ပြပါသည် ဘုရား....

**ကမ္မရာဇာ** သက်သေသာမက မင်းယာမဆိုတော့ ငြင်းစရာ မရတော့ပါဘူး၊ အထူးဘဲ ခိုင်လုံနေပါပြီ....

အင်း သက်သေနှစ်ဝ သာမက လုံလောက်လို့ တယောက်နှင့် တယောက် ချိုးဖေါက်လို့ မဖျက်နိုင် အလွန်ဘဲ ခိုင်လုံပြီးတော့ နေပါတယ်ဗျား....

ဒီတော့ တရားခံဖြစ်တဲ့ ကာယမန မင်းကို ရှင်းလင်းသေချာစွာ စစ်ဆေး၍ ဒီအရေး ကျေအေး အောင် ငွေပေးဆောင်စရာလဲမလို သူထွက်ဆိုရာကိုဘဲ အပြစ်ပေးဘို့ဘဲဗျား....

ဟဲ့ ကာယမန မရဏာသန္ဓ လက်အောက် သေ ပေါက် သေဝလို့ မရောက်မီက **ကုသလတရားကို** ပွားများ အားထုတ်ခဲ့သလော....

သို့မဟုတ် **အကုသိုလ်** အယုတ်ကိုဘဲ ပြုလုပ်ခဲ့ သလော မှန်မှန် သံတော်ဦးတင်စမ်း မောင်မင်း....

**ကာယမန** မှန်လှပါ ထိန်ဝှက်ချွင်းချန်၍ ကျမ်းစူးလဲ မခံတော့ပါ၊ မှန်ရာအဟုတ် ဖေါ်ထုတ်ရလျှင် ကုသလ အလုပ် နှင့် အကုသလအယုတ် နှစ်ပါးစုံ လုပ်ခဲ့မိပါသည် ဘုရား....

**ကမ္မရာဇာ** အင်း.... တရားခံက ချွင်းချက်မချန် အမှန်တပ်အပ်ယခုလို ပြောလတ်သော် အရပ်ရပ်သော ဥပဒေအထွေထွေသော ဓမ္မသတ် ရာဇသတ် အဖုံဖုံနှင့်အားလုံးကုန် ညှိနှိုင်း၍ ဆုံးဖြတ်လို့ပေးမယ်ဗျား....

**အကုသလာဓမ္မာ** ဟူသော ဓမ္မသတ်အရ တပ်အပ်ထင်ထင် ဆင်ခြင်နှိုင်းဆလျှင် ကာယမန ငမိုက်သားပုဏ္ဏုဝက ရှာစားသည် ပါဏာတိပါတကံ, အဒိန္နာဒါနကံ, ကာမေသုမိစ္ဆာစာရကံ, မုသာဝါဒကံ, သုရာမေရယကံ, ပိသုဏာဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပဝါစာ, အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ ဟူသော **ဒုစရိုက်**အစုစု ထိုထိုသော ပြစ်မှုတို့ကို ပြုလုပ်သည့်ပြင် တရားကိုမဆင်ခြင် မမြင်မှောက်မှား သား မယားနှင့်စီးပွားဥစ္စာ တဏှာရမ္မက် ငန်းငန်းတက်၍ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန် တရံမစဲ ဇာတ်ပွဲရုပ်ရှင်ပျော်ရွှင်လိုက်စား မိုက်မှားမိ သောကြောင့် **အပုညံဒုက္ခံဇနေတိ** ဟူသော ဥပဒေပုဒ်မအရ ဒုဂ္ဂတိရှာစားကရှေးဦးစွာ အရယူစေ၊ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် ဟူသော အပါယ်လေးဖြာ ဒုဂ္ဂတိရွာ၌ ချထားစေ....

ထို ဒုဂ္ဂတိရွာဂါမ၌ ဆင်းရဲခြင်း အမျိုးမျိုး ကိုယ် ခန္ဓာလွှမ်းမိုး၍ သိဉ္စိုဝ်း, ကာလသုတ်, သံဃာဋ, ရူဋ္ဌ ရောရုဝ, မဟာရောရုဝ, ရူဋ္ဌတာပန္ဓ, မဟာတာပန္ဓ, အဝိစိ တည်းဟူသော ဒုဂ္ဂတိရွာရပ် ငရဲကြီးရှစ်ထပ်၌ မပြတ်မလပ် မီးလျှံမစဲ တရှဲရှဲ တထိန်ထိန် တရှိန်ရှိန် ပူမူဖြင့်နေထိုင်စေ....

ငရဲအရပ်၌ မပြတ်မလပ် ဆင်းရဲဒုက္ခ ခံပြီးလျှင် လူ့ထံ လူ့ဘဝ အကယ်၍ ရလတ်သော် အ,ခြင်း ဆွံ့ခြင်း, နားပင်းခြင်း ရူးသွပ်ခြင်း ကျိုးပဲ့ခြင်း သိမ် ဖျင်းဥစ္စာ မွဲပြာငတ်တေ စာရေရှားပါး ဒွန်းစဏ္ဍား အမျိုးတို့၌ ဂရုစိုက် ကြိုးပမ်းပြီး အမှုထမ်းရွက်စေ....

ထိုမှတပ ကာယမန ဗောလသည် ပါပမိုက်ရိုင်း ထွက်ရပ်ဂိုဏ်းကို ကိုင်းရှိုင်းပူဇော် မသူတော်နှင့် ပေါင်းမိသောကြောင့် **နိရိယာ သကဂေဟ သဒိသာ** ဟူသော ဥပဒေပုဒ်မ အရ ငရဲရွာကို ကိုယ့်အိမ်ပမာ တာရှည်စွာ နေထိုင်၍ ဒုဂ္ဂတိရွာစားက ရှေးဦးစွာ ပိုင်စေ....

**ကုသလာဓမ္မာ** ဟူသော ဓမ္မသတ်အရ ဒါန, သီလ, ဘာဝနာ စသော **ကုသိုလ် ကမ္မပထတရား**

ဆယ်ပါးတို့ကို ကောင်းစွာ ပြုလုပ်သူ ဝေကန် အမှန် ဖြစ်သောကြောင့် ထိုဒုဂ္ဂတိရွာရပ်၌ အပြစ်အား လျော်စွာ ကုဋေကုဋာ မရေသာအောင် ကြိမ်ဖန် များစွာ ခံစားပြီးလျှင် **ပုညံ** **သုခံ ဇနေတိ** ဟူသော ဥပဒေပုဒ်မအရ လူ့ပြည် နတ်ရပ် မြင့်မြတ်သော **သုဂတိ**ရွာတွင် **အကြင်ကံ**နှင့် လျော်ညီစွာ သင့်မြတ် သော နေရာဌာန ချထား၍ နတ်သမီးကညာ နတ်ဝတ် တန်ဆာနှင့် နတ်သုဒ္ဓါ နတ်ဘောဇဉ်ကို အစဉ် ခံစား လျက် ကြီးမားမြင့်မြတ် စည်းစိမ်အပ်၍ သပ်ရပ် ငြိမ်းအေးစွာ နေထိုင်စေ....

အကယ်၍ သုဂတိရွာရပ်က နိဗ္ဗာန်မြတ်သို့ ချဉ်း ကပ်လိုလျှင် ရိပ်သာသို့ဝင် **ခေတ်ကမ္မဋ္ဌာန်း** ဆင်ခြင် ၍ တွင်တွင်အားထုတ် နောက်မဆုတ်ဘဲ ကျောက်ထု ရုပ်ပမာ ဝိပဿနာ အလုပ်ကို အားထုတ်ခဲ့သော် သုဂတိရွာစားကပင် **ရှစ်မဂ္ဂင်** ဖောင်ကူးတို့ဖြင့် နိဗ္ဗာန် သို့ ဆောင်ပို့စေ....

**ချွင်းချက်** သုဂတိရွာဂါမဌ် ကလျာဏမိတ္တ မရ၍ ဝိပဿာနာ အလုပ်ကို **အားမထုတ်သဖြင့် အနုသယ** အငုတ်ကို မခုတ်မရှင်းနိုင်ပါက လူ့ခရိုင် နတ်ခရိုင်

ပြဟ္မာခရိုင် အပါယ်ခရိုင်တို့၌ ဒုက္ခတွေ တလှိုင်လှိုင်နှင့် တမိုင်မိုင်ခံစား၍ တလှည့်စီနေထိုင်စေ....

အကယ်၍ ကလျာဏမိတ္တရ၍ ဝိပဿနာ ဓာတ် တရားကို ပွားများအားထုတ်သဖြင့် **အနုသယအငုတ်** ပြုတ်ခဲ့သော် ဣဒံ **ကမ္မံ ကမ္မက္ခယာယ သံဝတ္တတိ** ဟူ သော ဥပဒေ ပုဒ်မအရ ခန္ဓာဖြစ်စရာ ကံ အဟုန်ကုန် မှုကြောင့် ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ အရှင်မြတ် တို့လို ပရိနိဗ္ဗာန်သို့ ဝင်စံစေ....

ဒုဂ္ဂတိရှာစား သုဂတိရှာဃား မင်းနှစ်ပါးတို့ အငြင်းပွားနေစရာမလို၊ သူရကောင်းသည် ငါရ ကောင်းသည်ဟု မဆိုသာ၊ ဓမ္မတာထုံးတမ်းအရ ဤအမှု ပ, လပ်စေ....

သဗ္ဗေသတ္တာ ကမ္မဿကာ ကမ္မဒါယာဒါ ကမ္မ ယောနီ ကမ္မဗန္ဓူ ကမ္မပဋိဿရဏာ၊ ယံ ကမ္မံ ကရိ ဿန္တိ ကလျာဏံ ဝါ ပါပကံ ဝါ တဿ ဒါယာဒါ ဘဝိဿန္တိ-ဟူသော ဥပဒေ ပုဒ်မအရ ခပ်သိမ်းသတ္တဝါ ဝေနေယျာ **ကံ**တရားက စီမံသမျှ ကောင်းတာပြုက သုဂတိရ, မကောင်းတာပြုက ဒုဂ္ဂတိကျ, **ကံ** သာမူလ ပဓာန,**ကံ**သာဥစ္စာ **ကံ**မွေခံ၍ ဒုက္ခ သုခ **ကံ**ကြောင့်ရ,

**ကံ** သာညာတိ ကိုးကွယ်ရာရှိ၏ဟု မြတ်ဗုဒ္ဓါစောဘုရား၏ ဟောကြားဖေါ်ထုတ် အဘိဓမ္မာသုတ်အရ ကောက်နှုတ်ချ၍ ဆုံးဖြတ်လိုက်သည်။

ဤသို့ ကမ္မရာဇာ ခုံရုံးက ဥပဒေဖြတ်ထုံးဖြင့် အဆုံးအဖြတ် စာတမ်းကို နှစ်သက်ရှင်လန်း၍ တသက်တမ်း စကားမဖေါက်ဘဲ ကာယကံရှင် နှစ်ယောက်တို့က ဝမ်းမြောက်ရွှင်ပြုံး၍ အယူခံရုံးသို့ မတက်ဘဲ ဤတရားရပ်စဲစေ....

ကမ္မရာဇာ ခုံရုံးအမိန့်တော် × × ×

# ကျမ်းပြီး နိဂုံး

ဆွေးပွေ့ကြ ရန်ဘယာကင်းစေလို့၊ မွေးသေရ သံသရာရှင်း စေဘို့၊**ခန္ဓာဇာတ်** ခင်းလို့ပြီးပါပြီ၊မြန်မာဒြိပ်အတွင်းမှာ မချိုကဲ ထူးတဲ့၊ မြို့ပဲခူး **ဟံသာ** တိုက်တွင်၊ စံရာအလိုက် လေးယာပထ ဖြင့်၊ ရှေးအခါသမယ ကုသလအဟုန်ကြောင့်၊ လူ့ဘဝဘုံ တောင်သာနယ်၏၊ရောင်ဖြာကြွယ် နောက်ဌာနေတွင်၊ထောက် ခါမသွေ ကြီးသဒ္ဓါ ကောင်းသည့်၊ **သီး** ခရာနှောင်း **က** တချောင်းတပ်၍၊ န စောင်းသပ် ကြယ်ဝစ်နှစ်ဖြာဖြင့်၊ နွယ်စစ် အလာ မွေးဇာတိပါဘဲ၊ တွေးကာကြည့် ဥ သဝေတွင်၊ **ယ** နှစ် ထွေတင် **ဓမ္မ** ကပ်၍၊ အစသတ် လူ့ဝေါဟာ၏၊ ခုကောဇာ **စော်တြိ**တွင်၊နှစ်အရှိပင် **သုည**ရေး၍၊ ကြုံရ **ဒွေး နဝ** ကပ်လျက်၊ ခန္ဓာဇာတ် ကဗျာသွင်းပြီး၊ သဒ္ဓါခြင်း စိတ်စေတနာဖြင့်၊ **နိဗ်** ပြေအမတာ အခေါင်ကပ်ရအောင်၊ ဒီမလေ....ကလောင်ရပ်လို့ နားအုံးမယ် × × ×

သုခိတာ ဟောထ၊ ဒုက္ခာ မုစ္စထ။

**ခန္ဓာပူရ ပြဇာတ် ကျမ်းအလုံးစုံ ပြီးပြီ။**

ပထမအကြိမ် ရိုက်နှိပ်ခြင်း

အဘိုး ၂-ကျပ်